မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၁၆)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်　　၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ စနေနေ့။

ကျေးဇူးရှင်

✻ သစ်ပင်၏အရိပ်ကိုခိုဖူးလျှင် ထိုသစ်ပင်၏ သစ်ကိုင်းကို မချိုးဖွဲ့ရာ။
✻ သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင်စားသောက်ဖူး၏။ ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။
✻ ကျေးဇူးရှင်အားပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခရောက်တတ်၏။

(ဇာတကပါဠိ)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မွမ်ဘိုင်းမြို့တွင် ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်ဒို-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မွမ်ဘိုင်း ဇန်နဝါရီ ၂၃

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဘုံဘေစတော့အိတ်ချိန်းသို့ရောက်ရှိရာ ဘုံဘေစတော့အိတ်ချိန်း ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာအာရှိကူးမားဂျော့ဟန်က ခရီးဦးကြိုဆိုသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့သည် ဘုံဘေစတော့အိတ်ချိန်းဧည့်ခန်းမ၌ ဇန်နဝါရီ ၂၃ ရက်က စတော့အိတ်ချိန်းအား အမှတ်စဉ်ရေတွက်စတင်ပြီး အမှတ်စဉ် သုညအရောက်တွင် စတင်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ

စာမျက်နှာ ၈ ကော်လံ ၁ ●

ရန်ကုန်၌ လေထုညစ်ညမ်းမှု တိုင်းတာရေးစက်များ တပ်ဆင်မည်

သတင်း-ဝေယံဦး

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့ နေရာအနှံ့အပြားကားလမ်းများပေါ်၌ မီးခိုးများပျံ့လွင့်နေသည်။ ကားလမ်းအတိုင်း ပြည့်ကျပ်နေသော မော်တော်ယာဉ်များမှ ထွက်ရှိသောမီးခိုးများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသောမီးခိုးများက ရန်ကုန်မြို့လေထုကို ညစ်ညမ်းစေခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့၌ လေထုအရည်အသွေးကို တိုင်းတာရန် လိုအပ်နေပြီဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ JICA တို့ ပူးပေါင်းရေးဆွဲသည့်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သောလေထုအရည်အသွေး တိုင်းတာရေးစက်များ ထားရှိဆောင်ရွက်မှုကို လာမည့် ဖေဖော်ဝါရီလ၌ အကောင်အထည်ဖော်နိုင်ရေးကြိုးစားနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံ ကားတင်သွင်းမှု၏ ၈၀ရာခိုင်နှုန်းဖြစ်သော မော်တော်

စာမျက်နှာ ၈ ကော်လံ ၆ ❖

ကုန်သွယ်ရေးဆိုင်ရာကဏ္ဍများ မြှင့်တင်နိုင်ခြင်းကို ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများက ကြိုဆို

သတင်း-ခင်ရတနာ

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)က ကြိုဆိုအားပေးကြောင်း၊ ယခုထက်ပိုမိုကောင်းမွန်သော ကုန်သွယ် ရေးဆိုင်ရာမူဝါဒများနှင့် သဘောတရားများကို ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို အားရကျေနပ်ကြောင်း၊ ကုန်သွယ်ရေးလုပ်ငန်းရှင်များကို မူဝါဒနှင့်သဘောတရားများအား ပိုမိုကျယ်ပြန့်စွာအသိပေးရန်လိုအပ်ကြောင်း ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ယနေ့ပြုလုပ်သည့် ကုန်သွယ်ရေးမူဝါဒသုံးသပ်ချက်နောက်ဆက်တွဲ ဆွေးနွေးပွဲအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဒါရိုက်တာ Willy Alfaro က ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနခွဲများအပါအဝင် ဌာနပေါင်း ၄၉ခုခန့် စုပေါင်းကာ နိုင်ငံတော်အဆင့် သုံးသပ်ပြင်ဆင်ဖြည့်စွက်ထားသော အဆိုပါကုန်သွယ်ရေးမူဝါဒသုံးသပ်ချက် နောက်ဆက်တွဲများကို

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

နိုင်ငံတကာ

အကြမ်းဖက်သမားများနေအိမ် ဝိုင်းထားစဉ် ယီမင်သမ္မတ ရာထူးမှနုတ်ထွက်

စာမျက်နှာ ❖ ၄

ပြည်တွင်း

ရန်ကုန်-မော်လမြိုင် အမှတ် (၈၉)အဆန် အမြန်လူစီးရထားလမ်းချော်

စာမျက်နှာ ❖ ၆

ပြည်တွင်း

ဂျပန်နိုင်ငံမှလှူဒါန်းသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

စာမျက်နှာ ❖ ၁၉

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာနိုင်ငံနှင့် ဓာတုလက်နက်ပိတ်ပင်ရေးစာချုပ်

ဓာတုလက်နက်များသည် အဖျက်စွမ်းအားကြီးမားပြီး လူအများအပြားသေကျေစေနိုင်သဖြင့် ကမ္ဘာ့နိုင်ငံများက စာချုပ်တစ်ရပ်လက်မှတ်ရေးထိုးကာ တားဆီးပိတ်ပင်ထားပါသည်။ လက်ရှိတွင် စာချုပ်ကို လက်မှတ်ရေးထိုးထားပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၀ ရှိကြောင်း သိရပါသည်။ ဤစာချုပ်၏အဓိကရည်ရွယ်ချက်သည်ကား အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အစုလိုက်အပြုံလိုက် သေကျေပျက်စီးနိုင်သည့် လက်နက်များ လုံးဝချုပ်ငြိမ်းရေးအပါအဝင် အထွေထွေနှင့်လုံးဝလက်နက်ဖျက်သိမ်းရေးကို ဦးတည်ဆောင်ရွက်သွားရေးပင် ဖြစ်ပါသည်။

စာချုပ်ပါအချက်များအရ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဓာတုလက်နက်ကိုတပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ စုပုံခြင်း သို့မဟုတ် သိုလှောင်ခြင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သူ့ကိုမဆို အားပေးကူညီခြင်းမပြုလုပ်ရန် တားမြစ်ထားပါသည်။ မိမိပိုင်ဆိုင်ရန် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသည့် မိမိပိုင်နက်အတွင်း၌ရသည့် အခြားအဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်အတွင်းရှိ မိမိစွန့်ပစ်ထားသည့် ဓာတုလက်နက်များထုတ်လုပ်နိုင်စွမ်းရှိသည့် ပစ္စည်းများကိုဖျက်ဆီးပစ်ရန် တာဝန်ရှိပါသည်။ စစ်ပွဲအသွင်နှင့် အဓိကရုဏ်းနှိမ်နင်းရေး ဓာတုပစ္စည်းများကိုလည်း အသုံးမပြုရန်တားမြစ်ထားပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံအနေဖြင့်လည်း ဤအဖျက်စွမ်းအားကြီးမားသော ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့ဝင်အဖြစ် ပါဝင်ရေး လွှတ်တော်၌ဆွေးနွေးခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဂျီနီဗာ၌ စာချုပ်လက်ခံထိန်းသိမ်းရေး နိုင်ငံများဖြစ်သည့် အမေရိကန်၊ ဗြိတိန်နှင့်ရုရှားအစိုးရကိုယ်စားလှယ်များထံ အတည်ပြုစာချုပ်လွှာများကို ပေးအပ်ပြီးခဲ့ချိန်မှစကာ မြန်မာနိုင်ငံသည် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်း သိရပါသည်။

ယခုအချိန်အထိ ထိုစာချုပ်အဖွဲ့ဝင်ဖြစ်ရန် နိုင်ငံအချို့သာကျန်ရှိတော့ကြောင်း သိရသည်။ ကမ္ဘာ့အနှံ့ကြေညာထားသည့် ဓာတုလက်နက်အမျိုးမျိုး မက်ထရစ်တန်ချိန် စုစုပေါင်း ၇၂၅၂၄ တန်၏ ၈၄ ဒသမ ၉၅ ရာခိုင်နှုန်းသော ဓာတုလက်နက်အမျိုးမျိုးကို ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ဓာတုလက်နက်တားဆီးပိတ်ပင်ရေး စာချုပ်ဆိုင်ရာအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုရလဒ်ကောင်းများ ထွက်ပေါ်လာလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာနိုင်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းတို့နှင့် ဓာတုလက်နက်ဘေးအန္တရာယ်မှ ကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ကို ပြသရာရောက်စေပါသည်။ ဓာတုလက်နက်တားဆီးပိတ်ပင်ရေး စာချုပ်သို့ ဝင်ရောက်ခြင်းသည် မြန်မာနိုင်ငံအတွက် အဘက်ဘက်မှ အကျိုးရှိလိမ့်မည်ဟု ပညာရှင်များက သုံးသပ်ထားပါသည်။ မြန်မာနိုင်ငံ၏ ဓာတုစက်မှုလုပ်ငန်းများသည်လည်း ဥပဒေနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် နိုင်ငံတကာအသိုက်အဝန်းက လေးစားထိုက်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးအတွက် တာဝန်သိသိရပ်တည်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပိုမိုရပ်တည်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

လျှပ်စစ်စွမ်းအားကဏ္ဍတွင် တရုတ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည့် တရုတ်-မြန်မာ လျှပ်စစ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ဆိုင်ရာ ပထမအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်ရေးအတွက် ထုတ်လုပ်ရေး၊ သယ်ပို့ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းသုံးခုစလုံးကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ သဘာဝ အရင်းအမြစ်များအပေါ် အခြေခံပြီး ထုတ်လုပ်ရန်နှင့် နိုင်ငံအတွင်း သုံးစွဲနိုင်ရေးဦးစားပေးထုတ်လုပ်ပြီး ပိုလျှံသည့်လျှပ်စစ်ဓာတ်အားကို နိုင်ငံခြားငွေရရှိရေး ပို့ကုန်အဖြစ် ထုတ်လုပ်ရောင်းချရန် ဆိုသည့်အချက်ကို အမျိုးသားစွမ်းအင်မူဝါဒ (National Energy Policy) တွင် ဖော်ပြထားကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးပိုင်း လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းနှင့် မဟာဓာတ်အားလိုင်းကြီးများ ရင်းနှီးမြှုပ်နှံမှုကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် စီမံကိန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းသုံးစွဲမှု လုံလောက်စေရေးကို အဓိကဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာလျူချီက အမှာစကားပြောကြားပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တရုတ်-မြန်မာ လျှပ်စစ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်သည် နှစ်နိုင်ငံပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများအား သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားဘဝ သက်ရောက်မှုအနည်းဆုံးဖြင့် ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ကျေးလက်တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီးစီး

စဉ့်ကူး ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့်တည်ဆောက်ခဲ့သော မင်းရွာအုပ်စု ထန်းကိုးပင်ကျေးရွာတွင် ကျေးလက်တန်ဖိုးနည်း အိမ်ရာ ငါးလုံးနှင့် ရွှေဒုံးကျေးရွာတွင်ခြောက်လုံး စုစုပေါင်းငွေကျပ်သိန်း ၃၃၀ တန်ဖိုးရှိ အိမ်ရာ ၁၁လုံး ဇန်နဝါရီ ၂၀ ရက်က ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ အိမ်ပိုင်ရှင်များထံ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

(၄၃၃)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဆက်သွယ်ရေးကဏ္ဍ အဆင့်မြှင့်တင်မည်

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်သူများအား ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုများပေးနိုင်ရန် ဂျပန်ချေးငွေရယူကာ ဆက်သွယ်ရေးကဏ္ဍများအဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မြန်မာ့ဆက်သွယ်ရေး ကဏ္ဍအဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားနိုင်ဖို့ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဂျပန်ယန်း ၁၀ ဒသမ ၅၀၀ ဘီလီယံ ချေးယူသွားနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုချေးငွေရယူပြီး ဆောင်ရွက်လာနိုင်တာနဲ့အမျှ ဖိုင်ဘာဆက်ကြောင်းတွေ ပိုကောင်းလာမှာဖြစ်တဲ့အပြင် နိုင်ငံတကာသို့ ဆက်သွယ်ရေးမှာလည်း ပိုပြီးအဆင်ပြေချောမွေ့လာမှာဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

အဆိုပါ ဂျပန်ချေးငွေအဖြစ် ရန်ကုန်-နေပြည်တော်- မန္တလေး ပင်မဖိုင်ဘာ ဆက်ကြောင်းအတွက် စက်ပစ္စည်းများတိုးမြှင့်တပ်ဆင်ခြင်း၊ ရန်ကုန်မြို့တွင်း ဖိုင်ဘာဆက်ကြောင်းတည်ဆောက်ခြင်း၊ ရန်ကုန်မြို့တွင်း Metro Fiber စက်ပစ္စည်း တပ်ဆင်ခြင်း၊ နိုင်ငံတကာသို့ဆက်သွယ်သည့် National Gateway အဆင့်မြှင့်တင်ခြင်း၊ အင်တာနက်စနစ်ကိုလက်ရှိ IPv4 မှ IPv6 အထိ အဆင့်မြှင့်တင်ခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းတို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကြိုးဖုန်းနှင့်ဖက်စ်၊ အထူးလုံခြုံမှုလိုအပ်သောဘဏ် Network နှင့် အထူးစီးပွားရေး ဇုန်လုပ်ငန်းများ၊ အင်တာနက်နှင့်သက်ဆိုင်သော လုံခြုံရေး၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ITU/APNIC တို့နှင့် ဆက်သွယ်ပြီး စံသတ်မှတ်ချက်များကို နိုင်ငံတော်ကသာဆောင်ရွက်ရမည်ဖြစ်၍ အဆိုပါဂျပန်ချေးငွေသည် ဆက်သွယ်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် အလွန်အရေးကြီးကြောင်း သိရသည်။

ကြံတိုင်းအောင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၆၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၇၇၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၅၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၆၉၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၈-၁၀၃၂
ဥရောပ	တစ်ယူရို	၁၁၈၁-၁၁၉၉
စင်ကာပူ	တစ်ဒေါ်လာ	၇၆၇-၇၇၉
ထိုင်း	တစ်ဘတ်	၃၀-၃၀.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၃၈
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၅-၃၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၅၀-၂၀၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၅၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၅၅၀-၇၅၀
ရေတိုရည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၇၀၀
ရေတိုပွ (စိမ်းစား)	တစ်ပိဿာ	၄၈၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

❒ *ကျောဖုံးမှ*

ကျေးရွာပေါင်း ၁၇၀ ရွာမှ အသင်းသားအသစ် ၆၅၀၀၀ကျော်အတွက် ငွေကျပ်သန်းပေါင်း ၆၅၆၀ သန်းကျော်ကို ထုတ်ချေးပေးမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်သူများအနေဖြင့် မိမိတို့လုပ်ငန်းများကို ပိုမိုရင်းနှီးလုပ်ကိုင်နိုင်စေရန်အတွက် ချေးငွေရရှိပြီးဖြစ်သည့် ကျေးရွာ ၂၁၆၉ ရွာမှ သတ်မှတ်ချက်နှင့် ညီညွတ်သော အသင်းသားဟောင်း ၆၉၄၀၀ ကျော်ကိုလည်း တိုးမြှင့်ချေးငွေကျပ် သန်း ၁၁၁၄၀ ကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူများအဆိုပြုထားသည့် ငွေကျပ်သန်းပေါင်း ၁၁၅၉၅ သန်းကျော်တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၃၈ စီး၊ ထွန်စက်အမျိုးမျိုး ၄၂၃ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၃၉ စီးတို့ကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်းနှင့် သမဝါယမဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက “သမဝါယမအစ မြင်းမူက” ဆိုသကဲ့သို့ သမဝါယမစနစ်သည် ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ငွေစုငွေချေး သမဝါယမအသင်းက အစပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ သမဝါယမအသင်းပေါင်း ၅၁၆၃ သင်းဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး၊ လူနေမှုဘဝမြင့်မားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် သမဝါယမလုပ်ငန်းများဖြင့် တိုင်းပြည်စီးပွားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမှန်တကယ် အထောက်အကူပြုလာစေမည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနား၏ ရည်ရွယ်ချက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်(၈) ရပ်တွင်ပါဝင်သည့် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ဆင်းရဲနွမ်းပါးသူများအား လက်တွေ့အထောက်အကူပြုနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းလည်းဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနက လယ်ယာသုံးစက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းကြောင့် ကျေးလက်နေတောင်သူလယ်သမားများအနေဖြင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စိုက်စရိတ်သက်သာခြင်းနှင့် လုပ်အားသက်သာခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားရပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအပြင် ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးလုပ်ငန်းများလည်း အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးခြင်း၊ ကြိတ်ခွဲခြင်း၊ ဈေးကွက်သို့ ရောင်းချခြင်းအဆင့်ထိ Supply chain တစ်ခုလုံးကို အချိတ်အဆက်မိမိဆောင်ရွက်နိုင်ရန် တစ်ဦးတစ်ယောက်၏အားထက် ပိုမိုဆောင်ရွက်နိုင်မည့် သမဝါယမအသင်းများဖွဲ့စည်းပြီး အဖွဲ့အစည်းအားနှင့် ဆောင်ရွက်သွားမည်ဆိုပါက ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ သမဝါယမ အသင်းများအနေဖြင့်လည်း တောင်သူလယ်သမားများကို စိုက်ပျိုးထုတ်လုပ်ရေးအတွက် ငွေထုတ်ချေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများရောင်းချပေးခြင်းအပြင် ကြိတ်ခွဲရောင်းချနိုင်သည့် အဆင့်ရောက်အောင် စီမံဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊ စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံရေမြေသဘာဝနှင့် ကိုက်ညီသည့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်မှသာ ထိရောက်နိုင်မည်ဟု တောင်သူလယ်သမားများက လက်ခံယုံကြည်ထားပါကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို သုံးစွဲလိုကြသည့်အသင်းသားတောင်သူလယ်သမားများအတွက်လည်း တန်ဖိုးကြီးမားသည့် လယ်ယာသုံးစက်ကိရိယာများကို လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူနိုင်သည့်အခွင့်အလမ်းနည်းပါးခြင်းကြောင့် သမဝါယမဝန်ကြီးဌာနက ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co., Ltd. ထံမှ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

ယခုရောင်းချပေးမည့် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုပြီး လယ်ယာကဏ္ဍကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရတာဝန်ယူခဲ့သည့်ကာလအတွင်း ပြည်သူများ၏လိုအင်ဆန္ဒကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများအား တတိယလှိုင်း (Third Wave) အထိ အဆင့်ဆင့်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို စီမံချက်များရေးဆွဲကာ တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သမဝါယမစနစ်သည် အသင်းသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးရသည့် စနစ်ကိုရွေးချယ်ပြီး ဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် သမဝါယမအသင်းသားများ တိုးပွားအောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအပေါ် မှီခိုအားထားနေရခြင်းမျိုးမရှိတော့ဘဲ မိမိတို့၏ စုဆောင်းငွေအရင်းအနှီးဖြင့် ကိုယ်ပိုင်စက်ကိရိယာများနှင့် တစ်ပိုင်တစ်နိုင်ရပ်တည်နိုင်ပြီး မိမိအကျိုးသာမက အများအကျိုးနှင့် နိုင်ငံအကျိုးကိုလည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အတိတ်ကာလက မြန်မာ့သမဝါယမ၏ ကောင်းမွေ၊ ဆိုးမွေများကို သင်ခန်းစာရယူပြီး မိမိတို့လက်ထက်တွင် အခြေခံလူတန်းစားများဘဝ မြင့်တက်စေလာရန်၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းသွားစေရန်၊ နိုင်ငံစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းနေသည့်နိုင်ငံများကို စံနမူနာယူပြီး မိမိတို့နိုင်ငံတွင်လည်း အောင်မြင်ဖြစ်ထွန်းအောင် ရိုးရိုးသားသားကြိုးကြိုးစားစားဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ခရိုင်အလိုက် အသေးစားချေးငွေများကိုပေးအပ်ပြီး ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အရစ်ကျစနစ်ဖြင့် ပံ့ပိုးရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားများကိုယ်စား တန့်ဆည်မြို့နယ်မှ သမဝါယမအသင်းသား ဦးမြင့်ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းပေါင်း ၃၄၅၀ မှ အသင်းသားများသို့ သမဝါယမအသေးစားအရင်းအနှီးချေးငွေ ကျပ်သန်း ၂၃၈၅၂ ဒသမ ၉၁၇၉ သန်း ထုတ်ချေးပေးခဲ့ပြီး ထွန်စက်ကြီး ၅၈၆ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၅၉ စီး၊ လက်တွန်းထွန်စက် ၅၃၄ စီး၊ ထော်လာဂျီ ၂၉၄ စီး၊ အင်ဂျင် ၆၈ လုံး၊ မြေမှုန့်စက် ၂၆ လုံး၊ ထွန်/ ထယ် ၁၀၇ စုံ၊ အခြားလယ်ယာသုံးစက်၊ ကိရိယာ ၁၁၅ မျိုး၊ လယ်ယာသုံးစက်ကိရိယာ ရှစ်မျိုးအပါအဝင် စုစုပေါင်း ၁၇၈၉ ခု၊ မော်တော်ဆိုင်ကယ် ၅၂၆၈ စီး၊ သုံးဘီးဆိုင်ကယ် ၈၃ စီး၊ အပ်ချုပ်စက် ၃၈၃၊ အခြားရှစ်ခု၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုးအပါအဝင် စုစုပေါင်းအရေအတွက် ၅၇၄၂ ခုကို အရစ်ကျချေးငွေဖြင့် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သမဝါယမဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနများ၊ သမဝါယမအသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းပြခန်းများ၊ သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မုံရွာမြို့ ဗောဓိတစ်ထောင်လေးကျွန်းစကြာရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးသို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရပ်တော်မူရုပ်ပွားတော်မြတ်တို့အား ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းကာ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗောဓိတစ်ထောင်ကျောင်းဆရာတော် ဘဒ္ဒန္တ သောဘိတ အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညွန့်ထွန်း သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျေးလက်နေတောင်သူလယ်သမားများအနေဖြင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စိုက်စရိတ်သက်သာခြင်းနှင့် လုပ်အားသက်သာခြင်းစသည့် အကျိုးကျေးဇူးများကိုခံစားရပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအပြင် ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးလုပ်ငန်းများလည်း အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်

အတိတ်ကာလက မြန်မာ့သမဝါယမ၏ကောင်းမွေ၊ ဆိုးမွေများကို သင်ခန်းစာရယူပြီး မိမိတို့လက်ထက်တွင် အခြေခံလူတန်းစားများဘဝ မြင့်တက်စေလာရန်၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းသွားစေရန်၊ နိုင်ငံစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်။

◆ *ကျောဖုံးမှ*

တမူးနယ်စပ်ဂိတ်၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူး ဦးစီးဌာနရုံးကို ဖွင့်လှစ်ထားပြီဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ယာဉ်ဖြတ်သန်းသွားလာရာတွင် ယာဉ်ကြံ့ခိုင်ရေးနှင့် ယာဉ်မှတ်ပုံတင် စိစစ်ခြင်းလုပ်ငန်းများလုပ်ဆောင်သွားမည်ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေးက ပြောသည်။

နယ်စပ်ဗီဇာထုတ်ပေးရေးကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံအနေဖြင့် ခွင့်ပြုချက်အမိန့်ရလျှင် လုပ်ငန်းစတင်ဆောင်ရွက်သွားမည်ဟု မဏိပူရ်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မကြာသေးမီက ပြောသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဘတ်စ်ကားလိုင်းပြေးဆွဲရာတွင် ခရီးသည်များအတွက် ၂၈ ရက်အတွင်း နေထိုင်ခွင့်ရှိသည့် ပြည်ဝင်ခွင့်ဗီဇာ (single-entry visa) ကို နှစ်ဖက်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အရာရှိက ထုတ်ပေးဆောင်ရွက်ရန်ရှိပြီး ကားလက်မှတ်ထုတ်ပေးရေးကို နှစ်ဖက်နိုင်ငံသားများတွင်သာ valid traval document ဖြင့် ဆောင်ရွက်ပေးသွားမည်ဟု နှစ်နိုင်ငံသဘောတူညီချက်တစ်ခုအရ သိရသည်။

နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းသွားလာရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် အင်ဖာမြို့မှ နယ်စပ်ဂိတ်ကိုဖြတ်သန်းပြီး မြန်မာနိုင်ငံသို့ လာရောက်လိုသူများကို မန္တလေးမြို့အထိ လည်ပတ်ခွင့်ပြုခဲ့ပြီဖြစ်ရာ အဆိုပါဂိတ်မှတစ်ဆင့် ပြန်လည်ထွက်ခွာနိုင်ရေးလည်း ဆက်လက်ဆောင်ရွက်သွားမည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသဖြတ်သန်းခွင့် သဘောတူစာချုပ်အရ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (သို့) ခိုင်လုံသည့် နိုင်ငံကူးလက်မှတ်များဖြင့် တရားဝင်/ ထွက်သွားလာနိုင်မည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသားများအတွက် ဗီဇာကြေး အမေရိကန်ဒေါ်လာ ၆၀နှုန်းဖြင့် နိုင်ငံတကာလေဆိပ်ရှစ်ခုတို့တွင် ဆောင်ရွက်လျက်ရှိရာ တစ်ကြိမ်တွင် အများဆုံးရက်ပေါင်း ၃၀ အတွင်းလည်ပတ်သွားလာခွင့်ပြုခဲ့သည်။

ယခု မိုရေး-တမူး နယ်စပ်ဂိတ်၌ အပြန်အလှန်ဗီဇာဆောင်ရွက်ရေးကိစ္စအပေ နှစ်နိုင်ငံသက်ဆိုင်ရာအာဏာပိုင်အဖွဲ့တို့က ညှိနှိုင်းဆောင်ရွက်နေမှု ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဝင်/ထွက်ပေါက်များ၌ ဗီဇာလုပ်ငန်းကိစ္စနှင့်စပ်လျဉ်း၍ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်များအပြင် နိုင်ငံကူးလက်မှတ်နှင့်ဗီဇာ (Passport / Visa) သက်တမ်းရှိသူ နိုင်ငံခြားသားခရီးသည်များအတွက် အဆိုပါနယ်စပ်ပေါက်များမှ ဝင်ရောက်လိုပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ ဝင်/ ထွက်မှုပြုခဲ့ပြီးဖြစ်သည်။

လက်ရှိကျင့်သုံးနေသော အီးဗီဇာစနစ်ကိုလည်း နယ်စပ်ပေါက်များတွင် ထပ်မံတိုးချဲ့နိုင်ရေး အစီအစဉ်ဆောင်ရွက်လျက်ရှိရာ လာမည့်ပွင့်လင်းရာသီမှ စတင်အကောင်အထည်ဖော်နိုင်ရေး လျာထားစီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာသတင်း

ဆော်ဒီဘုရင် အဗ္ဗဒူလာဇစ်ကွယ်လွန်၍ အိမ်ရှေ့မင်းသားထီးနန်းဆက်ခံ

ရီယာ့ဒ် ဇန်နဝါရီ ၂၃

ဆော်ဒီဘုရင် အဗ္ဗဒူလာဘင် အဗ္ဗဒူလာဇစ် ကွယ်လွန်အနိစ္စရောက်ရှိသွားပြီဖြစ်ကြောင်း တော်ဝင်တာဝန်ရှိသူများက ကြေညာလိုက်သည်။

ဘုရင်အဗ္ဗဒူလာသည် အသက် ၉၀ နှစ်ခန့်ရှိပြီး အဆုတ်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှု ခံယူပြီး သီတင်းပတ်များအကြာ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ညီအစ်ကိုဝမ်းကွဲဖြစ်သူ အသက် ၇၉ နှစ်အရွယ်ရှိ ဆဲလ်မန်းသည် ဘုရင်ဖြစ်လာကြောင်း သောကြာနေ့ အစောပိုင်းကြေညာချက်တွင် ဖော်ပြသည်။ အဗ္ဗဒူလာသည် ၂၀၀၅ ခုနှစ်မှစတင်ကာ ထီးနန်းစိုးစံခဲ့သည်။ သို့သော်လည်း လွန်ခဲ့သည့်နှစ်များအတွင်း နာမကျန်းမှုများ မကြာခဏဖြစ်ပွားခံစားနေရသည်။

ကွယ်လွန်သူဘုရင်အဗ္ဗဒူလာ၏ ညီအစ်ကိုဝမ်းကွဲဖြစ်သူ မူရင်သည် အသက် ၆၀ ကျော် ရှိနေပြီဖြစ်ပြီး ၎င်းသည် အိမ်ရှေ့မင်းသားဖြစ်လာခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ဘုရင်ဆဲလ်မန်းက တော်ဝင်မိသားစုကောင်စီသို့ မူရင်အား ၎င်း၏အရိုက်အရာကို ဆက်ခံမည့်အိမ်ရှေ့မင်းသား ရာထူးခန့်ထားပေးရန် တိုက်တွန်းခဲ့သည်ဟု ဆိုသည်။ ဆော်ဒီအာရေဗျဘုရင်ကွယ်လွန်ခြင်းအတွက် ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြောင်း သိရသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံတင်ပို့မှုနှင့် ထုတ်လုပ်မှုအများဆုံးနိုင်ငံဖြစ်သည်။ **(ဘီဘီစီ)**

သူပုန်များ နေအိမ်ကိုဝိုင်းထားစဉ် ယီမင်သမ္မတ ရာထူးမှနုတ်ထွက်

ဆာနား ဇန်နဝါရီ ၂၃

ယီမင်မြို့တော် ဆာနားကို ရှီးယိုက်ဟိုသီ သူပုန်သမားများက ထိန်းချုပ်လိုက်ချိန်တွင် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိပြီး ယီမင်သမ္မတက ၎င်း၏ဝန်ကြီးချုပ်နှင့်အတူ ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

ဟိုသီသူပုန်များက ငြိမ်းချမ်းရေးသဘောတူညီမှုပျက်ပြားခဲ့ပြီးနောက် ဆက်လက်တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်တော့ကြောင်း သမ္မတအက်ဒရာဘွတ် မန်ဆာဟာဒီက ပြောသည်။ သို့ရာတွင် ပါလီမန်က အဆိုပါနုတ်ထွက်လွှာများကို လက်ခံရန် ငြင်းဆိုထားသည်။

ယီမင်ထောက်လှမ်းရေးအကြီးအကဲ အလီဟက်ဆန်အယ်လ်အာမက်ဒီလည်း ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်များက ဘီဘီစီသို့ ပြောခဲ့သည်။ သမ္မတ ဟာဒီနေထိုင်ရာ အဆောက်အဦဘက် ဆိပ်ကမ်းမြို့၌ ပေါက်ကွဲသံများကြားရသည်ဟု သတင်းများက ဆိုသည်။

ဟိုသီသူပုန်များက အာဏာရကောင်စီတစ်ရပ်ဖွဲ့စည်းရန် တင်ပြမှုနှင့်အတူ သမ္မတနုတ်ထွက်မှုအပေါ် ကြိုဆိုလိုက်သည်။ ယင်းကောင်စီတွင် ဟိုသီဦးဆောင်သော အုပ်စုများပါဝင်မည်ဟု ဆိုသည်။ ဟိုသီအကြမ်းဖက်သမားများသည် သမ္မတအိမ်တော်အနီးမှ တပ်ဖွဲ့ဝင်များ ဆုတ်ခွာရန် ယခင်က ကတိပြုပြောဆိုခဲ့သည်။

ယီမင်အစိုးရနှင့် သမ္မတနုတ်ထွက်မှုသည် နိုင်ငံတည်ငြိမ်ရေးအတွက် အခြေအနေပိုမိုဆိုးရွားသွားနိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။ သူပုန်များက သမ္မတအိမ်တော်ကို ရက်အတန်ကြာဝိုင်းထားပြီးနောက် သမ္မတရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

အငြင်းပွားဖွယ်ရာ ဆန်စပါးထောက်ပံ့ကြေးကိစ္စ ဝန်ကြီးချုပ်ဟောင်း ရင်လပ်စွပ်စွဲပြစ်တင်ခံရ

ဘန်ကောက် ဇန်နဝါရီ ၂၃

ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လပ်ရှင်နာဝပ်အား အမျိုးသားဥပဒေပြုညီလာခံက အငြင်းပွားမှုများဖြစ်စေခဲ့သည့် ဆန်စပါးထောက်ပံ့ကြေးစီမံချက်တွင် တာဝန်ပျက်ကွက်သည်ဆိုကာ သောကြာနေ့က စွပ်စွဲပြစ်တင်လိုက်သည်။

ထောက်ခံမဲ ၁၉၀၊ ကန့်ကွက်မဲ ၁၈ မဲ၊ ကြားနေမဲရှစ်မဲတို့ဖြင့် အတည်ပြုဆုံးဖြတ်လိုက်ပြီးနောက်တွင် ရင်လပ်(အသက် ၄၇ နှစ်)အား ငါးနှစ်တာနိုင်ငံရေးလှုပ်ရှားခွင့်ပိတ်ပင်လိုက်သည်။ ရှေ့နေချုပ်ရုံး (OAG) က တစ်လတာအတွင်း ဗဟိုတရားရုံးတွင် စစ်ဆေးရမည့်နိုင်ငံရေးပြစ်မှုများတွင် အဦးဆုံးသောအမှုဖြစ်လိမ့်မည်ဟု ပြောဆိုခဲ့သည်။ ပြစ်မှုထင်ရှားခဲ့လျှင် ရင်လပ်အနေဖြင့် အများဆုံးထောင်ဒဏ် ၁၀ နှစ်ကျခံရဖွယ်ရာရှိသည်။ **(ဆင်ဟွာ)**

တောင်ကိုရီးယားသမ္မတ ဝန်ကြီးချုပ်သစ် ရွေးချယ်

ဆိုး(လ်) ဇန်နဝါရီ ၂၃

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးသည် ဆေနူရီပါတီ၏ခေါင်းဆောင် လီဝမ်ကူးကို ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခဲ့ကြောင်း သမ္မတရုံးကပြောကြားခဲ့သည်။

ဧပြီလလယ်အတွင်း ကူးတို့ယာဉ်တိမ်းမှောက်မှုကြောင့် လူ ၃၀၀ သေဆုံးခဲ့ခြင်းတွင် တာဝန်ရှိသည်ဟုယူဆသည့်အတွက် လွန်ခဲ့သောနှစ်က နုတ်ထွက်ခွင့်တောင်းဆိုခဲ့သော ဝန်ကြီးချုပ် ချွန်ဟွန်ဝန်၏နေရာတွင် မစ္စတာလီကို အဆိုပြုထားခြင်းဖြစ်သည်။

သမ္မတရုံးမှ သတင်းထုတ်ပြန်ရေးအကြီးအကဲ ယွန်ဒူးဟွမ်က မစ္စပတ်သည် မစ္စတာချွန် ရာထူးမှနုတ်ထွက်ခြင်းကို လက်ခံခဲ့ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

အသက် ၆၄ နှစ်အရွယ်ရှိ မစ္စတာလီသည် ပါလီမန်၏ အတည်ပြုချက်ကို ရရှိရန် လိုအပ်သည်။ ဝန်ကြီးချုပ်နေရာအတွက် အဆိုပြုခြင်းခံထားရသူကိုယ်စားလှယ်လောင်းနှစ်ဦးသည် ပုဂ္ဂိုလ်ရေးရာပြဿနာများကြောင့် နုတ်ထွက်သွားပြီးနောက် ယခုအကြိမ်သည် ဝန်ကြီးချုပ်ခန့်အပ်ရန် သမ္မတပတ်၏ တတိယအကြိမ်မြောက် ကြိုးပမ်းခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

လူအုပ်ပြိုသေဆုံးမှုအတွက် တာဝန်ရှိသူများက လျော်ကြေးပေး

ရှန်ဟိုင်း ဇန်နဝါရီ ၂၃

နှစ်သစ်ကူး အခါသမယတွင် ရှန်ဟိုင်းမြို့၌ အချင်းချင်းတက်နင်းမိ၍ သေဆုံးသူ ၃၆ ဦး၏ မိသားစုဝင်များအား လျော်ကြေးအဖြစ် ယွမ် ၈၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၉၀၀၀) စီပေးအပ်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။ လူအုပ်ပြိုမှုသည် နှစ်သစ်ကူးညပိုင်းက လူအများအပြားစုဝေးရာနေရာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး တာဝန်ရှိသူလေးဦးကို အလုပ်မှနုတ်ထွက်စေခဲ့သည်။

၎င်းဖြစ်ရပ်ကြောင့် ဒဏ်ရာရသူ ၄၉ ဦးကိုလည်း ၎င်းတို့၏ ဒဏ်ရာရရှိမှုပေါ်မူတည်၍ လျော်ကြေးပေးမည်ဖြစ်ကြောင်း အာဏာပိုင်များက ကြေညာခဲ့သည်ဟု ဟွမ်ပူခရိုင်ဝက်ဘ်ဆိုက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။ **(ဘီဘီစီ)**

၂၀၂၃ တွင် မိုင်းတွင်းလုပ်ငန်းများ၌ ဂျပန်က ရင်းနှီးမြှုပ်နှံရန် ချီလီမျှော်လင့်

ဆန်တီရာဂို ဇန်နဝါရီ ၂၃

၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံအနက် အချို့ကို ရင်းနှီးမြှုပ်နှံရန် ချီလီနိုင်ငံပိုင် ကြေးနီထုတ်လုပ်သော ကုမ္ပဏီဖြစ်သည့် ကိုချီကိုက မျှော်လင့်ထားကြောင်း ဒုတိယဥက္ကဋ္ဌ ဆာဂျီယို ဟာနန်ဒက်ဇ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ချီလီနိုင်ငံက ဂျပန်သတ္တုတူးဖော်ရေးကုမ္ပဏီများကို ရေရှည်ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အာမခံချက် များစွာပေးထားသည့်အတွက် ဂျပန်သတ္တုတူးဖော်ရေးကုမ္ပဏီများသည် ချီလီနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်များစွာ စိတ်ဝင်စားလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ၂၀၁၄ မှ ၂၀၂၃ ကြားတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများ၌ ၁၀ဒသမ ၇ဘီလီယံ ဒေါ်လာနီးပါး ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၀ ရာခိုင်နှုန်းကို ချီလီနိုင်ငံရှိ မိုင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် မျှော်လင့်ကြောင်း ဟာနန်ဒက်က ပြောသည်။

ချီလီနိုင်ငံမှ တာဝန်ရှိသူများသည် ချီလီနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေနှင့် မိုင်းတွင်း၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တရားဝင် မူဘောင်များကို စိတ်ဝင်စားသည့် ကုမ္ပဏီများနှင့် ဂျပန်နိုင်ငံ၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ချီလီနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ကြေးနီထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ကြေးနီသည် နိုင်ငံ၏အဓိကပို့ကုန်ဖြစ်သည်။ အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ ကြေးနီမိုင်းတွင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ **(ဆင်ဟွာ)**

အိုက်အက်စ်အရေးတွင် မဟာမိတ်များ၏ကြိုးစားမှုကို ဂျွန်ကယ်ရီချီးကျူး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

ဆီးရီးယားနှင့် အီရတ်ရှိမဟာမိတ် လေကြောင်းတိုက်ခိုက်မှုများသည် အစ္စလာမ္မစ်နိုင်ငံ ဂျီဟတ်ဒ်အုပ်စု၏လှုပ်ရှားမှုကို ရပ်တန့်စေခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောခဲ့သည်။

လန်ဒန်တွင် ပြုလုပ်ခဲ့သော မဟာမိတ်၂၁ နိုင်ငံနှင့် ဆွေးနွေးပွဲတွင် ဩဂုတ်လ တိုက်ခိုက်မှုစတင်ချိန်ကတည်းက ခေါင်းဆောင်ထက်ဝက်ကျော်သေဆုံးခဲ့ကြောင်း မစ္စတာကယ်ရီက ပြောခဲ့သည်။

မဟာမိတ်တပ်ဖွဲ့များသည် အိုင်အက်စ်များကို ဆက်လက်တိုက်ခိုက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးကပြောခဲ့သည်။

သို့သော် အီရတ်ဝန်ကြီးချုပ်က ရေနံဈေးကျဆင်းမှုသည် အီရတ်တိုက်ခိုက်မှု စွမ်းဆောင်ရည်ကို ထိခိုက်နိုင်ကြောင်း သတိပေးခဲ့သည်။

အီရတ်ဝန်ကြီးချုပ်သည် မဟာမိတ်တပ်ဖွဲ့များက ၎င်း၏တပ်ဖွဲ့များကို လေ့ကျင့်ပေးမှုနှင့်ပတ်သက်ပြီး ကျေးဇူးတင်ခဲ့သော်လည်း စစ်လက်နက်ထောက်ပံ့မှုပိုမိုလိုအပ်ကြောင်း ပြောခဲ့သည်။

မကြာသေးမီက ပြင်သစ်တွင် အစ္စလာမ္မစ် စစ်သွေးကြွများ၏ တိုက်ခိုက်မှုသည် အစိုးရကိုကြီးမားသော နိုင်ငံရေးဖိအားပေးခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းထောက်တစ်ဦးက ဆိုသည်။

ပင်လယ်ကွေ့ မဟာမိတ်များဖြစ်သော ဘာရိန်း၊ အီဂျစ်၊ ဂျော်ဒန်၊ ကူဝိတ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ တူရကီနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုစသည့်နိုင်ငံများလည်း ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရာတွင် ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူး တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ရွေးကောက်ပွဲ အရာရှိများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် အထွေထွေ ရွေးကောက်ပွဲကို ယခုနှစ်အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားရန် သတ်မှတ် ကြေညာထားကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်လေးဆင့်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေနှင့် Onlineမှ ကြည့်ရှုနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် Voter Training နှင့် Voter Education လုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ Voter Education ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများ၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်း (CSO) များနှင့် မီဒီယာများကို လေ့ကျင့်ပညာပေးသွားမည်ဖြစ်ပါကြောင်း၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်စေရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံဝန်ထမ်းများ၊ သက်ဆိုင်ရာ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများအနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကိုသိရှိပြီး ဥပဒေနှင့်အညီ တိတိကျကျလိုက်နာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပဒေကို သိရှိမှသာ အမှားအမှန်ကိုသိရှိပြီး Check & Blance လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ အခန်း (၁၃) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များကို ဖောက်ဖျက်ကျူးလွန်၍ တိုင်ကြားလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနှင့် တည်ဆဲဥပဒေများနှင့်အညီ တိတိကျကျဆောင်ရွက်သွားရန်လိုကြောင်း၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများမှလည်း တိုင်ကြားချက်များကိုသိရှိနိုင်ရန် ညှိနှိုင်းထားရန်လိုပြီး ဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ ကော်မရှင်သို့ အသိပေးတင်ပြရန်လိုကြောင်း။

မဲဆန္ဒရှင် ပညာပေးခြင်း (Voter Education) ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပေးကြေညာချက်များ၊ အမေးအဖြေကဏ္ဍများ၊ ဗီဒီယိုဇာတ်လမ်းများကို ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များမှ ထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များ၊ ကြော်ငြာဆိုင်းဘုတ်များ၊ ကာတွန်းရုပ်ပုံများ ဖြန့်ဝေခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအတွက် သက်ဆိုင်ရာဘာသာစကားများဖြင့် ပြန်ဆိုအသိပညာပေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်း။

ရွေးကောက်ပွဲကျင်းပမည့်ရက် မကြေညာမီ မဲဆန္ဒနယ်များနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက် ရွေးကောက်ခံခွင့်ရှိသော တိုင်းရင်းသားလူမျိုးများကို သတ်မှတ်ကြေညာပေးရမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ (ခ)နှင့် (ဂ) အရ ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အတည်ပြုပြီးသော စာရင်းများကို ဆောလျင်စွာ ကော်မရှင်သို့ပေးပို့ရန်လိုကြောင်း။

ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာလေ့လာရေးအဖွဲ့များအနေဖြင့် ကော်မရှင်က ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်များနှင့်အညီ လေ့လာစေမည်ဖြစ်ပါကြောင်း၊ ကျင့်ဝတ်များကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒကို မထိခိုက်အောင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းရေးဆွဲထုတ်ပြန်မည်ဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့များ၏ လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များ အကူအညီတောင်းခံလာပါက ထုတ်ပြန်ထားသည့် Code of Conduct များ၊ ဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးစေလိုကြောင်း။

အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသောနိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးရအောင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများအနေဖြင့်လည်း ရွေးကောက်ပွဲတာဝန် ထမ်းဆောင်ရာတွင် ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန် တာဝန်ပေးမှာကြားလိုကြောင်း၊ ရွေးကောက်ပွဲတွင် မဲလိမ်၊ မဲခိုး၊ ဘက်လိုက်မှုများရှိနေပါက အရွေးချယ်ခံရသည့် ကိုယ်စားလှယ်များသည် သိက္ခာမဲ့ပြီး ၎င်းကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သည့် လွှတ်တော်၊ အစိုးရအဖွဲ့တွင်လည်း ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ရမည်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် တိုင်းပြည်ဂုဏ်သိက္ခာ မညှိုးနွမ်းရအောင် ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက အခြေခံမဲဆန္ဒရှင်စာရင်းပြုစုနေမှုအခြေအနေနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကိုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးဌာနအသီးသီးနှင့် ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးဝင်းကြည်နှင့် ဦးဝင်းကိုတို့က လိုအပ်သည်များကို ပါဝင်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ကြီးဌာနများမှလည်း အဆင့်ဆင့်အား ညွှန်ကြားဆောင်ရွက်ပေးနိုင်ရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သတင်းမီဒီယာနည်းဥပဒေများရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့် ဥပဒေပညာရှင်များပါဝင်သော သတင်းမီဒီယာ နည်းဥပဒေများ ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ဥပဒေရေးရာ အကြံပေးပညာရှင် ဦးဟန်ညွန့်၊ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) တို့ပူးပေါင်းရေးဆွဲခဲ့သော သတင်းမီဒီယာနည်းဥပဒေများ (မူကြမ်း)ကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ဖြည့်စွက်ပြင်ဆင်ရေးဆွဲသွားနိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တက္ကသိုလ်၊ ကောလိပ်များအသွင်ကူးပြောင်းရေးကာလလုပ်ငန်းစဉ်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၃

တက္ကသိုလ်၊ ကောလိပ်များအား လွတ်လပ်စွာစီမံခန့်ခွဲနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းကသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးတင်နိုင်သိန်း၊ ဒေါက်တာကိုကိုဦး၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်ထောင်စုလွှတ်တော်က အမျိုးသားပညာရေး ဥပဒေကြမ်းကို ပြင်ဆင်လိုသည့် အချက်များပြင်ဆင်၍ ပြန်လည်ပေးပို့ရန် သဘောတူပြီးဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ stakeholders များနှင့် ပြန်လည် ပြင်ဆင်မည့်အချက်များ ညှိနှိုင်းဆွေးနွေး၍ ပေးပို့သွားရန်ရှိကြောင်း၊ ဥပဒေနှင့် နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ ဆွေးနွေးညှိနှိုင်းရေးဆွဲ ပြဋ္ဌာန်းပြီးသည်နှင့် အဆင့်မြင့်ပညာသင်တက္ကသိုလ်ကောလိပ်များကို လာမည့်ပညာသင်နှစ်မှစတင် အကောင်အထည်ဖော်နိုင်ရန်၊ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ်ကုန်မှ စတင်ပြင်ဆင်လာခဲ့ပါကြောင်း၊ ယခင်က ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံတွင် ပါရှိနေခဲ့သော တက္ကသိုလ်၊ ကောလိပ်များအား ပြည်ထောင်စုဝန်ကြီးဌာနများက ပြင်ဆင်ဖွဲ့စည်းမှု (Restructuring, Reengineering) ပြုလုပ်ရာ၌ သီးခြားခွဲထုတ်ပြီးဖြစ်သော်လည်း ဘဏ္ဍာငွေအရအသုံးနှင့် စာရင်းစစ်ကန့်ကွက်ချက်ရှိက စာရင်းရှင်းလင်းခြင်း၊ နိုင်ငံခြားအကူအညီ အထောက်အပံ့ချေးငွေ ကိစ္စရပ်များရှင်းလင်းခြင်းစသည်တို့ကို ၂၀၁၅ ခုနှစ် မတ်လကုန်ထိ အသေးစိတ် ရှင်းလင်းလွှဲပြောင်းလက်ခံကြရန် အချိန်ပေးထားပါကြောင်း၊ အခက်အခဲရှိ၍ အချိန်မလုံလောက်ပါက သီးခြားတင်ပြကြရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း အသွင်ကူးပြောင်းရေးကာလ လုပ်ငန်းစဉ်များ အခက်အခဲမရှိဘဲ ချောမွေ့အောင် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားရန် လမ်းညွှန်ထားပြီးဖြစ်၍ အခက်အခဲရှိပါက တင်ပြနိုင်ပါကြောင်း၊ အမျိုးသားပညာရေး၏ ရည်မှန်းချက်သည် နိုင်ငံတကာအဆင့်မီ အရည်အသွေး၊ အရည်အချင်းပြည့်ဝသော အသိပညာရှင် အတတ်ပညာရှင်များ လေ့ကျင့်မွေးထုတ်ရေးဖြစ်သည့်အတွက် ယင်းအချက်ကို တက္ကသိုလ်၊ ကောလိပ်များက ရည်မှန်းချက်အောင်မြင်အောင် မိမိတို့အစီအစဉ်ဖြင့် လွတ်လပ်စွာ စီမံခန့်ခွဲသွားကြရန်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းရေးကာလတွင် လိုအပ်သည့်ကိစ္စများအတွက် ပညာရေးအထူးလုပ်ငန်းအဖွဲ့ Task Force နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ဆက်သွယ်တင်ပြပါက ပေါင်းစပ်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက တက္ကသိုလ်များ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေးနှင့် အသွင်ကူးပြောင်းရေးကာလ လုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ယခုလို တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ တက္ကသိုလ်များနှင့် ဦးစွာတွေ့ဆုံပြီး အခြားတက္ကသိုလ်များနှင့်လည်း ညှိနှိုင်းသွားရန် ရှိပါကြောင်း၊ တက္ကသိုလ်အသီးသီး၏ ပညာရပ်ဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနဆိုင်ရာ ကိစ္စရပ်များ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စများ၊ သင်ကြားရေး၊ ကျောင်းသားရေးရာ၊ ဆရာရေးရာ ကိစ္စများကို ပါမောက္ခချုပ်များကသာ တာဝန်ယူ ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံကိန်းနှင့် ဘဏ္ဍာရေးကိစ္စများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်နှင့် ပညာသင်နှစ်မှစ၍ ပြုပြင်ပြောင်းလဲရေးကို စတင်ပြီး အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက တက္ကသိုလ်များ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရန်အတွက် ဇန်နဝါရီ ၂၂ ရက်မှစတင်၍ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲပြုလုပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနတွင် ဆောင်ရွက်လျက်ရှိသည့် ရန်ပုံငွေလျာထားရေးကိစ္စရပ်များ၊ ပစ္စည်းဝယ်ယူရေး၊ ဆောက်လုပ်ရေး ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ရန်ပုံငွေလျာထားရေးဆိုင်ရာ ကိစ္စရပ်များ၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာတက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေး၊ ကွန်ပျူတာတက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ပါကြောင်း၊ အသွင်ကူးပြောင်းရေးကာလတွင် ဝန်ကြီးဌာနမှ လက်တွဲဆောင်ရွက်ခြင်း၊ တက္ကသိုလ်အချင်းချင်းလက်တွဲဆောင်ရွက်ခြင်းတို့ဖြင့် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်သွားရန် ဆွေးနွေးကြပါကြောင်းစသည်ဖြင့် ဆွေးနွေးပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးလုပ်ငန်းဆိုင်ရာပြပွဲ၊ ပြိုင်ပွဲ(မန္တလေး) ရှားပါးဝေလငါးအရိုးစုပြကွက်နှင့်အတူ ပြခန်းပေါင်း (၂၀)ဖွင့်လှစ်ပြသ

မန္တလေး ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ စားနပ်ရိက္ခာဖူလုံကြွယ်ဝစေရန်၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံစေရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ငါးလုပ်ငန်းအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်စေရန်၊ တန်ဖိုးမြင့်ရေထွက်ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်လာစေရန်၊ မိရိုးဖလာရေလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုတို့ကို ဆောင်ရွက်သွားနိုင်စေရန်၊ မြန်မာ့ရှားပါးတိုင်းရင်းငါးမျိုးစိတ်များ ဖော်ထုတ်သိရှိလာစေရန်၊ မြန်မာ့တိုင်းရင်းငါးမျိုးများကို ထိန်းသိမ်းခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်စေရန်နှင့် သဘာဝငါးသယံဇာတများကို ထိန်းသိမ်းမြတ်နိုးတန်ဖိုးထားတတ်စေရန်စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဆိုင်ရာပြပွဲ၊ ပြိုင်ပွဲ(မန္တလေး)ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉နာရီက မန္တလေးပြည်ကြီးတံခွန်မြို့နယ်ရှိ နတ်ရေကန်ငါးလုပ်ငန်းစခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။**(ယာပုံ)**

အဆိုပါပြပွဲ၊ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြပွဲပြိုင်ပွဲအတွင်း ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ယင်းပြပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ရက်အထိ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲ (မန္တလေး)၌ ပြခန်းပေါင်း ၂၀ ကျော်ပါဝင်ပြီး အဓိကပြခန်းများအနေဖြင့် အရှည်ပေ ၄၀ ရှိ ရှားပါးဝေလငါးအရိုးစုပြကွက်၊ ကဏန်းပျော့ သရုပ်ပြမွေးမြူရေး၊ FAO ဆုတံဆိပ်ရ ငါးမွေးမြူရေးပညာရှင်များဆိုင်ရာ သတင်းအချက်အလက်၊ မြန်မာ့ရိုးရာ ငါးဖမ်းကိရိယာများ၊ ရှားပါးတိုင်းရင်းငါးမျိုးစိတ်အရှင်များ၊ ငါးသယံဇာတထိန်းသိမ်းရေးပြခန်း၊ အလှမွေးငါးပြခန်း၊ တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေးပညာပေးပြခန်း၊ ရေထွက်ကုန်ပစ္စည်းပြခန်း၊ ရတနာပုံတက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ သယံဇာတထိန်းသိမ်းရေးသုတေသနပြခန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပြခန်းနှင့် ကျေးလက်ဦးစီးဌာနပြခန်းတို့ ပါဝင်ပြသလျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ ဒီပြပွဲကို ဒုတိယအကြိမ် မန္တလေးမှာပြုလုပ်ခြင်းဖြစ်ပါတယ်။ ရန်ကုန်မှာတော့ ပြုလုပ်ပြီးသွားပါပြီ။ ကျွန်တော်တို့ ပြုလုပ်တဲ့ပြပွဲ၊ ပြိုင်ပွဲကို လာရောက်တဲ့သူတွေအနေနဲ့ ငါးလုပ်ငန်း ဦးစီးဌာနရဲ့ငါးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုတွေ၊ သားစဉ်မြေးဆက်ငါးသယံဇာတတွေကို စနစ်တကျထိန်းသိမ်းတတ်စေဖို့၊ ဧရာဝတီလင်းပိုင်ကဲ့သို့ ရှားပါးငါးမျိုးစိတ်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်စေဖို့နဲ့ ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ပြည်သူတွေစိတ်ပါဝင်စားစွာနဲ့ ပူးပေါင်းဆောင်ရွက်လာစေဖို့စတဲ့ အသိပညာဗဟုသုတတွေ ပေးစွမ်းနိုင်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ သား/ငါးကဏ္ဍဆိုင်ရာပြပွဲများတွင် ငါးလုပ်ငန်းကဏ္ဍဆိုင်ရာပြပွဲများကို နှစ်စဉ်ကျင်းပနိုင်ခဲ့သော်လည်း ယခုကဲ့သို့ ထူးခြားသည့် မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲကို ယခုနှစ်တွင် ကျင်းပနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲကို ပထမအကြိမ်အဖြစ် ရန်ကုန်၌ ကျင်းပခဲ့ပြီး မန္တလေး၌ ဒုတိယအကြိမ်အဖြစ် ဆက်လက်ကျင်းပခြင်းဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီး၌ ဆက်လက်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မဂ္ဂဇင်းကြော်ငြာများကိုလည်း လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာတွင် သုတ၊ ရသဆိုင်ရာ စာအုပ်ကြော်ငြာ (ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ) တစ်လက်မ×တစ်ကော်လံလျှင် ရောင်စုံကျပ် ၆၀၀၀ နှင့် အဖြူ/အမည်း ကျပ် ၄၅၀၀ နှုန်းဖြင့် ၁-၁၂-၂၀၁၄ ရက်မှစတင်၍ ထက်ဝက်လျှော့ချဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ယခုအခါ မဂ္ဂဇင်းထုတ်ဝေသူများ၏ဆန္ဒအရ သုတ၊ ရသ စာအုပ်များနှင့်အတူ မဂ္ဂဇင်းစာအုပ်ကြော်ငြာများကိုလည်း အထက်ပါနှုန်းထားအတိုင်း ထက်ဝက်လျှော့ချ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်-မော်လမြိုင် အမှတ်(၈၉) အဆန် အမြန်လူစီးရထားလမ်းချော်

မော်လမြိုင် ဇန်နဝါရီ ၂၃

ရန်ကုန်မှ မော်လမြိုင်သို့ စက်ခေါင်းမောင်း ဦးမြင့်စိုး၊ ရထားထိန်း ဦးမြင့်အောင် လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် (၈၉) အဆန် ရန်ကုန်-မော်လမြိုင်အမြန်လူစီးရထားသည် ရင်းငြိမ်ဘူတာနှင့် ဇင်းကျိုက်ဘူတာအကြား၊ ရထားလမ်းမိုင်တိုင်အမှတ် ၁၄၇/၂မှ ၁၄၇/၃ အကြား၌ ဇန်နဝါရီ ၂၃ ရက်မွန်းလွဲ ၂နာရီ မိနစ် ၅၀ ခန့်က စက်ခေါင်း၏နောက်ကပ်လျက် BDUEZ 10773 အထက်တန်းလူစီးတွဲသည် ဘီးအမှတ် (၁-၂) သံလမ်းအတွင်းသို့ ကျပြီး ဘီးအမှတ် (၇-၈) မှာ သံလမ်းအပြင်သို့ ကပ်လျက်ကျသွားကြောင်း သိရသည်။ ယင်းရထားလမ်းချော်ကျသည့်နေရာသို့ မြန်မာ့မီးရထားအမှတ်(၈) တိုင်း၊ မော်လမြိုင်တိုင်းတာဝန်ခံမန်နေဂျာ ဦးစိုးရွှေ၊ စက်မှုအင်ဂျင်နီယာ မန်နေဂျာ ဦးစန်းဦး၊ သထုံဘူတာမှ ဒုကြီးကြပ်ရေးမှူး ဦးတင့်ဆန်း၊ တွဲပြင်လုပ်သားများ အအေန(၁) သံလမ်းအလုပ်သမားများက RGC ရထားဖြင့်ရောက်ရှိလာပြီး လမ်းချော်ကျသည့် သံလမ်းဘီးများကို မတင်လျက်ရှိကြောင်း သိရသည်။ ယင်းလမ်းချော်ကျမှုကြောင့် ခရီးသည်များ မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ တာဝန်ရှိလူကြီးများက လမ်းချော်ကျမှုနှင့်ပတ်သက်၍ အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(လ/ဝ၁၂)**

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။ (မိုး/ဇလ)

 လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသဆိုင်ရာအတွင်းရေးမှူးရုံးထူထောင်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးရေးဆုံးဖြတ်

နေပြည်တော် ဇန်နဝါရီ ၂၃

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော **အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ် အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာ အတွင်းရေးမှူးရုံး ထူထောင်ရေးသဘောတူညီချက်အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ယင်းသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား စွမ်းဆောင်မှုနှင့် ပြိုင်ဆိုင်မှုများ ဖွံ့ဖြိုးတိုးတက်ရန် အလို့ငှာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဖြစ်ပေါ်လျက်ရှိသော ကန့်သတ်ချက်များကိုလျှော့ချနိုင်ခြင်း၊ အာဆီယံအား ကမ္ဘာ့အဆင့်မီစံနှုန်းများ၊ ထောက်ပံ့မှုများ၊ ဆွဲဆောင်မှုများဖြင့် ပြည့်စုံသည့် တစ်ခုတည်းသော ခရီးစဉ်ဒေသအဖြစ် ဖွံ့ဖြိုးမှုနှင့် မြှင့်တင်မှုများကို ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အထောက်အပံ့များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ချဲ့ထွင်ခြင်းများ ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေနိုင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်အတွင်း အပြန်အလှန်အထောက်အကူပြုမှုများမြှင့်တင်နိုင်ခြင်း၊ အစိုးရနှင့်ပုဂ္ဂလိကတို့အကြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အာဆီယံနိုင်ငံများအတွင်း ခရီးသွားလာခြင်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် အထောက်အကူပြုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်စေခြင်းစသည့် အကျိုးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာ အတွင်းရေးမှူးရုံး ထူထောင်ရေး သဘောတူညီချက်အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၁၀ ဒသမ ၅၀၀ ဘီလီယံချေးယူခွင့်**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့က ဆွေးနွေးကြရာ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောတူသည့်အတွက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၁၀ ဒသမ ၅၀၀ ဘီလီယံ ချေးယူခြင်းကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ (ခေါ်) ကန်တော်မင်္ဂလာပန်းခြံအား ဦးဥတ္တမပန်းခြံဟု ပြောင်းလဲသတ်မှတ်ရေး အတည်ပြု

နေပြည်တော် ဇန်နဝါရီ ၂၃

ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ၏ **"ရှားတောမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာ ရပ်ဝေးဝန်ထမ်းများအတွက် အိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း "**မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ရှားတောမြို့နယ်အတွင်း ဌာနဆိုင်ရာ (၂၅)ဌာနရှိ၍ ဝန်ထမ်းအင်အား စုစုပေါင်း ၂၉၈ ဦးရှိပါကြောင်း၊ ဌာနပေါင်းစုံမှ ဝန်ထမ်း ၂၉၈ ဦးအနက် ဒေသခံဝန်ထမ်း ၁၇၉ ဦးရှိပြီးရပ်ဝေးဝန်ထမ်း ၁၁၉ ဦးအတွက် ဌာနအလိုက်ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၃၃ လုံးသာရှိသဖြင့် ရပ်ဝေးဝန်ထမ်း ၈၆ ဦးအတွက် ဝန်ထမ်းအိမ်ရာလိုအပ်လျက်ရှိပါကြောင်း၊ ရှားတောမြို့၌ မြေလွတ်မြေရိုင်းမရှိပါ၍ မြို့မြေအနာဂတ် မြေအသုံးချမှုစီမံချက်အရ ရှားတောမြို့တောင်ဘက်၌ ဌာနဆိုင်ရာများအတွက် မြို့မြေတိုးချဲ့ရန် ၄၇ ဒသမ ၀၄ ဧက လျာထားလျက်ရှိပြီး မြို့မြေတိုးချဲ့ရန်အမိန့်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ရှားတောမြို့နယ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လောလောဆယ်တွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **"မင်းပြား-မြေပုံ မြို့ချင်းဆက်လမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန်နှင့် မြေပုံမြို့အား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် မည်သို့သောစီမံချက်များ ရေးဆွဲထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက မြေပုံ-မင်းပြားလမ်းအား ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၀၀၀ ဒသမ ၉၀၀ သန်းဖြင့် ကတ္တရာရေပိတ်လွှာလောင်းခြင်း ၃ ဖာလုံ ပေ ၃၃၀၊ ကျောက်ချောလမ်းခင်းခြင်း ၉ မိုင်၊ မြေသားတာပေါင်တင်တိုးချဲ့ခြင်း ၂၃၀၆၂ ကျင်းနှင့် သစ်သားတံတားများကို သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၁၅ စင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းစဉ်။ (သတင်းစဉ်)

၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း ၆ မိုင်၊ ကျောက်ချောလမ်းခင်းခြင်း ၆ မိုင် ၃ ဖာလုံ၊ မြေသားတာပေါင်တင် တိုးချဲ့ခြင်း ၇ မိုင်နှင့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ၂၅ စင်းတို့ကို ဆောင်ရွက်နိုင်ရန် ခန့်မှန်းကုန်ကျငွေ ကျပ် ၆၆၉၆ ဒသမ ၂၉၅ သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားပါကြောင်းနှင့် ရန်ပုံငွေရရှိပါက မြေပုံ-မင်းပြားလမ်းသည် ကတ္တရာလမ်း ၆ မိုင် ၃ ဖာလုံခွဲ၊ ကျောက်ချောလမ်း ၁၆ မိုင် ၁ ဖာလုံခွဲနှင့် မြေသားလမ်း ၂ မိုင် ၂ ဖာလုံအဖြစ် တည်ရှိမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြေပုံ-မင်းပြားလမ်းကို လမ်းပန်းဆက်သွယ်မှုလွယ်ကူ ချောမွေ့စေရေးအတွက် ကတ္တရာလမ်း အဆင့်မြှင့်တင်တည်ဆောက်နိုင်ရန် နှစ်စဉ်ရန်ပုံငွေလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ဘရုံကြိုးဝိုင်းအတွင်း PTTEP ကုမ္ပဏီက စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း၍ ရေနံစမ်းသပ်ရှာဖွေရေးဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၂၃

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း (၁)ခုတင်ပြခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပြန်လည်ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက်၏ **"ဝန်ကြီးဌာနတချို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းနေမှုများကို မည်သို့ထိန်းသိမ်း ညှိနှိုင်းဆောင်ရွက်ရန်ရှိသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်တောင်ကို မိုင်းခွဲ၍ လမ်းချဲ့ခြင်းဆောင်ရွက်ရာတွင် ထွက်ရှိလာသောကျောက်များကို လမ်းခင်းရာတွင် အသုံးပြုပါကြောင်း၊ သဘာဝအတိုင်းကျောက်တောင်များကို ပျက်စီးမှုနည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုင်းခွဲသည့်အခါ ကျောက်အချို့မှာ မတ်စောက်သည့် ချောင်းအတွင်းသို့ ကျရောက်မှုရှိခဲ့သော်လည်း ချောင်းတိမ်ကောသည်အထိ ဖြစ်ပေါ်ခြင်းမရှိပါကြောင်း။

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြေကြားစဉ်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သိသာထင်ရှားစွာ ထိခိုက်စေနိုင်မှုများကို ရှောင်ရှားစေရန်နှင့် အနည်းဆုံးဖြစ်စေရန် အထူးသတိပြုဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ သတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများအား တူးဖော်ပြီးသော ကျင်းများ၊ ချိုင့်များ၊ ကလိုင်များကို စွန့်ပစ်မြေစာများနှင့်အပေါ်ယံမြေဆီများ ပြန်လည်ဖုံးအုပ်၍ ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်၊ အရိပ်ရပင်များ စိုက်ပျိုးခြင်းဖြင့် ဂေဟစနစ်ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက်လည်း ပျိုးဥယျာဉ်များ ထူထောင်ထားရှိစေပါကြောင်း၊ တူးဖော်ပြီးစီးပါက တူးဖော်မှုလမ်းကြောင်းနေရာများ၌ ကုမ္ပဏီ၏စရိတ်ဖြင့် သစ်ပင်များပြန်လည်စိုက်ပျိုးစေလျက်ရှိပါကြောင်း။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် မေးမြန်းစဉ်။ (သတင်းစဉ်)

သတ္တုတွင်းပိတ်သိမ်းပါက မြေနေရာကို ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေး၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံအတည်ပြုချက်ရရှိမှသာ ပိတ်သိမ်းခွင့်ပြုပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့် သက်ဆိုင်ရာနယ်မြေများ၌ တရားဝင် ဆောင်ရွက်နေသော လုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြု

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

● *ရှေ့ဖုံးမှ*

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဘုံဘေစတော့အိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တာတာအခြေခံသုတေသနတက္ကသိုလ်သို့ ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခ မစ္စတာဆန်ဒီတိပေးဒီက ခရီးဦးကြိုဆိုသည်။

ယင်းနောက် တက္ကသိုလ်ဧည့်ခန်းမ၌ပါမောက္ခနှင့် တာဝန်ရှိသူများက တာတာအခြေခံသုတေသနတက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းရာ ဒုတိယသမ္မတက သိရှိလိုသည်များကိုမေးမြန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တာတာအခြေခံသုတေသနတက္ကသိုလ်ဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဓာတ်ခွဲခန်းကြီးကြပ်ရေးမှူး ပါမောက္ခမစ္စတာဟုံဆူအာဇ္ဇိက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် တာတာအခြေခံသုတေသနတက္ကသိုလ်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် တာတာအထိမ်းအမှတ်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံညွှန်ကြားရေးမှူး ဒေါက်တာအန်နီကေဒီခရုက ကြိုဆိုသည်။

ယင်းနောက် တာတာအထိမ်းအမှတ် ဆေးရုံစာကြည့်တိုက်ခန်းမ၌ ဆေးရုံညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆေးရုံဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဘုံဘေစတော့အိတ်ချိန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ စတော့အိတ်ချိန်းကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဆေးရုံအတွင်းသို့လှည့်လည်ကြည့်ရှုရာ ဆေးရုံတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် Taj Mahal Palace ဟိုတယ်ရှိ Business Centre ၌ အင်ဒို-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် UMFCCI တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာတာအထိမ်းအမှတ်ဆေးရုံအတွင်း ကြည့်ရှုရာ ဆေးရုံတာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ယာဉ်များကို ရန်ကုန်မြို့၌သာ အသုံးပြုမောင်းနှင်လျက်ရှိရာ လေထုညစ်ညမ်းဆုံးဖြစ်သည့် နေရာပေါင်း ၁၅ နေရာအနက် ဦးစားပေးနေရာ သုံးနေရာတွင် လေထုအရည်အသွေး တိုင်းတာရေးစက်များ တပ်ဆင်ထားရှိသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ကနဦးတပ်ဆင်သွားမည့် နေရာများမှာ ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ တစ်လုံးထားပြီး လှည်းတန်းခုံးကျော်တံတားအနီး၌ တစ်လုံးနှင့် မင်္ဂလာဒုံမြို့နယ်၌ လေထုညစ်ညမ်းမှုတိုင်းတာရေး စက်များ ထားရှိသွားရန် စီစဉ်ထားသည်။

ရန်ကုန်မြို့၌ လေထုအရည်အသွေးကို ၂၀၁၂ ခုနှစ်က တိုင်းတာမှုများပြုလုပ်ခဲ့ရာ စက်မှုဇုန်များမှ မီးခိုးများထွက်မှု၊ မော်တော်ယာဉ်များမှ မီးခိုးများထွက်ရှိမှုနှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများမှ မီးခိုးထွက်ရှိမှုများသည် သတ်မှတ်ထားသည့်စံနှုန်းထက် လေထုအတွင်း၌ ပိုမိုပါဝင်လျက်ရှိကြောင်း သိရသည်။

ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်အများစုသည် အသုံးပြုပြီးသော တစ်ပတ်ရစ်ကားများဖြစ်ရာ နှစ်အနည်းငယ်အတွင်း မီးခိုးထွက်ရှိမှုများသောကားများ ဖြစ်လာသည်။ ယင်းမော်တော်ယာဉ် သုံးစွဲမှုသည်လည်း ရန်ကုန်မြို့၌သာ အများဆုံးဖြစ်နေရာ လေထုညစ်ညမ်းမှုကို ဖြစ်စေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။

ထို့ကြောင့် လေထုအရည်အသွေး တိုင်းတာနိုင်ရန်အတွက် တိုင်းတာရေးစက်များကို လာမည့် ဖေဖော်ဝါရီလမှ စတင်ကာ တပ်ဆင်သွားနိုင်ရေး စီစဉ်နေကြောင်း သိရသည်။ **မြန်မာ့အလင်း**

ပြည်သူ့လွှတ်တော်မှ

ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက **"လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအား စည်းကမ်းတင်းကျပ်စွာအရေးယူရန်နှင့် နိုင်ငံသားများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိစေလိုပါက ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကိုရှာဖွေရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာသာပေါင်းမဲဆန္ဒနယ်မှဦးဝင်းသန်းက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်းပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို နိုင်ငံသားများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဥပဒေဘောင်အတွင်းမှ အဆင့်ဆင့်ဖြေလျှော့ဆောင်ရွက်ပေးလျက် ရှိပါသဖြင့် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးသည့်စနစ်ကို အသုံးပြုပြီး အဆုံးအဖြတ်ရယူဆောင်ရွက်ရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုက **"ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ (ခေါ်) ကန်တော်မင်္ဂလာပန်းခြံအား ဦးဥတ္တမပန်းခြံဟု ပြောင်းလဲသတ်မှတ်ပေးစေလိုကြောင်း"** အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုအား လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုကြောင်း ကြေညာခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

ချက်မရှိဘဲလုပ်ကိုင်နေသော လုပ်ငန်းများကို တားဆီးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ **"မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ၂၀၀၅ ခုနှစ်တွင် ကြိုးဝိုင်းအဖြစ်သတ်မှတ်ခဲ့သော ဘရုံကြိုးဝိုင်းအတွင်းမှ ယာမြေများကို သစ်တောမြေမှ ပယ်ဖျက်ပေးရေး၊ အဆိုပြု သာစည်ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရာတွင် ပါဝင်သွားသည့် ကျေးရွာ (၅)ရွာနှင့် လယ်ယာမြေများကို ကာကွယ်တောမှ ပြန်လည်ပယ်ဖျက်ပေးရေးနှင့် ဘရုံကြိုးဝိုင်းအတွင်း PTTEP ကုမ္ပဏီက ရေနံတူးဖော်ခွင့်ကို မည်သည့်အစီအစဉ်ဖြင့် ရရှိနေသည်ကိုသိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘရုံကြိုးဝိုင်းဧရိယာသည် ရေဝေရေလဲဧရိယာအတွင်း ကျရောက်သည့်အတွက် အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲသုံးစွဲပါက မလိုလားအပ်သည့် ကိစ္စများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ဥပဒေအရ ကာကွယ်ထားခြင်းဖြစ်ပါကြောင်း။

သီးနှံ၊ သစ်တောရောနှောသောစနစ်ကိုအခြေခံသည့် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းလုပ်ငန်းကို ဘရုံကြိုးဝိုင်းအတွင်းရှိ ဒေသခံတောင်သူများ၏ ယာမြေများတွင်သာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်တောမြေအတွင်းရှိ ကျူးကျော်ယာမြေအားလုံးအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လယ်မြေဧကတစ်သောင်းကျော်ကို အကျိုးပြုလျက်ရှိသည့် ရေလှောင်တမံ၏ ရေဝေရေလဲဒေသကို ထိန်းသိမ်းကာကွယ်လျက်ရှိသော ဘရုံကြိုးဝိုင်းအတွင်းမှ ယာမြေများကို ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်မရှိပါကြောင်း။

သာစည်ကြိုးပြင်ကာကွယ်တောဖွဲ့စည်းစဉ်က ကိုးပင်ရွာ၊ ညောင်ပင်သာရွာ၊ ဖိုစွတ်ရွာ၊ စစ္စေးချောင်းရွာ၊ အင်ပင်လှရွာနှင့် သာစည်ရွာအတွက် လယ်ယာမြေ ၁၀၂၃ ဒသမ ၅၀ ဧကကို ထပ်မံချဲ့ထွင်ခြင်းမရှိစေဘဲ လုပ်ကိုင်စားသောက်ခွင့် ပြုခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ်တွင် သာစည်ကြိုးပြင်ကာကွယ်တောအတွင်း ရွာမြေ၊ လယ်မြေ၊ အများပိုင်နှင့် သာသနာမြေ ၂၁၁ ဒသမ ၅၀ ဧကကို ပယ်ဖျက်ပေးခဲ့ပါကြောင်း၊ ယာမြေ ၁၁၂၂ ဧကကို သီးနှံ၊ သစ်တော ရောနှောစိုက်ပျိုးသည့်စနစ်ကိုအခြေခံသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ရွာမြေလယ်မြေ ၇၃၀ဒသမ ၇၃ ကို အဆင့်လိုက်ပယ်ဖျက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယာမြေ ၆၉၉၅ ဒသမ ၀၇ ဧကကို သီးနှံ၊ သစ်တော ရောနှောစိုက်ပျိုးသည့်စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း နှစ်ရှည်ဆောင်ရွက်ခွင့်ပြုသွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါယာမြေများကို ကြိုးပြင်ကာကွယ်တော မြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်မရှိပါကြောင်း။

ဘရုံကြိုးဝိုင်းအတွင်း PTTEP ကုမ္ပဏီက ဆိုက်စမစ်လမ်းကြောင်း ဖောက်လုပ်ရာတွင် ဌာနမှဆောင်ရွက်ထားသော သဘာဝတောထိန်းလုပ်ငန်းနှင့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဧရိယာများအတွင်း ကျရောက်ခဲ့သဖြင့် သစ်ပင်၊ သစ်တောထိခိုက်မှု ၄ ဒသမ ၈၈ ဧကအတွက် လျော်ကြေးငွေကျပ် ၁၆၇၄၉ ဒသမ ၆ ကိုကုမ္ပဏီက ပေးလျော်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ PTTEP ကုမ္ပဏီသည် ဘရုံကြိုးဝိုင်းအတွင်း ဆိုက်စမစ်လမ်းကြောင်းများ ဖောက်လုပ်ခြင်းဖြစ်ပြီး နိုင်ငံတော်အကျိုးစီးပွားအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း၍ ရေနံစမ်းသပ်ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက လူတစ်ဦးချင်း၏ လွတ်လပ်မှု၊ အခွင့်အရေးတို့ကို အလေးထားပြီး အသက်(၁၈)နှစ်မပြည့်သည့် လူငယ်များကိုလည်း လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိစေချင်ပါကြောင်း၊ (၁၈)နှစ်မပြည့်၍ ဘာသာကူးပြောင်းခွင့် မရှိခြင်းမျိုး မဖြစ်စေချင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဘာသာရေးလွတ်လပ်မှုတို့ အပြည့်အဝရရှိနေကြပါကြောင်း၊ ထို့ကြောင့် ယနေ့ကာလတွင် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းမည်ဆိုပါက တိုင်းပြည်နှင့် ပြည်သူများအတွက် မလိုလားအပ်သောကိစ္စများရှိလာနိုင်သဖြင့် ယင်းဥပဒေပြဋ္ဌာန်းခြင်းကို ရပ်ဆိုင်းထားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦးက ဥပဒေတွင် လွတ်လပ်စွာကိုးကွယ်နိုင်ခွင့်၊ စနစ်တကျ ဘာသာကူးပြောင်းနိုင်ခွင့်၊ ပွင့်လင်းမြင်သာမှု၊ ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုကို အတင်းအကျပ် ကူးပြောင်းစေခြင်းမှ ကာကွယ်မှု စသည့်အချက်များပါဝင်သည့်အတွက် အလွန်သင့်မြတ်ပါကြောင်းနှင့်ယခုဥပဒေသည် လူ့အခွင့်အရေးကို မထိခိုက်နိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။

(သတင်းစဉ်)

ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုသွားပြီဆိုတဲ့အတွက် ဒီလမ်းကြောင်းပေါ်မှာခိုင်ခိုင်မာမာဖြစ်ဖို့လိုတယ်

နေပြည်တော် ဇန်နဝါရီ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် CNA သတင်းဌာနအားလက်ခံတွေ့ဆုံ၍ တပ်မတော်နှင့်ပြည်သူဆက်ဆံရေး၊ Social Media ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားချက်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

CNA မြန်မာနိုင်ငံဟာ အချိန်တိုအတွင်းမှာ အများကြီး ရှေ့ကိုရောက်ခဲ့ပါတယ်။ အခုအချိန်မှာ ပြည်သူတွေက တပ်မတော်နဲ့ တပ်မတော်သားတွေအပေါ်မှာ ဘယ်လိုတွေ ပြောင်းလဲလာခဲ့ပါသလဲ။

ဗိုလ်ချုပ်မှူးကြီး- တပ်မတော်ရဲ့သမိုင်းကြောင်းကို စောစောက ကျွန်တော်ပြောခဲ့တယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကနေပြီး ယနေ့ကာလထိ နိုင်ငံရဲ့သမိုင်းနဲ့ တပ်မတော်ရဲ့သမိုင်း ခွဲခြားလို့မရပါဘူးလို့ ကျွန်တော်ပြောခဲ့တယ်၊ တပ်မတော်ရဲ့ဆောင်ရွက်မှုအခန်းကဏ္ဍတွေကို ပြည်သူတွေအများကြီးသိပါတယ်။ သို့သော်လည်း သူတို့လည်းခံစားချက်တွေရှိမှာပေါ့လေ။ အခုအချိန်မှာ ကျွန်တော်တို့အနေနဲ့ တကယ်ကို နိုင်ငံတော်ကာကွယ်ရေးအတွက် ကျွန်တော်တို့ထမ်းဆောင်နေတယ်။ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနေတယ်။ ပြည်သူလူထုတွေရဲ့ အကျိုးစီးပွားကိုကာကွယ်ပေးနေတယ်ဆိုတော့ ပြည်သူက လက်ခံ လာတယ်။ အခုကျွန်တော်တို့လုပ်နေတာတွေ အများကြီးရှိတယ်။ ကျွန်တော်ထင်ပါတယ်။ ပြည်သူအများစုက ကျွန်တော်တို့အပေါ်မှာ ယုံကြည်မှုအပြည့်အဝရှိတယ်လို့ ယုံကြည်ပါတယ်။ မကြိုက်တဲ့ လူဆိုတာကလည်းရှိရင်ရှိမှာပေါ့လေ။ ဒါကတော့ ပြောလို့မရဘူးလေ။

CNA ပြည်သူတွေက တပ်မတော်ကိုနားလည်အောင် အများကြီးလုပ်နေတာတွေရှိတယ်လို့ ပြောပါတယ်။ဘာတွေများလုပ်နေလဲဆိုတာ သိပါရစေ။

ဗိုလ်ချုပ်မှူးကြီး- ဒါကလည်း ကျွန်တော်တို့သမိုင်းမှာ ၁၉၆၂ ခုနှစ်ကနေ ၁၉၇၄ ခုနှစ်ပေါ့။ တော်လှန်ရေးကောင်စီ တပ်မတော်အစိုးရပေါ့။ ၁၉၇၄ ခုနှစ်ကနေ ၁၉၈၈ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကိုယ်စားပြုတဲ့အစိုးရ တစ်ပါတီစနစ်၊ ၁၉၈၈ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်၊ မတ်လအထိ တပ်မတော်အစိုးရအုပ်ချုပ်ခဲ့တယ်။ ဒီအုပ်ချုပ်ခဲ့တဲ့ ကာလတွေမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ စီးပွားရေးအရ၊ နိုင်ငံရေးအရ ခံစားချက်တွေရှိနိုင်ပါတယ်။ အဲဒီတော့ သူတို့ရဲ့ဒီခံစားချက်တွေကို ကျွန်တော်တို့တွေအနေနဲ့ တတ်နိုင်သလောက်ဖြေရှင်းဆောင်ရွက်ပေးနေတာပါ။ သူတို့ရဲ့အကျိုးစီးပွားတွေ ဖော်ဆောင်ပေးနေတာ ကျွန်တော်တို့တွေရဲ့ လုပ်ဆောင်ချက်တွေဖြစ်ပါတယ်။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက်က မတူနိုင်ဘူးပေါ့။ ကွာခြားချက်တော့ရှိနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ တပ်မတော်ဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်တဲ့အတွက် ပြည်သူတွေအကျိုးစီးပွားကို ကာကွယ်ပေးတဲ့ ဖော်ဆောင်ပေးတဲ့ တပ်ဖြစ်အောင်၊ နိုင်ငံကိုလုံခြုံအောင် ကာကွယ်ပေးနိုင်တဲ့ တပ်မတော်ဖြစ်တယ်ဆိုတဲ့အကြောင်း ပြည်သူကအမြဲတမ်းထာဝရ ယုံကြည်နေအောင် ကျွန်တော်တို့အနေနဲ့ လုပ်ဆောင်နေပါတယ်။ ဒါဟာ လက်တွေ့လုပ်ဆောင်ချက်တွေမှာ ကြည့်လိုက်ရင် သိပါတယ်။

CNA ပြည်သူတွေသတိထားမိစေမယ့် ဘယ်လိုမျိုး အချက်တွေကို လုပ်ဆောင်ပေးပါသလဲ။

ဗိုလ်ချုပ်မှူးကြီး- ဥပမာအားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်နေတာရှိပါတယ်။ တချို့ပြည်နယ်တွေနဲ့ တိုင်းတွေမှာ အချို့တော်တော်လေးအားနည်းတယ်၊ ဥပမာအားဖြင့် နေရေး၊ ထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ကိစ္စရပ်တွေမှာ ကျွန်တော်တို့အများကြီး လုပ်ပေးနေတယ်။ နောက်တစ်ခါပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကျွန်တော်စောစောက ခင်ဗျားပြောခဲ့သလို တိုင်းရင်းသားလက်နက်ကိုင်ပြဿနာလေးတွေရှိခဲ့ပါတယ်။ တချို့နေရာတွေဟာ လုံခြုံမှုစိတ်မချရတဲ့နေရာတွေရှိပါတယ်။ အဲဒီစိတ်မချရတဲ့နေရာတွေမှာ ကျွန်တော်တို့တွေ သက်ဆိုင်ရာ လုံခြုံရေးအကာအကွယ်အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်နေတဲ့ ရဲတပ်ဖွဲ့တွေကို အကူအညီပေးပြီးတော့မှ ကျွန်တော်တို့ဆောင်ရွက်ပေးနေတယ်။ ဒါတွေကို ပြည်သူကသိတယ်။ နောက်တစ်ခုကတော့ သိသာထင်ရှားတဲ့ အလုပ်တစ်ခုဆိုရင် ဥပမာအားဖြင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ပြည်သူတွေအလုပ်လုပ်နိုင်ဖို့လိုတယ်။ အလုပ်လုပ်နိုင်ဖို့ဆိုရင် ကျန်းမာဖို့လိုတယ်။ အဲဒီကျန်းမာနိုင်ဖို့အတွက်ကို ကျွန်တော်တို့ တပ်မတော်က ဆေးတပ်ဖွဲ့တွေနဲ့ တပ်မတော်သားတွေက ပြည်သူ့ကျန်းမာရေးလုပ်ငန်းရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နေတယ်။ တစ်နိုင်ငံလုံးမှာ လုပ်ပေးတယ်။ ဒါလည်းအစိုးရက လုပ်တာလည်း အများကြီးရှိတယ်။ သို့သော်လည်း အစိုးရကတချို့နေရာတွေမှာ မရောက်နိုင်တာလေးတွေရှိတယ်။ ကျွန်တော်တို့က အားဖြည့်ပေးတာပေါ့။ ဒါတွေက ကျွန်တော်တို့နိုင်ငံမှာ သိသာထင်ရှားတဲ့ လုပ်ဆောင်ချက်တစ်ခုထဲမှာပါတယ်။

CNA ခုနကပြောပြခဲ့တဲ့အရာတွေက သူတို့အတွက် ဘယ်လောက်ပဲ အကျိုးရှိရှိ ပြည်သူတွေအရင်တုန်းက ပြုလုပ်ခဲ့တဲ့သမိုင်းမှာ ထင်ခဲ့တဲ့ကိစ္စတွေကြောင့် ပြည်သူတွေက ဒီဟာကို အသိအမှတ်မပြုဘူးလို့ ထင်ပါတယ်။

ဗိုလ်ချုပ်မှူးကြီး- ဒီလိုတော့ ပြောလို့မရဘူး။ တစ်နိုင်ငံလုံးကို ခြုံကြည့်မယ်ဆိုရင် တပ်မတော်ရဲ့ လုပ်ဆောင်ချက်တွေကို လက်ခံတဲ့နေရာတွေ အများကြီးရှိနေတယ်။ ဒီလိုပြောနေတာတွေက အနည်းအကျဉ်းပဲဖြစ်တယ်။ ခုနကပြောတဲ့ လူပုဂ္ဂိုလ်ရေးအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ အဲဒီအချိန်မှာ သူတို့ရဲ့နစ်နာမှုနဲ့ပတ်သက်ပြီး ခံစားချက်ရှိတဲ့လူတွေကနေပြီး ပြောဆိုချက်တွေပေါ်မှာ မူတည်ပြီးတော့ ဖြစ်လာတဲ့ အကျိုးသက်ရောက်မှုလို့ ကျွန်တော်ပြောချင်တယ်။

CNA တပ်မတော်က အကောင်းတွေလုပ်နေတာကို ပြည်သူတွေက အဆိုးပဲမြင်နေတယ်လို့ စိတ်ထဲမှာ ခံစားရပါသလား။

ဗိုလ်ချုပ်မှူးကြီး- ကျွန်တော် မခံစားရဘူး။ သူတို့နားလည်တဲ့ အချိန်ကျရင် သူတို့လက်ခံလာလိမ့်မယ်။ နားလည်တဲ့လူလည်း နားလည် နေပါပြီ။ နောက်ကျွန်တော်တို့မှာ ခုနကပြောတဲ့ အတွေ့အကြုံတွေဆိုတာ နည်းပါးတယ်။ အတွေ့အကြုံနည်းတော့ ခုနကပြောတဲ့ ခံစားချက်ရှိတဲ့လူတွေက ဒါမှမဟုတ်ရင် နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့မှ စိတ်ဝင်စားတဲ့လူတွေက ပြောဆိုတာတွေရှိတာပေါ့။ ဒီအပေါ်မှာ သူတို့ နားယောင်ပြီးတော့မှ တချို့လည်း ကျွန်တော်တို့အပေါ်မှာ အမြင်မကောင်းသေးတာလဲရှိပါတယ်။ ကျွန်တော်မရှိဘူးလို့မပြောပါဘူး။ ဒါပေမယ့် အများစုကတော့ ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်တွေအပေါ်မှာ အကောင်းမြင်တယ်လို့ ကျွန်တော်ခံယူထားပါတယ်။

CNA Social Media တွေကနေပြီးတော့ ပြည်သူလူထုက တပ်မတော်အပေါ်မှာ ပိုပြီးတော့ နားလည်လာအောင် ဘယ်လိုဆောင်ရွက်နေတာများရှိပါလဲ။

ဗိုလ်ချုပ်မှူးကြီး- အဓိကကတော့ တပ်ကလည်း သူ့စည်းကမ်းနဲ့သူနေတာပေါ့။ သူ့စည်းကမ်းနဲ့သူနေပြီးတော့မှ တိုင်းပြည်ကိုအကျိုးပြုတယ်ဆိုရင် ပြည်သူကလည်း နားလည်မှာပဲ။ ဒါကိုကျွန်တော်ဦးစားပေးဆောင်ရွက်နေတယ်။ တပ်မတော်ဆိုတာက စည်းကမ်းအင်မတန် အရေးကြီးတယ်။ ထို့အတူပဲ ဥပဒေကို လိုက်နာရတယ်။ အဲဒီတော့ စည်းကမ်းကောင်းတယ်။ ဥပဒေလိုက်နာတယ်ဆိုလို့ရှိရင် ပြည်သူလူထုက ကျွန်တော်တို့အပေါ်မှာ အထင်အမြင်လွဲစရာ အကြောင်းတော့မရှိဘူး။ ဒါကိုကျွန်တော်က ဦးစားပေးပြီး လုပ်တယ်။ အခုလည်း ကျွန်တော်စည်းကမ်းကိုင်ပြီးတော့မှ ဥပဒေနဲ့အညီဖြစ်အောင် ဆောင်ရွက်မှုတွေ အများကြီးရှိပါတယ်။ လူဆိုတာကတော့ မတစ်ထောင်သားဖြစ်တဲ့အတွက်ကြောင့် စည်းကမ်းဖောက်တဲ့သူမရှိဘူးလို့ ကျွန်တော်မပြောပါဘူး။ မရှိဘူးတော့မဟုတ်ဘူး။ ရှိမှာပဲ။သို့သော်လည်း စည်းကမ်းဖောက်လာရင် ပြင်းပြင်းထန်ထန် အရေးယူတာပေါ့။ တစ်ဖက်ကလည်း ပြည်သူလူထုနဲ့ ပတ်သက်တဲ့ကိစ္စဆိုရင်တော့ ဥပဒေနဲ့အညီ ကျွန်တော်အရေးယူမယ်။ တကယ်လို့ ဥပဒေနဲ့အညီလုပ်လို့ သူ့ဘက်က စည်းကမ်းချိုးဖောက်တာ၊ သူ့လုပ်ဆောင်ချက်ကဥပဒေနဲ့မညီဘူးလို့ ပေါ်လွင်တယ်ဆိုရင်တော့ အပြင်မှာ၊ အရပ်ဘက်မှာ အရေးယူတာထက် ကျွန်တော်တို့က ပိုပြင်းထန်တယ်။ မလုပ်ရဲအောင် ပြစ်ဒဏ်ချတယ်။ ဒါကတော့ ကျွန်တော်တို့ဘက်က လုပ်ဆောင်ချက်ဖြစ်ပါတယ်။ ဒီလုပ်ဆောင်ချက်ကို ပြည်သူကသိတယ်ဆိုရင် ပြည်သူကကျွန်တော်တို့အပေါ်မှာ လက်ခံမှာဘဲဖြစ်ပါတယ်။

CNA တပ်မတော်သားတွေက စည်းကမ်းလိုက်နာရတယ်။ ပိုပြီးတော့ စည်းကမ်းကြီးတယ်လို့ ပြောပါတယ်။ဒါပေမယ့် တချို့ကိစ္စရပ်တွေမှာ တပ်မတော်သားတွေက အပြစ်ကနေလွတ်မြောက်နေတာကို ဘယ်လိုဖြေရှင်းပေးမှာပါလဲ။

ဗိုလ်ချုပ်မှူးကြီး- အဲဒါဆို သူတို့နစ်နာမှုအတွက် တိုင်လို့ရတယ်။ နံပါတ်တစ်အချက်က ပြည်သူက တကယ် နစ်နာမှုရှိတယ်ဆိုရင် တိုင်လို့ရတယ်။ နောက်တစ်ခုက ဒီ တပ်မတော်သားတွေ တာဝန်ထမ်းဆောင်တဲ့နယ်မြေနဲ့ အခြေအနေအပေါ်မှာလည်း မူတည်တယ်။ ပြည်သူတစ်ယောက်အနေနဲ့ ကြည့်မယ်ဆိုရင်တော့ အပြစ်လို့ယူဆပေမယ့် သူက သူ့ရဲ့လုပ်ပိုင်ခွင့်အရ လုပ်တဲ့ဟာမျိုးဆိုရင်တော့ သူ့အတွက်က အပြစ်မဟုတ်ဘူး။ ဒါပေမယ့် ဒါကိုပြည်သူက အပြစ်လို့ မြင်လိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့က လက်နက်ကိုင်ပြီး တာဝန်ထမ်းဆောင်နေတဲ့လူတွေဖြစ်တာကိုး။ လက်နက်ကိုင်ပြီး တာဝန်ထမ်းဆောင်နေတဲ့လူတွေဖြစ်တဲ့အတွက်ကြောင့် အမှားအယွင်းတော့ ပါမှာပဲ။ ဒါ့ကြောင့် လက်နက်ကိုင်တဲ့လူတစ်ယောက်ကိုလည်း သူ့ရဲ့လုပ်ပိုင်ခွင့်တွေပေးထားသလိုပဲ၊ ကန့်သတ်ထားတဲ့ဟာတွေကလည်း အများကြီးရှိတယ်။ လုပ်ပိုင်ခွင့်နဲ့ပတ်သက်ရင်လည်း သူ့အတွက် Right ပဲဖြစ်တယ်။ ကန့်သတ်ချက်နဲ့ပတ်သက်လာရင် လေးစားရတယ်။ ကန့်သတ်ချက်ထက်ကျော်လွန်ရင်တော့ သူအရေးယူခံရမယ်။ ဒါကြောင့် တကယ်လို့သာ အဲဒီလိုဖြစ်တယ်ဆိုရင်လည်း ပြည်သူတွေအနေနဲ့ အချိန်မရွေးတင်ပြလို့ရတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဖြေရှင်းဆောင်ရွက်ပေးဖို့ အဆင်သင့်ရှိနေပါတယ်။

CNA တပ်မတော်ရဲ့အောက်မှာရှိတဲ့ တပ်သားတွေအားလုံးက ဘယ်ပြစ်မှုကျူးလွန်ပြီးတော့မှ ပြစ်ဒဏ်မခံရတာ မဖြစ်စေပါဘူးလို့ ကတိပေးပါသလား။

ဗိုလ်ချုပ်မှူးကြီး- မှန်တယ်။ ဥပဒေနဲ့အညီပဲဖြစ်ရမယ်။ ဒီမှာကျွန်တော်တို့က ဥပဒေမရှိဘဲနဲ့ ဘာမှလုပ်လို့မရဘူး။ ကျွန်တော်တို့ဆီမှာ ခုနကပြောတဲ့ စည်းကမ်းတွေရှိတယ်။ စည်းကမ်းဆိုတာ တချို့ဟာတွေက တိုက်တွန်းချက်တွေ၊ တချို့ဟာတွေက တားမြစ်ချက်တွေ၊ ဒီလိုတိုက်တွန်းချက်နဲ့ တားမြစ်ချက်စည်းကမ်းတွေကို မလိုက်နာဘူးဆိုရင် ဥပဒေအရအရေးယူရမယ်။ ဒါပေမယ့် ဥပဒေမှာ သူသတ်မှတ်ထားတဲ့အကြောင်းအရာတွေရှိတယ်။ ဘယ်ဟာနဲ့ မကိုက်ညီဘူး။ မညီညွတ်ဘူးဆိုရင် ပြစ်မှုမြောက်တယ်။ ပြစ်မှုမမြောက်ဘူးဆိုတာရှိတယ်။ ဒီအပေါ်မူတည်ပြီးတော့ပဲ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာ ဆုံးဖြတ်ရတာပဲဖြစ်တယ်။ ခုနက ကျွန်တော်ပြောသလိုပဲ။ ပြည်သူကတော့ သူက အပြစ်ရှိတယ်လို့ သူ့ရဲ့ဥပဒေအရပြောပေမယ့်လည်း ဒါတွေက ရှေ့နေတို့၊ တရားသူကြီးတို့က ဥပဒေနဲ့ညီညွတ်ခြင်း ရှိ/မရှိ လေ့လာပြီးတော့မှ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာ ဆုံးဖြတ်မှာဖြစ်တယ်။ ခုနက ခင်ဗျားပြောတာကတော့ ပြည်သူရဲ့ဆန္ဒပေါ့။ ပြည်သူရဲ့ဆန္ဒကို ကျွန်တော်ကလေးစားပါတယ်။ ကျွန်တော့်ဆီမှာကို နေ့စဉ်နဲ့အမျှ ကျွန်တော့်ဆီစာရေးနေတာတွေရှိပါတယ်။ တချို့ဟာတွေကို ကျွန်တော် စိစစ်တဲ့အခါကျတော့ သူတို့လိုချင်တဲ့ဆန္ဒကိုပြောတာ၊ တကယ်တော့ ဥပဒေနဲ့မညီဘူး၊ စည်းကမ်းနဲ့မညီဘူး၊ ဒီလိုလည်း ကျွန်တော်တွေ့တယ်။ တချို့ကျတော့လည်း မှန်တာကိုတွေ့တယ်။ တချို့က ကျွန်တော်တို့ တပ်မတော်နဲ့ ပတ်သက်တဲ့ကိစ္စတွေရှိတယ်။ တချို့ကြတော့ တပ်မတော်နှင့် မဆိုင်တဲ့ကိစ္စတွေရှိတယ်။ ဒါတွေဆိုရင် သက်ဆိုင်ရာဌာနတွေကို ပေးပြီးတော့ ဒါတွေကိုစိစစ်ပေးပါလို့ ကျွန်တော်ပြောပါတယ်။ တချို့ဟာကျတော့လည်း တပ်မတော်က တာဝန်ရှိတဲ့လူတွေကို ဒါတွေစစ်ကြည့်ပါလို့ ကျွန်တော်ပြောတယ်။ အဲဒီအချိန်မှာ တချို့ဟာတွေ မှားယွင်းနေတာတွေ့တယ်။ တချို့ဟာတွေမှန်နေတာလည်းတွေ့တယ်။ မှန်လို့ရှိရင်၊ တပ်နဲ့ဆိုင်လို့ရှိရင် တပ်မတော်က အရေးယူ၊ တပ်နဲ့မဆိုင်ရင် သက်ဆိုင်ရာဌာနတွေက အရေးယူပေါ့။ သက်ဆိုင်ရာဌာနတွေကို ကျွန်တော်ကအကြောင်းကြားပေးတယ်။ ကျွန်တော်လုပ်နိုင်တာက ဒါပဲရှိပါတယ်။

CNA တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ တာဝန်ကိုထမ်းဆောင်ပြီး နောက်ပိုင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ခဲ့ပါတယ်၊ အခုလို မီဒီယာတွေ လက်ခံတွေ့ဆုံတာမျိုးအပြင် ရှေ့ဆက်ပြီးတော့ ဘာတွေ ဆက်လုပ်ဖို့ရှိပါသလဲ။

ဗိုလ်ချုပ်မှူးကြီး- လုပ်ရမှာတော့အများကြီးပဲ၊ အများကြီးရှိတယ်၊ မီဒီယာနဲ့တွေ့တယ်ဆိုတာကလည်း ကျွန်တော်တွေ့သင့်တဲ့လုပ်ငန်းတစ်ခုပါပဲ၊ ကျွန်တော်တို့ဘက်က ဖြစ်ချင်တာ၊ ပြည်သူဘက်ကနေပြီးတော့သိချင်တာ ပြည်သူဘက်က ခံစားချက်နဲ့ ပတ်သက်တာ၊ ဒါတွေကို ကျွန်တော်တို့က ဖြေရှင်းလို့ရတဲ့လမ်းကြောင်းတစ်ခုလို့ မြင်တယ်၊ ကျွန်တော်တို့ တပ်မတော်က နိုင်ငံအတွက် ဘာတွေလုပ်နေတယ်ဆိုတာကိုလည်း ပြောနိုင်တဲ့လမ်းကြောင်းတစ်ခုလည်း ဖြစ်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က မီဒီယာနဲ့ ဆောင်ရွက်မှုအပိုင်းအနေနဲ့ ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်တယ်၊ တစ်ဖက်ကလည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ တပ်မတော်ရဲ့ လုပ်ဆောင်ချက်တွေဟာ နိုင်ငံအတွက် တကယ်အကျိုးရှိတဲ့ လုပ်ဆောင်ချက်တွေဖြစ်တယ်ဆိုတာ သိအောင်လုပ်ရမယ်၊ ဒီလုပ်ငန်းရပ်တွေကလည်း အများကြီးရှိတယ်၊ ခုနကကျွန်တော်ပြောခဲ့ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဆိုရာမှာ ကျွန်တော်တို့ တိုက်ရိုက်လုပ်လို့ရတဲ့ကိစ္စတွေရှိသလို ကျွန်တော်တို့ တိုက်ရိုက်လုပ်လို့ မရတဲ့ နယ်ပယ်တွေလည်းရှိတယ်၊ ဒါမျိုးဆိုရင်လည်း ဆောင်ရွက်ပေးနိုင်တာကို တကယ်ဆောင်ရွက်တဲ့အဖွဲ့အစည်းတွေကို ကူညီပေးတာမျိုးပေါ့၊ ဒါတွေကို ကျွန်တော်တို့က ပိုပြီးတော့ထိထိရောက်ရောက် အလေးထားဆောင်ရွက်ပေး သွားမှာ ဖြစ်တယ်။ ဒါတပ်မတော်ရဲ့တာဝန်ပဲ။

CNA အခုဒီအချိန်ဟာ မီဒီယာနဲ့တွေ့ပြီးတော့ ပွင့်ပွင့်လင်းလင်းပြောဖို့ အချိန်ရောက်ပြီလို့ ထင်ပါတယ်။

ဗိုလ်ချုပ်မှူးကြီး- ကျွန်တော်တို့သွားနေတာ ပါတီစုံဒီမိုကရေစီလမ်းကြောင်း သွားနေတာပဲ၊ နိုင်ငံတကာမှာလည်း ဒီလိုပဲသွားနေတာပဲ၊ ဥပမာအားဖြင့် ကျွန်တော်ဂျပန်နိုင်ငံကို သွားတယ်၊ ဂျပန်နိုင်ငံက ကျွန်တော့်ကိုရှင်းပြတယ်၊ ကိုးရီးယားနိုင်ငံကိုသွားတယ်၊ ကိုရီးယားနိုင်ငံက ကျွန်တော့်ကို ရှင်းပြတယ်၊ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို ပြည်သူကနေသိရှိတဲ့အခါမှာ သူတို့လုပ်ရတဲ့လုပ်ငန်းတွေ ပိုပြီးချောမွေ့လာတယ်လို့ပြောတယ်၊ ရှင်းပြတယ်၊ ဒါကျွန်တော့်အတွက် အတွေ့အကြုံတစ်ခုပါပဲ၊ ဒီမိုကရေစီလမ်းကြောင်းဆိုတာ ပြည်သူနဲ့မထိတွေ့လို့မရဘူး၊ ပြည်သူနဲ့ ထိကိုထိတွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူနဲ့ ထိတွေ့တယ်ဆိုတိုင်းလည်း ပြည်သူရဲ့တောင်းဆိုချက်တွေ အားလုံး လုပ်ပေးရမယ်လို့ ဘယ်မှာမှမဆိုထားဘူး၊ သူ့စည်းကမ်းတွေ ဥပဒေတွေနဲ့အညီ သွားရမယ်၊ သူတို့ကိုကျွန်တော်တို့က ရှင်းပြမယ်။ သူတို့ လိုလားချက်တွေကိုနားထောင်မယ်၊ အဲဒီအထဲမှာ ဖြစ်သင့်တာတွေကို လက်ခံပြီးတော့အရေးယူဆောင်ရွက်မယ်၊ မဖြစ်သင့်ဘူးဆိုလို့ရှိရင်လည်း သူတို့ကို ရှင်းလင်းပြောပြမယ်၊ ကျွန်တော့် တပ်မတော်တစ်ခုတည်းမဟုတ်ဘူး၊ ဘယ်အဖွဲ့အစည်းမဆို ဒီအတိုင်းသွားရမှာဖြစ်တယ်။ တရားရေးလည်း တရားရေးအလျောက်၊ အုပ်ချုပ်ရေးလည်း အုပ်ချုပ်ရေးအလျောက်၊ အစိုးရလည်း အစိုးရအလျောက်ပေါ့၊ လွှတ်တော်လည်း လွှတ်တော်အလျောက်ပေါ့၊ ဒီလိုပဲသွားရမှာဖြစ်တယ်၊ ပြည်သူနဲ့ ထိတွေ့နေဖို့လိုပါတယ်၊ ဒါကြောင့်ကျွန်တော်တို့ ဆက်ဆံပါတယ်။

CNA ခုလိုအချိန်မှာဆောင်ရွက်တာဟာ လာမယ့် ရွေးကောက်ပွဲအတွက် လမ်းကြောင်း တစ်ခု ဖြစ်နိုင်တယ်လို့ ယူဆပါသလား။

ဗိုလ်ချုပ်မှူးကြီး- ရွေးကောက်ပွဲကလည်း ရွေးကောက်ပွဲကော် မရှင်က လုပ်ရမယ့်ကိစ္စ၊ ကျွန်တော်တို့အနေနဲ့က ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားပြီဆိုတဲ့အတွက်ကြောင့် ဒီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာဖြစ်ဖို့လိုတယ်၊ ရွေးကောက်ပွဲဆိုတာလည်း သတ်မှတ်ထားတဲ့ ကာလအတွင်းမှာတော့ လုပ်ကြရမှာပဲ၊ ဒီလိုလုပ်တဲ့အခါမှာ ရွေးကောက်ပွဲကို ယုံကြည်မှုရှိဖို့လိုတယ်၊ ဒါကတော့ ကျွန်တော်တို့ လုပ်ဆောင်ချက်တွေက တစ်ကဏ္ဍအနေနဲ့ ပါသလိုပဲ၊ ဒီကဏ္ဍပေါင်းစုံတွေမှာ တာဝန်ရှိတဲ့သူတွေ အဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေအားလုံး ပါမှရမယ်၊ ကျွန်တော့်လုပ်ဆောင်ချက်တစ်ခုတည်းနဲ့ မဖြစ်ဘူး၊ မလုံလောက်ဘူး၊ အားလုံးပါမှရမယ်၊ အားလုံးကနားလည်ရမယ်၊ အားလုံးကရင့်ကျက်ဖို့လည်းလိုတယ်၊ ဥပမာအားဖြင့် ကျွန်တော်တို့ အိမ်နီးနားချင်းနှစ်နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိုင်းနိုင်ငံပေါ့၊ သူတို့လွန်ခဲ့တဲ့ သုံးနှစ်ကာလအတွင်းမှာ လုပ်တဲ့ ရွေးကောက်ပွဲရှိခဲ့တယ်၊ တစ်ပါတီကနိုင်သွားတယ်၊ တစ်ပါတီကို ထောက်ခံတဲ့သူတွေက မကျေနပ်ဘူး၊ မကြိုက်ဘူး၊ ဒါတွေလည်း အများကြီးဖြစ်ခဲ့တယ်၊ ဒါဘာလဲဆိုရင် ရင့်ကျက်မှုပဲဖြစ်တယ်၊ ဒါတွေကလည်း ရွေးကောက်ပွဲအောင်မြင်မှုမှာ အများကြီး သက်ရောက်မှုရှိတယ်၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တပ်မတော် လုပ်ဆောင်ချက်တစ်ခုတည်းတင်မဟုတ်ဘူး၊ သက်ဆိုင်ရာအားလုံး ပြည်သူလူထုအားလုံးပါပြီးတော့ လုပ်မှရမယ်လို့ ကျွန်တော်မြင်တယ်။

ပြည်တွင်းသတင်း

ရန်ကုန်-ပုသိမ်လမ်းမကြီးနံဘေး ကျူးကျော်လူနေဆိုင်ခန်းများ ဖယ်ရှားရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းမကြီး တစ်လျှောက်ရှိ လမ်းဘေး လူနေကျူးကျော်ဆိုင်ခန်းများကို ဇန်နဝါရီ ၂၁ ရက်က စတင်ဖယ်ရှားရှင်းလင်းလျက်ရှိရာ ဇန်နဝါရီ ၂၃ ရက်တွင် အမှတ် (၇) ရပ်ကွက် မီးခွက်စျေးအောက်ထိပ်ရှိ လမ်းနံဘေး လူနေကျူးကျော်ဆိုင်များကို သုံးရက်မြောက်နေ့အဖြစ် ရှင်းလင်းဖယ်ရှားလျက်ရှိပြီး မြို့နယ်ဧရိယာ အဆုံးဖြစ်သော အမှတ် (၉) ရဲတပ်ရင်းအထိ ဆက်လက်ဖယ်ရှားရှင်းလင်းသွားမည်ဖြစ်ကြောင်းသိရသည်။

"စျေးရောင်းရင် ထီးအမိုးနဲ့ ရောင်းလို့ရတယ်၊ လူနေတဲဆောက်လို့မရဘူး၊ မြို့အင်္ဂါနဲ့ မညီညွတ်ဘူး၊ အဓိက မိန်းလမ်းမကြီးတွေဖြစ်တဲ့အတွက် လမ်းပေါ်စျေးသည်တွေကြောင့် အများပြည်သူနဲ့ယာဉ်မောင်းတွေ အခက်အခဲကြုံနေရတယ်၊ တာဝန်ပေးတဲ့အတိုင်း ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု စက်မှုဇုန် (၄) ရွှေသံလွင်အနီး ကားလမ်းနံဘေးရှိ ကျူးကျော်လူနေဆိုင်ခန်းများကို ရှင်းလင်းနေသော မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစ၍ ကျူးကျော်တဲ စျေးဆိုင်များ သိသာစွာတိုးလာရာ လက်ရှိတွင်ကျူးကျော်တဲ နှစ်သောင်းခန့်ရှိ၍ ဇန်နဝါရီ ၂၁ ရက်ကစတင်ကာ ရန်ကုန်-ပုသိမ် ကားလမ်းရှိ တစ်ထိပ်မှတ်တိုင်မှစပြီး လမ်းဘေး လူနေစျေးဆိုင်များကို ဖယ်ရှားလျက်ရှိကြောင်း၊ ရွှေပြည်သာ တံတားအဆင်း လမ်းမကြီး တစ်လျှောက်ရှိ စျေးဆိုင်များကိုလည်း ဖယ်ရှားရှင်းလင်းပြီးဖြစ်၍ ကျန်ရှိသော လမ်းမကြီးများ ဝဲ/ယာ တစ်လျှောက်မှ ကျူးကျော်လူနေဆိုင်ခန်းများကို ဆက်လက်ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။ **သန်းထိုက်(လှိုင်သာယာ)**

မရမ်းကုန်းမြို့နယ် ပြည်လမ်းမကြီးဘေး တိုက်ခံအိမ် မီးလောင်ကျွမ်းမှု ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက် ပြည်လမ်းမကြီးနှင့် ဘောဂလမ်းထောင့် လုံးချင်းတိုက်ခံနှစ်ထပ်အပေါ်မှ ယနေ့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်က မီးလောင်ကျွမ်းမှုစတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ၄င်းနေအိမ် မွမ်းမံပြုပြင်နေသော လှိုင်သာယာကန်ပတ်လမ်း ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာနေ မောင်မိုးဇော် (ခ) တရုတ်ကြီး (၃၄နှစ်) က အိမ်ခေါင်မိုးပြုပြင်ရန် မော်တာဖြတ်စက် အသုံးပြုရာမှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၂၅ စီး၊ ကွပ်ကဲမှုယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ သန္ဓေမီးသတ် ၁၈၉ ဦး၊ အရန်မီးသတ် ၈၃ ဦး၊ သူနာပြုယာဉ် သုံးစီးနှင့်အတူ ကြက်ခြေနီတပ်ဖွဲ့ဝင် ၆၀ တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၃နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၃ နာရီ ၄၅မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးပေါ့ဆမှုဖြင့် မောင်မိုးဇော်(ခ) တရုတ်ကြီးကို မရမ်းကုန်းမြို့နယ်မြို့မရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၁၅)**

ဖြူးမြို့နယ်၌ ပုံးဟောင်းတစ်လုံးတွေ့ရှိ

ဖြူး ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ မင်းလမ်းကူးကျေးရွာအုပ်စု မင်းလမ်းကူးရွာနေ ဦးမြင့်နိုင်သည် ဇန်နဝါရီ ၂၂ ရက် ည ၁၁ နာရီခွဲက နေအိမ်နောက်ဘက်၌ အသစ်တူးထားသော အိမ်သာအနီးတွင် အမှိုက်များမီးရှို့ရန် ပြုလုပ်နေစဉ် အိမ်သာအတွင်းသို့ ဓာတ်မီးဖြင့် ထိုးကြည့်ရာ ကျည်ဆန်ထိပ်ဖူးဟု ယူဆရသော အရာတစ်ခုတွေ့ရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုးအားအကြောင်းကြားရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကညွတ်ကွင်းရဲစခန်းသို့ သတင်းပေးပို့ခဲ့သည်။

သတင်းပေးပို့ချက်အရ ကညွတ်ကွင်းရဲစခန်းမှူး ရဲအုပ်ညွန့်သန်းနှင့်အဖွဲ့၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးထွန်းလင်းဦးနှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးရာ အလျား နှစ်ပေငါးလက်မ၊ လုံးပတ် တစ်ပေ ငါးလက်မရှိ ဂျပန်ခေတ်စစ်ကျန်ဟု ယူဆရသော ပုံးဟောင်းတစ်လုံးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါပုံးကို နယ်မြေခံတပ်ရင်းသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

မီးသတိပြု

လုပ်အားခငွေတောင်းခံသည့်ကိစ္စနှင့်ပတ်သက်၍ စကားများစဉ် တိုက်ပေါ်မှတွန်းချခဲ့သော ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၃

လှိုင်သာယာမြို့နယ်နေ ဦးမြင့်ဌေး (၆၀နှစ်)သည် ဗိုလ်တထောင်မြို့နယ် (၃)ရပ်ကွက် စန္ဒကူးလမ်းရှိ ကန်ထရိုက်တိုက်ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ညီဖြစ်သူ ပေါ်ဦး(၄၂နှစ်)နှင့်အတူ ပန်းရန်လုပ်ကိုင်လျက်ရှိကြောင်း၊ ၄င်းတို့နှစ်ဦးက အဆိုပါဆောက်လက်စတိုက် မြေညီထပ်၌ အလုပ်သမားခေါင်းဆောင်ဖြစ်သူ ထွန်းထွန်းနှင့်ဇနီး မငြိမ်းငြိမ်း၊ အလုပ်သမား ရဲရင့်အောင်တို့နှင့်အတူ နေထိုင်ကြကြောင်း၊ ဇန်နဝါရီ ၁၈ရက် ညနေ ၄ နာရီက ၄င်းနှင့် ညီဖြစ်သူ ပေါ်ဦး၊ ထွန်းထွန်းတို့သည် အတူအရက်သောက်ခဲ့ကြပြီး ပေါ်ဦးကလုပ်အားခငွေကို ထွန်းထွန်းထံတောင်းရာမှ စကားများခဲ့သဖြင့် ၄င်းက ဖျန်ဖြေပေးခဲ့ရကြောင်း၊ ယင်းနောက် ရဲရင့်အောင် အပြင်မှပြန်ရောက်လာပြီး ညီဖြစ်သူနှင့်အတူ ထမင်းစားထွက်သွား၍ ၄င်းလည်း အိပ်ရာဝင်ခဲ့ကြောင်း၊ ည ၈ နာရီတွင် ထွန်းထွန်း၏ဇနီးဖြစ်သူ မငြိမ်းငြိမ်း၏ အော်သံကြား၍ထကြည့်ရာ ပေါ်ဦးသည် မြေပြင်တွင်လဲကျနေသည်ကို တွေ့ရှိရသဖြင့် ရဲရင့်အောင်ကို မေးမြန်းရာ ထွန်းထွန်းက ရန်စကားပြောနေသဖြင့် ရဲရင့်အောင်နှင့် ပေါ်ဦးတို့သည် တိုက်၏ငါးလွှာသို့ တက်၍ရှောင်နေခဲ့ကြောင်း၊ ထွန်းထွန်းက နောက်မှလိုက်လာပြီး ပေါ်ဦးနှင့် ထပ်မံစကားများစဉ် ထွန်းထွန်းက ရုတ်တရက်တွန်းချလိုက်ခြင်း ဖြစ်ကြောင်းသိရှိရပြီး ပေါ်ဦးကို ရန်ကုန်ဆေးရုံကြီးသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားကြောင်းနှင့် ယင်းကဲ့သို့ ကျူးလွန်ခဲ့သူ ထွန်းထွန်းကို အရေးယူပေးရန် တိုင်တန်းလာခဲ့သဖြင့် ဗိုလ်တထောင်မြို့မရဲစခန်းက အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ထွန်းထွန်းကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူ ထွန်းထွန်းကို ဖမ်းဆီးရမိရေးအတွက် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှတပ်ဖွဲ့ဝင်များနှင့် ဗိုလ်တထောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က စုံစမ်းဆောင်ရွက်ခဲ့ရာ ထွန်းထွန်းကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ထန်းတပင်မြို့နယ် ပန်တိုင်ကျေးရွာထိပ် ရန်ကုန်-ပုသိမ်ကားလမ်းရှိ အမှတ် ၉၁ ကားဂိတ်အနီးမှ ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိသူ ထွန်းထွန်း(၄၀နှစ်)ကို စစ်ဆေးရာ ၄င်းသည် အခင်းဖြစ်ချိန်က ပေါ်ဦးနှင့် ရဲရင့်အောင်တို့ရှိရာ တိုက်ငါးလွှာသို့ တက်လိုက်သွားစဉ် ၄င်းတို့နှစ်ဦးသည် တိုက်လက်ရန်းဝရန်တာပေါ်၌ ထိုင်ကာစကားပြောနေ သည်ကိုတွေ့ရှိရပြီး လုပ်အားခငွေတောင်းခံသည့်ကိစ္စနှင့် ပတ်သက်၍ ပေါ်ဦးနှင့်ထပ်မံစကားများရာမှ ပေါ်ဦးကို တွန်းလိုက်ရာ တိုက်အောက်သို့ ပြုတ်ကျသွားခြင်းဖြစ်ကြောင်း ပေါ် ပေါက်ခဲ့သဖြင့် ၄င်းကိုအမှုဖြင့် ဆက် လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်လှမောင်



မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

စဉ့်ကိုင်မြို့နယ်၊ ကြက်မျှားအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ယူခဲ့ကြဖူးသော ကျောင်းသား/သူဟောင်းအပေါင်းက ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျွန်တော် ကျွန်မတို့ကျောင်းတွင် ပညာသင်ကြားပို့ချခဲ့ကြပါသော အသက် (၆၀) ပြည့်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများက အာစရိယဂုဏ်ရည်ကို ရည်မှတ်၍ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပူဇော်ကန်တော့ခံ ကြွရောက်ပါရန် လေးမြတ်ရိုသေစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၆ ခုနှစ် တပို့တွဲလဆန်း၆ရက် (၂၅-၁-၂၀၁၅ရက်) တနင်္ဂနွေနေ့
အချိန် - နံနက် ၁၀း၀၀ နာရီ
နေရာ - ကုံကော်ခန်းမ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကြက်မျှား

ကမ္ဘောဇမောင်၊ ကမ္ဘောဇမယ်ပြိုင်ပွဲကျင်းပမည်

တောင်ကြီး ဇန်နဝါရီ ၂၃

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သည့် ရှမ်းပြည်နယ်နေ့နှင့် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တို့ကို ကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကမ္ဘောဇမောင်နှင့် ကမ္ဘောဇမယ် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄၊ ၅၊ ၇ ရက်နေ့တို့တွင် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက အဖွဲ့ဝင် ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ဇန်နဝါရီ ၂၂ရက်တွင် ကျင်းပသည့် ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြိုင်ပွဲသို့ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင် ၁၃ ခုမှ အသက် ၁၈ နှစ်မှ ၂၇ နှစ်အတွင်း အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းလေးဦးစီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားပြီး တောင်ကြီးမြို့ပေါ်မှမူ ကန့်သတ်မှုမရှိ ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်များအားလုံး တောင်ကြီးမြို့သို့ ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားရောက်ရှိပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ တောင်ကြီးတက္ကသိုလ်နှင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ သတင်းပို့ရန် နှိုးဆော်ထားသည်။ ပြိုင်ပွဲဝင်များအား တည်းခိုရန်နေရာနှင့် စားစရိတ်များစီစဉ်ပေးမည်ဖြစ်ပြီး ပထမဆုငွေသား ၁၀ သိန်းနှင့် စလွယ်၊ နှင်တံ၊ သရဖူတို့ပေးအပ်မည်ဖြစ်ပြီး ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ နှစ်သိမ့်ဆု သုံးဆု ငွေကျပ် တစ်သိန်းစီနှင့် ပြိုင်ပွဲဝင်ဆု ငွေကျပ် ငါးသောင်း ချီးမြှင့်မည်ဖြစ်ကာ ကမ္ဘောဇမောင်/မယ်ပြိုင်ပွဲ ကျင်းပခြင်းအားဖြင့် ပြည်နယ်အတွင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် အမျိုးသားအမျိုးသမီးငယ်များ ပေါ်ထွက်လာစေရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

ဒီမိုကရေစီပညာရေးစနစ်ပေါ်ပေါက်လာရေး ဆန္ဒထုတ်ဖော် ဒီမိုကရေစီဖော်ဆောင်ချိန်ဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်

ကျောက်ဆည် ဇန်နဝါရီ ၂၃

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် အထက်မြန်မာပြည်မှ ဒုတိယဥက္ကဋ္ဌ မိုးတက်နေ(ခေါ်) အောင်ကျော်မိုးနှင့် အောင်မှိုင်းဆန်းတို့ ဦးဆောင်သော ရန်ကုန်၊ ရတနာပုံတက္ကသိုလ်၊ ကျောက်ဆည်နည်းပညာတက္ကသိုလ်၊ မြင်းခြံနှင့် မုံရွာတို့မှ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင်များ စုစုပေါင်း ၃၀ သည် ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ မူလငါးဆူကျောင်းတိုက်မှ ဆက်လက်ထွက်ခွာလာခဲ့ကြရာ ကျောက်ဆည်မြို့ ပြည်လုံးနိုင်ရပ်ကွက် စုကြီးထန်းတောအပိုင်းရှိ နေအိမ်သို့ ည ၇ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကာ ညအိပ်ရပ်နားခဲ့ကြသည်။

အဆိုပါအဖွဲ့ ဖြတ်သန်းရာ လမ်းတစ်လျှောက်တွင် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ဒီမိုကရေစီပညာရေးစနစ်ကို ဖော်ဆောင်နိုင်မည့် အမျိုးသားပညာရေးမူဝါဒဥပဒေများ ပေါ်ပေါက်လာရေး အခြေခံလိုအပ်ချက်များနှင့် ပတ်သက်သော သဘောထားထုတ်ပြန်ကြေညာချက် ခေါင်းစဉ်ပါစာရွက်များ ဖြန့်ဝေမှုနှင့်အတူ ကြွေးကြော်သံများဖြင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့များက ၎င်းအဖွဲ့အား တွေ့ဆုံ၍ ခွင့်ပြုချက်တောင်းခံပါက ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ တောင်းခံရန် လိုအပ်ကြောင်း ရှင်းလင်းပြောဆိုခဲ့ကြသည်။

ထို့နောက် ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ၎င်းတို့ ခေတ္တနားခိုသည့် အိမ်သို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး ယခုကဲ့သို့ လုပ်ဆောင်မှုသည် ဥပဒေချိုးဖောက်ရာရောက်သဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်နေချိန်ဖြစ်၍ ဒီမိုကရေစီကျင့်ထုံးနှင့်အညီ လိုက်နာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြောင်း၊ ကျောင်းသားများ၏ အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များတွင် ထည့်သွင်းလိုမှုများအပေါ် သုံးသပ်ပြင်ဆင်ပေးနိုင်ရန် အတွက်လည်း နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ထားကြောင်း၊ ၎င်းသဝဏ်လွှာနှင့်ပတ်သက်၍ အများပြည်သူ သိရှိနိုင်ရန်အတွက် သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သော်လည်း အဆိုပါအဖွဲ့အနေဖြင့် ၎င်းတို့အစီအစဉ်အတိုင်းသာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ပြောဆို၍ မြစ်သားမြို့နှင့် ဒွားထိုးကြီးမြို့နယ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

"အားလုံးဆောင်ရွက်၊ အားလုံးတွက်တည့်" ဆောင်ပုဒ်ဖြင့် မြန်မာပညာရေးလောကအတွက် အထက်တန်းပြဆရာ ဆရာမများကို နှစ် (၅၀) ပြည့် ရွှေရတုတိုင်အောင် လေ့ကျင့်မွေးထုတ်လျက်ရှိသည့် အမိပညာရေးတက္ကသိုလ်၏ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော မြတ်ဆရာပူဇော်ပွဲကို နှစ်စဉ်တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပခဲ့ရာမှ ယခုနှစ် အကြိမ် (၂၀) မြောက် မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ Learning Hub ခန်းမသစ်သို့ ဇန်နဝါရီ ၃၁ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ပထမဆုံးအကြိမ် ပြောင်းရွှေ့ကျင်းပမည်ဖြစ်သည်။

အကြိမ် (၂၀)မြောက် မြတ်ဆရာပူဇော်ပွဲသို့ အမိပညာရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့၊ တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများ၊ ပညာဆည်းပူးသင်ယူခဲ့၊ သင်ယူဆဲ ဆရာဟောင်း ဆရာလောင်းများနှင့် အမိတက္ကသိုလ် အရိပ်ခိုလှုံခဲ့၊ ခိုလှုံဆဲ ပုဂ္ဂိုလ်များအားလုံး တက်ရောက်ပူဇော်ကန်တော့ကြပါရန် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီက ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန်းသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

မန္တလေး ဇန်နဝါရီ ၂၃

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)၏ ပထမနှစ် ကျောင်းသားကျောင်းသူများ အသက်မွေးဝမ်းကျောင်းပညာရပ်များ တန်ဖိုးထားရေး၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားတိုးတက်ရေးအစီအစဉ်အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ် ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တာဝန်ရှိသူများက ဟောပြောခဲ့ကြပြီး ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ ပေးအပ်လှူဒါန်းခဲ့ရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပလက်ဝမြို့နယ် အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲဖွင့်

ပလက်ဝ ဇန်နဝါရီ ၂၃

ချင်းပြည်နယ် ပလက်ဝမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ကျေးရွာအုပ်စုပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၆ သင်း ပါဝင်ကာ နေ့စဉ် နှစ်ပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များတွင် အကျဉ်းသား/အချုပ်သားများ စားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်နယ်အတွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်မှာ ၃၀-၁-၂၀၁၅ ရက် ၁၄း၀၀ နာရီဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/ နှုန်းဖြင့် ၂၅-၁-၂၀၁၅ ရက်မှ ၃၀-၁-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း အကျဉ်းဦးစီးဌာန ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၄၃-၂၁၀၄၀၊ ၀၄၃-၂၃၄၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ ပေးသွင်းလိုသူများသည် ရခိုင်ပြည်နယ်အတွင်းမှ ဆန်ကုန်သည်များသာ တင်သွင်းခွင့်ရှိသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန

GOLDEN STAR Travels & Tours
Scania,Volvo,Yutong
ကျိုက်ထီးရိုး/ချောင်းသာ
ငွေဆောင်
Ph: 209200, 544381, 430480, 705968, 703448, 09-5081580

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ တာဝန်ယူ ဆောင်ရွက်သော နမ့်ဆန်-မန်စံလမ်းတွင် မိုင်(၃၀/၄-၃၃/၁)အတွင်း၃၄ပေအကျယ်မြေသားလမ်းချဲ့ခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်
အမှတ်(၆)(၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်)

၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၅-၂-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ

၄။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၆-၂-၂၀၁၅ ရက်၊ ၀၉း၀၀ နာရီ

၅။ တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)ရုံး၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၂၆၁၉၊ ၀၉-၄၉၂၅၄၄၁၇၊ ၀၉-၄၇၃၀၆၅၄၀၊ ၀၉-၄၃၁၂၇၁၆၀

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄

ဒေါ်ရီအိုက်ချင် နှင့် ၁။ ဦးမြဦး(ခ)မြတ်စိုး (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးကိုလေး)
၂။ ဦးစံသိန်း(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်သီသီချို)

တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၇၄×၇၅)လမ်းကြား၊ (၃၇×၃၈) လမ်းကြားနေ ဦးမြဦး(ခ)မြတ်စိုး(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးကိုလေး)နှင့် ဦးစံသိန်း(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်သီသီချို) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၈)၊ ဦးပိုင်အမှတ်(၁+၂)မြေကွက်များနှင့် ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မျိုး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ/အရှေ့ပိုင်းမြို့နယ်၊ ဗိုလ်စောအောင်လမ်း၊ ၉/၉၁၆ နေ ဦးသောင်း-ဒေါ်ဝင်းကြည်တို့၏သမီး မမြင့်မြင့်သောင်း(ခ)မသီဂီ ၁၂/ပဘတ(နိုင်)၀၀၀၃၆၀သည်မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။နောက်နောင် သူမနှင့် သက်ဆိုင်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အသိပေးအပ်ပါသည်။

ဦးသောင်း ၁၂/ပဘတ(နိုင်)၀၁၂၂၁၉

ပျောက်ဆုံးကြောင်း

ကျွန်တော်ကြည်သာထွန်း ၁၂/ကခက(နိုင်)၁၂၂၈၇၇၏ မနလစာအုပ် အမှတ် -M425813 ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၆၂၀၂၉

ပြည်တွင်းသတင်း

✻ ရွှေဖုံးမှ

ပြည်တွင်းလုပ်ငန်းရှင်များအား အသိပေးဆွေးနွေးစေခြင်းဖြင့် ပိုမိုကောင်းမွန်သည့် ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်တော့မည် ဖြစ်ကြောင်း ဝီလီက ဆက်လက်ပြောကြားသည်။

"ဝန်ကြီးဌာနက တာဝန်ရှိသူတွေ စုပေါင်းပြီး ပြီးခဲ့တဲ့အပတ်က နေပြည်တော်မှာ အပြီးသတ်ဆွေးနွေးခဲ့ကြပါတယ်။ ကုန်သွယ်ရေးမူဝါဒ သုံးသပ်ချက်ဆိုတာ WTO အဖွဲ့ဝင်နိုင်ငံတွေအတွက် ကိုယ်ပိုင်ကုန်သွယ်ရေးမူဝါဒတွေကို အခြေပြုသုံးသပ်တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ပြီးခဲ့တဲ့နှစ် မတ်လအတွင်းမှာ သုံးသပ်ချက်ချမှတ်နိုင်ခဲ့ပါတယ်။ သို့သော်အချိန်အားဖြင့် တစ်နှစ်အတွင်းမှာ မြန်မာနိုင်ငံကလည်း ပိုမိုတိုးတက်လာတဲ့အခြေအနေတွေ၊ မူဝါဒတွေရှိတာကြောင့် ပြန်လည်ဖြည့်သွင်းတာတွေ၊ ပြုပြင်တည့်မတ်တာတွေရှိပါတယ်။ အဲဒါကို ပြည်တွင်းကုန်သွယ်ရေးလုပ်ငန်းတွေကို နားလည်လာအောင် ရှင်းလင်းပြောကြားရခြင်းဖြစ်ပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောကြားသည်။

အဆိုပါအခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးအပါအဝင် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ WTO မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါသုံးသပ်ချက်အတွင်း မြန်မာနိုင်ငံသည် ရှေ့ဆက်လုပ်ဆောင်ရန် များစွာကျန်နေသေးကြောင်းနှင့် မကြာမီရပ်လုံးပေါ်လာတော့မည့် ပြိုင်ဆိုင်မှုဝါဒနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသစ်များကို မျှော်လင့်ပါကြောင်း၊ မူပိုင်ခွင့်နှင့်ပတ်သက်သည့် အမူအကျင့်များ၊ လုပ်ဆောင်ချက်များနှင့် ဥပဒေများ၊ ဉာဏပစ္စည်းဆိုင်ရာ အမျိုးသားခုံနှင့် အထူးခုံရုံးဖွဲ့ရန်နှင့် မြန်မာနိုင်ငံအတွင်း လွတ်လပ်သောကုန်သွယ်ရေးလုပ်ငန်းများအတွက် WTO ၏ ကူညီမှုမှာ များစွာ အထောက်အကူဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ဆောင်ရွက်မှုများကို သုံးသပ်ရာ မြန်မာနိုင်ငံ၏ average applied MFN အခွန်မှာ နည်းပါးပြီး average boundrate ကွာဟမှုများရှိခြင်းကြောင့် ပြည်တွင်းအခွန်များတွင် ထုတ်ကုန်နှင့် သွင်းကုန်များအကြား အခွန်နှုန်းကွာဟမှုကိုဖြေရှင်းရန်နှင့် အခွန်စနစ် ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်လိုအပ်ကြောင်း သုံးသပ်ထားသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်လျက်ရှိခြင်းမှာ တိုးတက်လျက်ရှိသော်လည်း ကျန်သည့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအများစုကိုလည်း ပုဂ္ဂလိကပိုင်အဖြစ် ထပ်မံပြောင်းလဲခြင်းဖြင့် ပိုမိုတိုးတက်လာနိုင်ကြောင်းအကြံပြုသုံးသပ်ထားသည်ကို တွေ့ရှိရသည်။

စိုက်ပျိုးရေးကဏ္ဍများတွင်လည်း ဆင်းရဲမှုလျှော့ချရေးအတွက် မြင့်တင်မှုများကို မြင်တွေ့နေရသော်လည်း စိုက်ပျိုးစရိတ်ချေးငွေ အားနည်းလျက်ရှိနေခြင်းနှင့် လုပ်အားထုတ်လုပ်မှုနည်းပါးခြင်းများကို မြင်တွေ့ရသည့်အတွက် စိုက်ပျိုးရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် နိုင်ငံတော်မှ အားပေးသင့်ပြီး စံချိန်စံညွှန်းအသစ်များကို စနစ်တကျအသုံးပြုသွားရန်လိုအပ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဒါရိုက်တာ Willy Alfaro က ပြောကြားသည်။

" ဒီသုံးသပ်ချက်က လွန်ခဲ့တဲ့နှစ်က ထုတ်ပြန်ထားတာဖြစ်လို့ အနည်းငယ်လိုအပ်ချက်တွေတော့ ရှိနိုင်ပါတယ်။ အချို့သော ကဏ္ဍတွေမှာ သုံးသပ်ချက်အကြံပေးထားတဲ့ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ လုပ်ဆောင်နေတာကို တွေ့ရမှာပါ။ သို့သော် အခုလို နိုင်ငံတကာသုံးသပ်ချက်တွေကြောင့် အများကြီး အထောက်အပံ့ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

ကုန်သွယ်ရေးမူဝါဒ သုံးသပ်ချက်ဆွေးနွေးပွဲတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဒါရိုက်တာ Willy Alfaro ဆွေးနွေးစဉ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများကို မြှင့်တင်နိုင်ခြင်း၊ ဖက်စပ်လုပ်ငန်းများ တိုးတက်များပြားလာခြင်းနှင့် ဟိုတယ်လုပ်ငန်းများတွင် နိုင်ငံခြားသားရှယ်ယာပါဝင်မှု ၁၀၀ရာခိုင်နှုန်း ခွင့်ပြုခြင်းအပြင် ဘဏ္ဍာရေးကဏ္ဍတွင် ဗဟိုဘဏ်ကအမျိုးသားအဆင့် မဟာဗျူဟာများ ရေးဆွဲခြင်းတို့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံများကကြိုဆိုအားပေးကြောင်း သုံးသပ်ချက်အတွင်း ထည့်သွင်းထားသည်။

"ဗဟိုချုပ်ကိုင်မှု စနစ်ကနေ တစ်ဆင့်ချင်းဖြေလျှော့ပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲခဲ့တာ အားနည်းချက်တွေ၊ အခက်အခဲတွေ အများကြီးရှိပါတယ်။ ဒါတွေကိုတော့ နိုင်ငံတကာ ကုန်သွယ်ဖက်နိုင်ငံတွေက နားလည်ပြီး အားပေးကြဖို့ လိုပါတယ်။ မကြာမီမှာလည်း ကျွန်မတို့ တစ်တွေက အာဆီယံစီးပွားရေးအသိုက်အဝန်းထဲမှာ ဝင်ဆံ့ကြရတော့မယ်။ တာဝန်လည်းအလွန်ကြီးပါတယ်။ အခုလို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ ပူးပေါင်းပြီး ကုန်သွယ်မှုကဏ္ဍသစ် ဖော်ဆောင်ကြရာမှာလည်း အောင်မြင်တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ကုန်သည်၊ စက်မှုအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။ **(မြန်မာ့အလင်း)**

❀ ကျော်ဖုံးမှ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ တိုင်းမှူးဗိုလ်ချုပ်အောင်လင်းဒွေးနှင့် မြို့မိမြို့ဖ ဦးသာပွင့်တို့က မင်္ဂလာအချိန်တွင် ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ရထားကို နံနက် ၈ နာရီခွဲတွင် စတင်ပြေးဆွဲသည်။

(တစ်နေ့ အစုန်-အဆန် လေးကြောင်း ပြေးဆွဲပေးမည်)

ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းတွင် ပြည်တော်သာ၊ စစ်တွေ၊ ဇောပူဂျာ၊ ရေချမ်းပြင် စသည့် ဘူတာလေးခုရှိပြီး ၁၁ ဒသမ ၄၆ မိုင် ရှည်လျားသည်။ အစုန်ရထားသည် နံနက် ၇ နာရီခွဲတွင် ပြည်တော်သာဘူတာမှ စတင်ထွက်ခွာပြီး ရေချမ်းပြင်ဘူတာသို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ အဆန်ရထားသည် နံနက် ၁၀ နာရီတွင် ရေချမ်းပြင်ဘူတာမှ စတင်ထွက်ခွာပြီး ပြည်တော်သာဘူတာသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အစုန်ရထားသည် မွန်းလွဲ ၂ နာရီတွင် ပြည်တော်သာဘူတာမှ စတင်ထွက်ခွာပြီး ရေချမ်းပြင်ဘူတာသို့ ညနေ ၃ နာရီတွင် ရောက်ရှိမည်။ အဆန်ရထားသည် ညနေ ၄ နာရီတွင် ရေချမ်းပြင်ဘူတာမှ စတင်ထွက်ခွာပြီး ပြည်တော်သာဘူတာသို့ ညနေ ၅ နာရီတွင် ရောက်ရှိကာ ညအိပ်ရပ်နားမည်ဖြစ်သည်။ ရထားစီးနှုန်းထားမှာ ဘူတာအစမှအဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၁၅၀ ဖြစ်ပြီး ရထားတွဲ သုံးတွဲဖြင့် ပြေးဆွဲပေးမည်ဖြစ်သည်။

"ရထားပြန်ပြေးဆွဲတာ ကောင်းပါတယ်၊ ရထားလမ်းကိုလည်း ပိုကောင်းအောင် လုပ်ပေးစေချင်ပါတယ်၊ ကျန်ရှိနေတဲ့ ရထားလမ်းပိုင်းတွေကိုလည်း ဆက်လုပ်ပြီးတော့ စစ်တွေမှ မင်းဘူးထိ အမြန်ဆုံးပြီးအောင်ဖောက်လုပ်ပေးရင် ဒေသခံတွေအတွက် ပိုကောင်းမှာပါ" ဟု စစ်တွေမြို့မှ ဦးကျော်သာက ပြောပြသည်။

၂၀၀၉ ခုနှစ်မှ စတင်ခဲ့သည့်ပြည်တော်သာ- ရေချမ်းပြင် လမ်းကို ၂၀၀၉ ခုနှစ် မေလ ၉ ရက်တွင်လည်းကောင်း၊ ကွမ်းတောင်-ယိုးတရုတ်လမ်းပိုင်းသည် ၂၂ ဒသမ ၇၂ မိုင် ရှည်ပြီး ၂၀၁၀ ပြည့်နှစ် မေ ၅ ရက်တွင်လည်းကောင်း၊ ယိုးတရုတ်-ကျောက်တော်လမ်းပိုင်းသည် ၁၉ ဒသမ ၈၂ မိုင်ရှည်ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၁၀ ရက်တွင်လည်းကောင်း ဖွင့်လှစ်ကာ ပြေးဆွဲပေးနေကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားရန်ကျန်ရှိနေသူနိုင်ငံသားအပေါင်းတို့အားအသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံသားတိုင်း၏ လက်ဝယ်တွင် နိုင်ငံသားအဖြစ် အသိအမှတ်ပြုသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ရှိနေရန်လိုအပ်ပါသည်။

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးလျှောက်ထားရန်မှာ နိုင်ငံသားတိုင်း၏တာဝန်သာဖြစ်ပါသည်။

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၏ အဘိုးထိုက်တန်မှုကို မြန်မာနိုင်ငံသားတိုင်းသိရှိရန် လိုအပ် နေပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုသည် ခရီးသွားရန်တစ်ခုတည်းအတွက် မဟုတ်ပါ။ ပြည်သူတိုင်းအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကဏ္ဍအသီးသီး နှင့် လူမှုပတ်ဝန်းကျင်တစ်ခုလုံးအတွက် မရှိမဖြစ်လိုအပ်သော အထောက်အထားတစ်ခုဖြစ်ပါသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများမှလည်း ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးရန် အထူးလိုအပ် နေပါသည်။ သို့မှသာ လျှောက်ထားလာကြမည်ဖြစ်ပါသည်။

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၏ အဘိုးထိုက်တန်မှုကိုမသိကြ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရန် ကျန်ရှိနေသူများရှိနေပါသေးသည်။ မိုးပွင့်စီမံချက်များဖြင့် အဆင့် (၁) မှ (၇) ထိ မိမိဌာနမှကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့သော်လည်း အမှုမဲ့အမှတ်မဲ့နေကာ လာရောက် ဆောင်ရွက်ခြင်းမရှိကြသေးသဖြင့်ကျန်ရှိနေကြခြင်းဖြစ်ပါသည်။

၅။ သို့ဖြစ်၍ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ လမ်းညွှန်ချက်နှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနမှ မိုးပွင့်အထူးစီမံချက် အဖြစ် ၁.၁.၂၀၁၅ ရက်နေ့မှ ၃၀.၆.၂၀၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝှမ်းလုံး၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထွက်ပြည့်ဆောင်ရွက်ပေးနိုင်ရေးအတွက်ပြည်နယ်/တိုင်း/မြို့နယ်/ရပ်-ကျေး နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီများကိုဖွဲ့စည်းထားပြီးဖြစ်ပါသည်။

၆။ အသက် (၁၀) နှစ်ပြည့်ပြီးသည့်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ရန်ကျန်ရှိသူ များအနေဖြင့် မိမိရပ်ကွက်/ကျေးရွာရှိ သက်ဆိုင်ရာဆယ်အိမ်မှူးများမှတစ်ဆင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေး မှူးများထံ အမြန်ဆုံးစာရင်းပေးကြပါရန် နိုးဆော်တိုက်တွန်းအပ်ပါသည်။

၇။ စာရင်းရရှိမှုအပေါ်မူတည်ပြီး သက်ဆိုင်ရာကော်မတီများမှ စီမံချက်ရေးဆွဲကာ ရပ်ကွက်/ကျေးရွာသို့ လာရောက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ လျှောက်ထားသူ၏ ကိုယ်ရေးရာဇဝင်များကို ရေးသွင်းရေးအတွက်လည်း မိဘပြည်သူများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန်မေတ္တာရပ်ခံ အပ်ပါသည်။

၈။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ (၅) နှင့် ညီညွတ်သူ မွေးရာပါနိုင်ငံသားများကို အထောက်အထား ပြည့်စုံမှန်ကန်ပါက တစ်နေ့ရာတည်း၌ နေ့ချင်းပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၉။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ (၆)၊ ပုဒ်မ (၇) နှင့် ညီညွတ်သူ [illegible] ဥပဒေအရနိုင်ငံသား ဖြစ်သူများအနေဖြင့် အထောက်အထားများကို ပြည့်စုံအောင်ဆောင်ရွက်ပြီး သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာန ရုံးများသို့ ကိုယ်တိုင်လာရောက်လျှောက်ထားရန် လိုအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန(ရှမ်းပြည်နယ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)
ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

- (က) ဆရာသုံးစားပွဲ
- (ခ) ဆရာသုံးထိုင်ခုံ
- (ဂ) ရုံးသုံးဗီရို(သံ)
- (ဃ) ရုံးသုံးစားပွဲ
- (င) ရုံးသုံးကုလားထိုင်
- (စ) ဖိုင်တင်စင်
- (ဆ) Aluminium White Board
- (ဇ) သစ်သားဗီရို (ကျွန်း)
- (ဈ) 4 Drawers Cabinet
- (ည) အရာရှိစားပွဲ
- (ဋ) စားပွဲရှိုးရှိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၁-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၁-၂၀၁၅ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် တင်သွင်းမည့်ပစ္စည်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုသည့်အချက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (လက်ခုပ်ကုန်း)ဖုန်း-၀၉-၈၆၄၁၃၄၁၊ ၀၉-၃၂၄၃၃၁၇၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၆၃၄၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ကြူကြူ အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ကြူကြူ ၉/ပမန(နိုင်)၀၁၁၀၂၁ (ဘ)ဦးပေါက်စမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုက်ခန်းသစ်အများစု ဝယ်ယူမည့်သူကို စောင့်မျှော်နေကြရ

ရန်ကုန် ဇန်နဝါရီ ၂၃

➤ သတင်း-ခင်ရတနာ ➤

ရန်ကုန်တိုက်ခန်းသစ် ပေါ်များလာသော်လည်း ဝယ်ယူသူနည်းပါးမှုကြောင့် ဈေးနှုန်းကျဆင်းလာမည်ကို ဆောက်လုပ်ရေး လုပ်ငန်းရှင်များနှင့် ဝယ်ရောင်းအများစု စိုးရိမ်လာကြောင်း သိရသည်။

"မြေယာပိုင်ဆိုင်မှုနဲ့ တိုက်ခန်းပြဿနာတွေအများစု ၂၀၁၄ ခုနှစ်မှာ ဖြစ်ပေါ်သွားခဲ့တယ်။ တရားမဝင်ဆောက်ထားတဲ့ ကန်ထရိုက်တိုက်တွေကို လူနေခွင့်ချထားမပေးတာ၊ တိုက်တွေ ပြန်လည်ဖြိုချခိုင်းတာတွေ များလာတဲ့အတွက် အရောင်းအဝယ်ရပ်တန့်နေရာကနေ ဆောက်လုပ်ရေး လုပ်ငန်းရှင်တစ်ဦး အမှုအခင်းတွေနဲ့ ရင်ဆိုင်လာတာကြောင့် ကန်ထရိုက်တိုက်ခန်းဈေးကွက်က အလွန်အေးစက်လာခဲ့တယ်။ အခုအချိန်မှာ အငှားလုပ်ငန်းတွေ များပေမယ့် တိုက်ခန်းဝယ်ယူလိုသူတွေ အလွန်ရှားပါးလာတာမို့ ဈေးနှုန်းလည်း အေးစက်နေရတယ်" ဟု အိမ် ခြံမြေ အကျိုးဆောင်များအသင်းမှ တာဝန်ရှိသူက ပြောကြားသည်။

ရန်ကုန်မြို့တွင် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှ စတင် ခေတ်စားလာခဲ့သော ကန်ထရိုက်တိုက်ခန်း ယဉ်ကျေးမှုသည် မြို့လယ်ကောင်မှသည် မြို့နယ်အများစုကို တစ်စတစ်စခန့် ပျံ့နှံ့လာခဲ့ရာ ယခုအခါ မြို့စွန်၊ မြို့သစ်ဟု တစ်ချိန်က ယူဆခဲ့ကြသည့် သယ်န်းကျွန်း၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ မြောက်ဥက္ကလာ၊ လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒဂုံဆိပ်ကမ်းများမှသည် မင်္ဂလာဒုံ၊ ထောက်ကြန့်မြို့နယ်များသို့ပင် ပျံ့နှံ့လာခဲ့ပြီး ယခင်က အိမ်ခြံဝန်းနှင့် နေထိုင်သော နေရာအများစုတွင် ခေတ်မီတိုက်ခန်းများက အစားထိုးလာခဲ့ကြသည်။

"တစ်လမ်းလုံးမှာ သုံးအိမ်ပဲ ကျန်တော့တယ်။ ကျန်တာကန်ထရိုက်တိုက်သစ်တွေချည်း။ အများစုက အခန်းလွတ်တွေ ဖြစ်နေတယ်။ အရောင်းအဝယ်က အရင်လို မမြန်တော့ဘူး။ ဈေးတွေကလည်း အဆမတန်တက်နေတော့ ဝယ်သူထက် ငှားရမ်းသူတွေသာ စိတ်ဝင်စားကြတယ်။ တရားမဝင်ဆောက်ထားတဲ့ တိုက်တွေဆိုရင် ဝယ်မယ့်သူလုံးဝမရှိလို့ တရားမဝင် ကန်ထရိုက်တချို့ အခက်ကြုံလာတယ်။ ငွေကြေး မလည်ပတ်တော့တဲ့အခါ ကန်ထရိုက်စာချုပ်ချုပ်ပြီးသားတွေ ဆောက်လက်စတိုက်တွေမှာ အခန်းအမှုအခင်းပြဿနာတွေ အဖြစ်များလာတယ်" ဟု သယ်န်းကျွန်းမြို့နယ် စံပြဈေးအနီး နေထိုင်သူတစ်ဦးက ပြောသည်။

"တိုက်ခန်းတွေ ဈေးကျပါတယ်။ အရင်က သိန်း ၄၀၀နဲ့ ရောင်းဖို့ ဆိုင်ထားပေမယ့် တစ်လအတွင်း ၃၇၀တောင် တောင်းလို့မရတော့ဘူး။ အခန်းဝယ်နိုင်တဲ့ လူပမာဏက ထင်သလောက် မများတော့ဘူး။ အခန်းတွေ အရင်လို ရောင်းမရတဲ့အတွက် ကန်ထရိုက်တွေ အကျပ်ရိုက်လာကြတယ်။ အရင်က တရားမဝင် ဆောက်တော့ ကုန်ကျစရိတ် သက်သာခဲ့တယ်။ ဈေးလည်းလျှော့ရောင်းနိုင်ပေမယ့် အခုနောက်ပိုင်း ဒဏ်ကြေးနဲ့တွက်ရင် အရင်လိုလျှော့မရောင်းနိုင်တော့တာကြောင့် အခန်းတွေရှိပြီး ငွေမလည်တဲ့ လုပ်ငန်းဖြစ်လာတယ်"ဟု မင်္ဂလာဒုံမြို့နယ်မှ ပန်းရောင်ခြယ် ဆောက်လုပ်ရေး လုပ်ငန်း အင်ဂျင်နီယာ ကိုမျိုးမင်းသိန်းက ပြောကြားသည်။

အရောင်းအဝယ်မရှိသလောက် နည်းပါးရခြင်းမှာ စာချုပ်စာတမ်း အရှုပ်အရှင်းများကြောင့်လည်း ဖြစ်ပေါ်ပြီး နှစ်ဦးနှစ်ဖက် ကတိကဝတ်များ လိုက်နာမှု အားနည်းခြင်းကြောင့်လည်း ကြိုပွဲငွဝယ်ယူမှု ၉၀ ရာခိုင်နှုန်းခန့် ရပ်ဆိုင်းနေကြရကြောင်း ကန်ထရိုက်တိုက်ခန်း အရောင်းအဝယ်ပြုလုပ်သူများထံမှ သိရသည်။

"ငွေကြေး အရင်းအနှီးများသူတွေက ကန်ထရိုက်တိုက်ခန်းတွေကနေ ကွန်ဒိုတိုက်ခန်းတွေဆီ ခြေဆန့်ကြတယ်။ တော်ရုံ ငွေကြေးရှိသူတွေကတော့ ကန်ထရိုက်တိုက်ခန်းကို အာရုံကျကြတယ်။ အခုလို ပိုင်ဆိုင်မှု အရှုပ်အရှင်းတွေနဲ့ နေထိုင်ခွင့်မကျတာတွေကြောင့် အရည်အသွေးအပေါ်မှာ ယုံကြည်မှု အားနည်းလာတဲ့အတွက် အခန်းရောင်းဝယ်မှု အေးစက်လာခြင်း ဖြစ်ပါတယ်။ ရှေ့ကို ဒီအတိုင်းသာ ဆက်သွားနေမယ်ဆိုရင် တိုက်ခန်းဈေးတွေ ပြုတ်ကျနိုင်တယ်"ဟု အိမ်ခြံမြေအကျိုးဆောင် ဦးဇော်ဇော်က ပြောပြသည်။

ကာလတိုရင်းနှီးမြှုပ်နှံမှုများဖြင့် ဆယ်စုနှစ်တစ်ခုမျှ ရပ်တည်လာသော ရန်ကုန်စီးပွားရေးဈေးကွက်အတွင်း အိမ်ခြံမြေပြဿနာများနှင့် ဖွံ့ဖြိုးလာသော ဘဏ်လုပ်ငန်း၊ ငွေကြေးဈေးကွက်နှင့် ရွှေလုပ်ငန်းများ ပြန်လည်ဦးမော့လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုအများစုမှာ လုပ်ငန်းကူးပြောင်းရန် ဆန္ဒရှိလာခြင်းကြောင့်လည်း ယခုကဲ့သို့ ဈေးနှုန်းများ စတင်ကျဆင်းလာခြင်း ဖြစ်နိုင်ကြောင်း စီးပွားရေး လုပ်ငန်းရှင်တစ်ဦးက အက်စ်အမ်အီး ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ပြောကြားသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

အာဆီယံခရီးသွားဖိုရမ် ဒုတိယနေ့အဖြစ် (၃၁)ကြိမ်မြောက်အာဆီယံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပသည်။ အစည်းအဝေး သဘာပတိအဖြစ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ မိတ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း သုံးသန်းကျော် လာရောက်ခဲ့ပါကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကမ္ဘာလှည့်ခရီးသွားရောက်ရှိမှုသည် ၂၀၁၄ ခုနှစ်အတွင်း လေးရာခိုင်နှုန်းမှ ၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မှုရှိသည်ဟု ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ခန့်မှန်းထားပါကြောင်း၊ အာဆီယံနိုင်ငံအတွင်း၌ အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာ ဈေးကွက်ရှာဖွေရေး၊ မဟာဗျူဟာအစီအစဉ်နှင့်ဖော်ပြပါဝင်သည့် လမ်းညွှန်ချက်များနှင့်အညီ စီမံကိန်းလုပ်ငန်းစဉ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာဆီယံ ခရီးသွားလုပ်ငန်း၌ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

သတင်း- ဇင်ဦး(မြန်မာ့အလင်း)

ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးအတွက် မိုး/ဇလ စခန်းများ တိုးချဲ့တည်ဆောက်မည်

မန္တလေး ဇန်နဝါရီ ၂၃

ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုးလေဝသနှင့်ဆိုင်သည့် သတင်းအချက်အလက်များ မဖြစ်မနေလိုအပ်သဖြင့် မြစ်ကြောင်းတစ်လျှောက် မိုး/ဇလ စခန်းများ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း မိုး/ဇလ (နေပြည်တော်)မှ သိရသည်။

"ဧရာဝတီမြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် လုပ်ဆောင်ရာမှာ မိုးလေဝသအခြေအနေကို အချိန်နဲ့ တစ်ပြေးညီ တိုင်းတာသိရှိနိုင်အောင် မြစ်ကြောင်းတစ်လျှောက် မိုးဇလ စခန်းတွေ တည်ဆောက်သွားမှာပါ။ ရှိပြီးသားစခန်းအချို့မှာ Menural စနစ် လူနဲ့လုပ်ရတာကနေ Automatic စနစ်နဲ့ တည်ဆောက်သွားမယ်" ဟု မိုး/ဇလ(နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောသည်။ မြစ်ကြောင်းတစ်လျှောက်တွင် မိုးလေဝသ အလိုအလျောက် တိုင်းတာရေးစနစ်များ တပ်ဆင်ရန် လျာထားချက်တွင် ၁၅- နေရာရှိသော်လည်း ကျွမ်းကျင်ပညာရှင်များ လာရောက်သည့်အချိန်မှ ညှိနှိုင်းပြီး သင့်လျော်သည့်နေရာ၌ တပ်ဆင်သွားမှာဖြစ်ပြီး လက်ရှိတွင် နေရာအတိအကျ မပြောနိုင်သေးကြောင်း မိုး/ဇလ (နေပြည်တော်) ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက ပြောသည်။

"အကြမ်းဖျင်းနေရာတွေတော့ ရှိတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စခန်းပေါင်း ၃၀ တိုးချဲ့ဖို့ရှိတယ်။ လက်ရှိစက်တွေက သုံးနာရီတစ်ကြိမ် လူကတိုင်းတာရတာကြောင့် ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက်ပဲ ထုတ်ပြန်နိုင်တယ်။ အလိုအလျောက်စက်တွေ တပ်ဆင်ပြီးသွားရင် အချိန်နဲ့တစ်ပြေးညီ မိုးလေဝသအခြေအနေတွေကို သိနိုင်မယ်" ဟု ၎င်းကပြောသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားသည့်ခရီးစဉ်ဖြစ်၍ ရေကြောင်းကောင်းမွန်ရေးအတွက် အဆင့်မြင့်တင်သွားမည်ဖြစ်ရာ သောင်တူးလုပ်ငန်းများ၊ နေ့၊ ည မြင်နိုင်သည့် ရေလမ်းပြအမှတ်အသားများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်သွားရမည်ဖြစ်ပြီး မိုးလေဝသသတင်းအချက်အလက်သည်လည်း မဖြစ်မနေလိုအပ်သည် ဟုဆိုသည်။ **အောင်သန့်ခိုင်**

မိုးလေဝသ အခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၈) အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်း(က)မှ မချမ်းမြေ့လင်းထက်အား ယနေ့မှစ၍ မမေသရဖီထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေသရဖီထက်**

လူပျောက်ကြော်ငြာ



၇/၈၊ ပတ္တမြား ၄ လမ်းနေ ဦးလှဝင်း(ခ) ရှာဟစ်၏ညီမ (အထက်ပါ ဓာတ်ပုံရှင်) မသန်းသန်းအေး(ခ)အမီဂျန် အသက်(၃၂) နှစ်သည် ၂-၉-၂၀၁၄ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားရှိပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း။

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း (အဝေးပြေးဝင်း)အဆောင် ၂၁၊ အခန်း

ဖုန်း-၀၉-၈၆၄၀၈၅၀

[illegible]

ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၇၀၃၂ ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဥတုရာသီ တောကိုမှီ

၁၈-၁-၂၀၁၅ရက်စွဲထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၁တွင် ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီး၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးနန်းထိုက်ဦးနှင့် ဦးငွေထွန်းဦးတို့၏အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နေ ဒေါ်သွယ်သွယ်မိုးနှင့် ဒေါ်ယုမြတ်နိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီး၊ အထက်တန်းရှေ့နေ ဦးနန်းထိုက်ဦး၊ ဦးငွေထွန်းဦးတို့ အပါအဝင် အများသိစေရန် အောက်ပါအတိုင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီး၏လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးနန်းထိုက်ဦးနှင့် ဦးငွေထွန်းဦးတို့၏အများသိစေရန်ကြေညာချက်များမှာ မှန်ကန်မှုမရှိပါ။ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ကွင်းအမှတ်(ပြင်)ကွင်းအမည်(ငုတ်တွင်းအောက်)သံဘိုကျေးရွာရှိ အရှေ့လားသော်-ရဲထွဋ်မှူ ကျောက်တိုင်ဘေးခြံ၊ အနောက်လားသော် ဒေါ်ယုမြတ်နိုင် ခြံ၊ တောင်လားသော်-၁၅ပေလမ်း၊ မြောက်လားသော်-ဦးညွှန့်တင်တို့အတွင်းရှိ မြေဧက ၃၀၀ အား ငွေကျပ် သိန်း ၈၄၀(ကျပ်သိန်းရှစ်ရာ့လေးဆယ်တိတိ)ဖြင့် ဒေါ်သွယ်သွယ်မိုးနှင့် ဒေါ်ယုမြတ်နိုင်တို့က ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီးထံသို့ ၁၂-၁၂-၂၀၁၄ရက်တွင် ရောင်းချခဲ့ရာ ဒေါ်ရီရီထွန်း(ခ)ရွှေမင်း သမီးကိုယ်တိုင် အဆိုပါမြေဧက ၃၀၀အား နယ်မြေတာဝန်ခံမြေတိုင်းစာရေးဖြင့် တိုင်းတာစစ်ဆေးပြီးမှ မြေကွက်ကိုလက်ရောက်ရယူခဲ့ပါသည်။ ထို့နေ့မှာပင် ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီးသည် ဒေါ်အေးအေးသန်းဆိုသူထံသို့ အထက်ပါမြေဧက ၃၀၀အပါအဝင် စုစုပေါင်းမြေဧက ၆၀၀အား ပြန်လည်လက်လွှဲရောင်းချခဲ့ပြီးဖြစ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အေးကိုယ်တိုင် ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီး ဝယ်ယူသည့် စာချုပ်တွင်လည်းကောင်း၊ ဒေါ်ရီရီထွန်း(ခ)ရွှေ မင်းသမီးက ဒေါ်အေးအေးသန်းဆိုသူထံသို့ ပြန်လည်ရောင်းချသည့်စာချုပ်တွင်လည်းကောင်း အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားခဲ့ပါသည်။ ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီးက ပြန်လည်ရောင်းချခဲ့သည့် မြေစုစုပေါင်းဧက ၆၀၀အတွင်းပါဝင်ပြီး ကျွန်ုပ်အမှုသည် ဒေါ်ယုမြတ်နိုင်နှင့် ဒေါ်သွယ်သွယ်မိုးတို့ ရောင်းချပေးထားသည့်မြေဧက ၃၀၀ မဟုတ်သည့်မြေများအတွင်း၌ သံဘိုရွာသားများဖြစ်ကြသည့် ဦးဖိုးဖြူ၊ ဦးသန်းဝင်း၊ ဦးထွန်းဦးတို့ စိုက်ပျိုးနေသည့်မြေများ ပါဝင်သောကြောင့် အဆိုပါရွာသားများနှင့် မြေများဝယ်ယူထားသူ ဒေါ်အေးအေးသန်းတို့ ပြဿနာဖြစ်ပွားခဲ့သည်ကိုအကြောင်းပြုပြီး ကျွန်ုပ်အမှုသည်များက အမှန်တကယ်မရှိသည့် မြေဧက ၃၀၀ကို လိမ်လည် ရောင်းချခဲ့သယောင်ဖြင့် ကျွန်ုပ်အမှုသည်များအပေါ် အများကထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ကျွန်ုပ်၏အမှုသည်များ ဂုဏ်သိက္ခာကျဆင်းစေရန်အလို့ငှာ ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီးက မမှန်မကန်သည်ကို လွှဲအပ်ညွှန်ကြား၍ အထက်တန်းရှေ့နေ ဦးနန်းထိုက်ဦးနှင့် ဦးငွေထွန်းဦးတို့က မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန်ကြေညာခဲ့ခြင်း၊ ၁၂-၁-၂၀၁၅ ရက်စွဲပါ အကြောင်းကြားစာဖြင့် ကျွန်ုပ်အမှုသည်များထံပေးပို့အကြောင်း ကြားခဲ့ခြင်းများကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအသိပေးကြေညာအပ်ပါသည်။

အကယ်၍ ဒေါ်ရီရီထွန်း(ခ)ရွှေမင်းသမီးက ဤကြေညာချက်ပါအတိုင်း လိုက်နာခြင်းမရှိပျက်ကွက်ခဲ့ပြီး ကျွန်ုပ်အမှုသည်များအပေါ် မဟုတ်မမှန် တရားစွဲဆိုမှုများပြုလုပ်လာခဲ့ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာ ပြန်လည်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကြည်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၄၀)
အမှတ် ၂၃၂၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့။
ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ကျောင်းသားသုံးစားပွဲ(L 5.5' x W15"xH2.5')	၇၀
၂။	ကျောင်းသားသုံးထိုင်ခုံ(L 5.5' x W10" x H1.5')	၇၀
၃။	ရုံးသုံးဘီရို(သံ)[(W)x 470(D)x 1817(H)mm]	၂
၄။	ရုံးသုံးကုလားထိုင်[590(W)x530(D)x910(H)mm]	၁
၅။	ဖိုင်တင်စင်[914(W)x 316(D)x 986(H)mm]	၅
၆။	Aluminium White Boord(10'x4')	၁၇

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၈-၁-၂၀၁၅ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)
ဖုန်း-၀၆၆-၅၀၉၇၁၊ ၀၆၆-၅၀၉၇၂

အမြန်ပြန်လာပါ

အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ အောင်ချမ်းသာရပ်ကွက်နေ ကျွန်တော်မောင်ပါ(ခ) မောင်မြင့်သိန်း၏ဇနီး မအေးအေးယု(ခ)မယု ၁၂/မရက(နိုင်)၁၀၀၅၈၉သည် သား တံတုံ(ခ)ထွဋ်ဘုန်းကို (၆)နှစ်သားနှင့်အတူ ၄-၁-၂၀၁၅ ရက်တွင် အိမ်မှထွက်သွားပါသည်။ မိသားစုအားလုံးစိတ်ပူနေသည်။ သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

မောင်မြင့်သိန်း
ဖုန်း-၀၉-၄၄၄၀၂၁၈၉၆၊ ၀၂-၅၅၂၇၅

ပြည်တွင်းသတင်း

တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူများအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၃

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ၄၂ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူကလေးသူငယ်များအား ၄င်းတို့၏မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNICEF ၊ UNHCR ၊ ILO၊ Save the Children ၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိသူများ၊ ပြန်လည်နုတ်ထွက်ခွင့်ရ ကလေးသူငယ် ၄၂ ဦးနှင့် ၄င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီတွဲဖက်အတွင်းရေးမှူး ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် တောက်ထွန်းနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel တို့က အမှာစကားများပြောကြားကြသည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားပြီးနောက် ကလေးများနှင့် မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်မှ ပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှု ရှိ/မရှိ စစ်ဆေး၍ လိုအပ်က ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသောအလုပ်အကိုင်ရရှိနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများသင်ယူရန် ဖြစ်နိုင်ခြေများဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများ ဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါ အမှတ် (၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရန်ကုန်)၌ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၄၂ ဦးအား ပထမအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၂၄ ဦးအား ဒုတိယအကြိမ်အဖြစ် လည်းကောင်း ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ၄၂ ဦးအား တတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ၆၈ ဦးအားစတုတ္ထအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ၉၆ ဦးအား ပဉ္စမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ၉၁ ဦးအား ဆဋ္ဌမအကြိမ်အဖြစ် လည်းကောင်း၊ ရန်ကုန်မြို့ မြဝတီစာပေတိုက်ခန်းမတွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ၁၀၉ ဦးအား သတ္တမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ၈၀ အား အဋ္ဌမအကြိမ်အဖြစ် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရန်ကုန်)၌ လွှဲပြောင်းပေးအပ်ခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအကြိမ်သည် နဝမအကြိမ်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈လတာ လုပ်ငန်းစီမံချက်ကို UNCTFMR နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက်သက်တမ်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ် (၆)လ ၊၂၀၁၄ ခုနှစ်ဇွန်လ ၂၈ ရက်တွင် ဒုတိယအကြိမ်ခြောက်လ သက်တမ်းတိုးမြှင့် လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်း မပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများ ရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့် အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် အကုန်အထိ တာဝန်ရှိသူအရာရှိ ၅၀ နှင့် စစ်သည် ၂၇၇ ဦးစုစုပေါင်း ၃၂၇ ဦးအား စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၃

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အထက(၁၂)နှင့် ပျဉ်းမနားမြို့နယ် အထက (၃) ကျောင်းများတွင် ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများကို ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကို ဇန်နဝါရီ၂၂ ရက်နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကာကွယ်ဆေးထိုးသည့်နေရာများသို့ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့်အဖွဲ့ဝင်များ၊ ဥတ္တရသီရိမြို့နယ်နှင့်ပျဉ်းမနားမြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌများက သွားရောက်ကြကာ ကာကွယ်ဆေးထိုးသည့်နေရာတွင် ကလေးများ၏အမည်စာရင်းများ စစ်ဆေးခြင်း၊ စနစ်တကျကာကွယ်ဆေးထိုးနှံနိုင်စေရန် စီစဉ်ပေးခြင်း၊ ဆေးထိုးပြီးကလေးငယ်များအား အမှတ်အသားများ ပြုလုပ်ပေးခြင်းတို့ကို ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ကျောင်းရှိ ဆရာ ဆရာမများက ဆောင်ရွက်ပေးခဲ့သည်။ **(၁၈၅)**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၁၆၄၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ ဈေးပိုင်းရပ်ကွက်၊ (၂)လမ်းနေ မသန္တာဝင်း (ဘ) ဦးညွန့်ရွှေ ၇/ကတခ(နိုင်) ၁၂၄၅၁၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် M728179 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၂၅၃၂၅၄၇၀၄၊ ၀၉-၉၇၆၂၆၆၂၁၁ သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

အမည်ပြောင်း

တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၅) ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၁၅)တွင် နေထိုင်လျက်ရှိသော ဦးအောင်ဇော်ဦး၏သား မောင်နေထက်ဦးအား မောင်ထက်လင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထက်လင်းအောင်

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

AYA Bank
ဧရာဝတီဘဏ်

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းရှိ နေရာအနှံ့)

(၁) **Assistant Manager (ဘဏ်ခွဲ/ရုံးချုပ်)** (၅၀ ဦး)

ဘွဲ့ရ(ဘွဲ့လွန် ရရှိပြီးသူများအား ဦးစားပေးစဉ်းစားမည်)လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်နှင့် အထက်ရှိရမည်။ Finance/ Banking/ Accounts/ Audit အတွေ့အကြုံရှိသူများအား ဦးစားပေးစဉ်းစားမည်။ English (4)Skills နှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။

(၂) **Supervisor/ Assistant Supervisor (ဘဏ်ခွဲ/ရုံးချုပ်)** (၁၀၀ ဦး)

ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။ English (4) Skills နှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။

(၃) **Junior Banking Assistant** (၁၀၀ ဦး)

ဘွဲ့ရ၊ ကွန်ပျူတာ (Word, Excel, PowerPoint, PageMaker, Internet & E-mail) အသုံးပြုတတ်ရမည်။ စီးပွားရေးပညာရပ်နှင့် သက်ဆိုင်သောဘွဲ့၊ ဒီပလိုမာရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများအား ဦးစားပေးခန့်ထားပါမည်။

(၄) **ယာဉ်မောင်း** (၃၀ ဦး)

အခြေခံပညာအလယ်တန်းအဆင့်ရှိသူ၊ ယာဉ်မျိုးစုံကျွမ်းကျင်စွာမောင်းနှင်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး (၅)နှစ်နှင့် အထက်ရှိပြီး (ဃ)/(င)လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။ ယာဉ်ကြီး၊ ယာဉ်ငယ်မျိုးစုံ ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ လုပ်ငန်းလိုအပ်ချက်ရှိပါက (နေ့/ည) တာဝန်ထမ်းဆောင်နိုင်သူ၊ မည်သည့်ဒေသမဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ (ခ)လိုင်စင်ကိုင်ဆောင်ထားသော်လည်း ယာဉ်ကြီး/ယာဉ်ငယ်ကျွမ်းကျင်စွာမောင်းနှင်နိုင်မှုအပေါ် လျှော့ပေါ့စဉ်းစားပါမည်။

(၅) **လုံခြုံရေး** (၁၀၀ ဦး)

အခြေခံပညာအလယ်တန်း အဆင့်ရှိသူ ဖြစ်ရမည်။ အရပ် (၅ပေ၊ ၄လက်မ)နှင့် အထက်ရှိပြီး ကိုယ်အလေးအချိန် ပေါင် (၁၂၀)နှင့်အထက်ရှိကာ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(၆) **သန့်ရှင်းရေး** (၅၀ ဦး)

အခြေခံပညာအလယ်တန်းအဆင့် ဖြေဆိုအောင်မြင်ပြီးသူ ဖြစ်ရမည်။ ကျန်းမာသန်စွမ်းပြီး လုပ်ငန်းတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

လျှောက်ထားသူများသည် နေရာဒေသမရွေး သွားရောက်တာဝန် ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး လူအများနှင့် ပူးပေါင်းလုပ်ကိုင်လိုစိတ်ရှိကာ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။ အခြားသော ဘဏ်များတွင် လက်ရှိတာဝန်ထမ်းဆောင်နေသူများ လျှောက်ထားရန်မလိုပါ။

လျှောက်ထားလိုသူများအနေဖြင့် မိမိတို့၏ကိုယ်ရေးရာဇဝင်အကျဉ်းအား လျှောက်ထားလိုသောရာထူးနှင့် လုပ်ငန်းအတွေ့အကြုံထည့်သွင်းရေးသား၍ (၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူများ၊ ရပ်ကွက်ရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ သန်းခေါင်စာရင်းမိတ္တူတို့အား ပူးတွဲကာ အောက်ပါလိပ်စာများသို့ ၆-၂-၂၀၁၅ရက်တွင် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်လိပ်စာမှာ-

ရန်ကုန်မြို့ - အမှတ် (၃၉)၊ (၄)ရပ်ကွက်၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊

E-mail - hr.recruit@ayabank.com.mm

ပဏာမအဆင့် ရွေးချယ်ခြင်းခံရသူများကိုသာ ပြန်လည်ဆက်သွယ်မည်ဖြစ်ပါသည်။

လျှောက်ထားသူများ အားလုံးအား ဧရာဝတီဘဏ်လီမိတက်မှ ကျေးဇူးအထူးတင်ရှိပါသည်။

ဆောင်းပါး

ရာဇဝတ်မကင်းသော ကျော်နင်းဝင်ရောက်မှုများ ဟန့်တားနိုင်ရန်လို

စိန်လှိုင်ဗိုလ်

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဟူသည် လူ့အဖွဲ့အစည်းအသိုင်းအဝိုင်း၌ လွန်စွာအရေးကြီးပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးမဏ္ဍိုင်မှစ၍ ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါမှ အောင်မြင်မည်ဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မရှိပါ။ သို့ရာတွင် ဥပဒေကိုချိုးဖောက်သူများအပေါ် အရေးယူဆောင်ရွက်သည့် တရားစွဲအဖွဲ့အစည်းများနှင့် စီရင်ဆုံးဖြတ်သည့် တရားရုံးများ၏အခန်းကဏ္ဍမှာ ပိုမို၍အရေးပါအရာရောက်ကြောင်း အများပြည်သူက ထင်မြင်ယူဆကြပါသည်။

အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းအတွက် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ပြီးနောက် ဥပဒေနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဥပဒေရုံးသို့ ဥပဒေအကြံဉာဏ်တောင်းခံရပါသည်။ ထို့နောက် သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ရပါသည်။ တရားရုံးသည် အမှုတွင်ပေါ်ပေါက်ချက်အရ ဥပဒေနှင့်အညီ စီရင်ချက်ချမှတ်ရပါသည်။ ပြစ်မှုဆိုင်ရာအမှုတစ်ခုတွင် တရားစွဲအဖွဲ့အစည်းက စွဲဆိုတင်ပို့လာခြင်းအပေါ် ပြစ်မှုထင်ရှား၍စီရင်ဆုံးဖြတ်ရာတွင် ပြစ်ဒဏ်သတ်မှတ်ခြင်းသည် တရားရုံး၏ဆင်ခြင်တုံတရားဖြစ်ပါသည်။ ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ပိုင်ခွင့်သည် သက်ဆိုင်ရာ တရားရုံး၏ လုပ်ပိုင်ခွင့်ဖြစ်ပါသည်။

ရှေးထုံးစဉ်လာအစဉ်အဆက် ဆိုစမှတ်ပြုလာခဲ့သော စကားတစ်ရပ်ကို မှတ်သားမိပါသည်။ **"တရားရုံး၏ စီရင်ဆုံးဖြတ်ချက်များသည် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ကြီးစွာသော အထောက်အပံ့ဖြစ်သည်"** ဟူသော ဆိုရိုးစကားဖြစ်ပါသည်။ တရားရုံးများ၏ လျော်ကန်သင့်မြတ်သော စီရင်ဆုံးဖြတ်ချက်များကြောင့် ပြစ်မှုကျူးလွန်သူများသည် နောက်ထပ်တစ်ဖန် ပြစ်မှုမကျူးလွန်ကြတော့သဖြင့် တရားဥပဒေစိုးမိုးခြင်းနှင့် ရပ်ရွာအေးချမ်းသာယာခြင်းအကျိုးကို ဖြစ်ထွန်းစေကြောင်း ဆိုလိုကြခြင်းဖြစ်ပါသည်။

ယနေ့ကာလတွင် မြို့ပြများတိုးချဲ့ တည်ဆောက်လာခြင်းတို့ကြောင့် ခြံမြေဈေးများမှာ တစ်ဟုန်ထိုး မြင့်တက်ခဲ့ပါသည်။ မြို့သစ်စတင်တည်ဆောက်စဉ်က ဌာနဆိုင်ရာဝန်ထမ်းဖြစ်၍လည်းကောင်း၊ နေထိုင်ရာနေရာမှ ဖယ်ရှားခံရခြင်းကြောင့်လည်းကောင်း၊ မြို့သစ်တွင် ကွက်သစ်များဖော်ထုတ်၍ မြေနေရာများချထားပေးခဲ့ပါသည်။ ပြောင်းရွှေ့ဖယ်ရှားခံရသူများမှာ မိမိတို့အတွက် ရရှိသည့်မြေကွက်တွင် နေအိမ်ဆောက်လုပ်နေထိုင်ကြသော်လည်း ဌာနဆိုင်ရာဝန်ထမ်းအချို့မှာ အကြောင်းအမျိုးမျိုးကြောင့် မိမိရရှိထားသည့် ခြံမြေကို ကာရံရုံမျှသာ ကာနိုင်ခဲ့ကြပါသည်။ အချို့သောဝန်ထမ်းများမှာမူ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း အခြားအရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားခဲ့ကြရာ မိမိပိုင်မြေကွက်နှင့် ကာလအတန်ကြာ အဆက်အသွယ်ဖြတ်တောက်ခဲ့ကြပါသည်။ အငြိမ်းစားယူပြီးနောက် မူလနေရင်းမြို့သို့ပြန်လည်ရောက်ရှိလာရာ မိမိမြေကွက်တွင် ကျူးကျော်ဝင်ရောက်သူများက နေအိမ်ဆောက်လုပ်နေထိုင်နေကြကြောင်း တွေ့မြင်ကြရပါသည်။

ထိုသို့ ကျူးကျော်ဝင်ရောက်နေထိုင်သူများကို ဖယ်ရှားပေးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ညှိနှိုင်းကြပါသည်။ အချို့မှာ ကျူးကျော်နေထိုင်သူကို ပြောင်းရွှေ့စရိတ်ပင် လူမှုရေးအရကူညီကြပါသည်။ ငွေယူပြီး ဖယ်ပေးသူများရှိသကဲ့သို့ ငွေယူပြီးမဖယ်ပေးဘဲ တွယ်ကပ်နေသူများလည်းရှိပါသည်။ သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုမှုများရှိလာပြီး တရားရုံး၏အဆုံးအဖြတ်ကို ခံယူကြရပါတော့သည်။

ကိုယ်တိုင်ကြုံတွေ့ရသော အမှုတစ်ခုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၄၂၇ အရ တရားရုံးက အမှုကိုလက်ခံစစ်ဆေးပြီးနောက် ပြစ်မှုထင်ရှားသဖြင့် ဒဏ်ငွေကျပ် ၅၀၀ စီပေးဆောင်စေ၊ မဆောင်လျှင်ထောင် ၁၅ ရက်ကျခံစေ အမိန့်ချမှတ်သည်။ တရားခံများက တရားရုံး၏ ချမှတ်သည့်ပြစ်ဒဏ်ကို ရင်ကော့ခေါင်းမော့၍ ခပ်ပြုံးပြုံးဖြင့် ပေးဆောင်သွားကြသည်။ ကျူးကျော်မြဲတိုင်းကျူးကျော်နေသည်။ ထို့အပြင် မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်ဟုဆိုကာ ခရိုင်တရားရုံးသို့ အယူခံဝင်ရောက်ပြန်သည်။ ကျူးကျော်ချိန်ကာလ ပို၍ရသွားသည်။ ခရိုင်တရားရုံးက မူလမြို့နယ်တရားရုံး၏စီရင်ချက်သည် မှားယွင်းမှုမရှိသဖြင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ မူလရုံး၏အမိန့်ကိုပင် အတည်ပြုပြီး အယူခံကိုပလပ်သည်။ ကျူးကျော်သူများသည် ကျူးကျော်နေမြဲကပင် တိုင်းဒေသကြီးတရားလွှတ်တော်သို့ ထပ်မံအယူခံဝင်ရောက်ကြပြန်သည်။ ကျူးကျော်နေထိုင်ချိန် ပိုရသွားသည်။ တရားရုံးကချမှတ်ခဲ့သော ပြစ်ဒဏ်ကို ၄င်းအခွင့်အရေးရှိသလောက် ခြေဆန့်နေခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၁ ရာဇဝတ်မကင်းသောကျော်နင်းမှုများတွင် "မည်သူမဆိုပြစ်မှုကိုကျူးလွန်ရန် သို့တည်းမဟုတ် ပစ္စည်းလက်ရှိဖြစ်သူတစ်ဦးတစ်ယောက်ကို ခြောက်လှန့်ရန် သို့တည်းမဟုတ် စော်ကားရန် သို့တည်းမဟုတ် စိတ်ငြိုငြင်စေရန် အကြံဖြင့် သူတစ်ပါး၏လက်ရှိပစ္စည်းအတွင်းသို့ဖြစ်စေ၊ အပေါ်သို့ဖြစ်စေ ဝင်ရောက်လျှင်. . . ထိုသူသည် ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်သည်မည်၏"ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ပြစ်ဒဏ်ချမှတ်ရာတွင် "မည်သူမဆို ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူကိုသုံးလအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ပြဋ္ဌာန်းထားပါသည်။

ယနေ့အချိန်ခါတွင် အထက်ပါပြစ်မှုပုဒ်မဖြင့် စွဲဆိုတင်ပို့လာသည့်အမှုများအပေါ် တရားရုံးများက ပြစ်မှုထင်ရှား၍ စီရင်ဆုံးဖြတ်ရာ၌ ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်းအပါအဝင် သက်ညှာစွာစဉ်းစားလျက် ထောင်ဒဏ်ချမှတ်ခြင်းမပြုဘဲ ငွေဒဏ်များကိုသာ ချမှတ်နေခြင်းသည် ပြစ်မှုကျူးလွန်သူများအတွက် ဟန့်တားရာမရောက်ခြင်းနှင့် သက်ညှာရာရောက်လွန်းခြင်းဖြစ်နေမည်လားဟု တွေးဆမိရင်း သဘောရိုးဖြင့် တင်ပြလိုက်ရပါသည်။

မည်သူမဆို ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူကိုသုံးလအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ပြဋ္ဌာန်းထား

ကျွန်းလှသီတဂူစက္ခုဒါနဆေးရုံသို့ အလှူငွေများလှူဒါန်းနိုင်

ကျွန်းလှ ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့သီတဂူစက္ခုဒါနဆေးရုံတော် တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၂၁ ရက်က ဆေးရုံဝင်း နားနေဆောင်၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာအောင်စည် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒက မဟာထေ အရှင်သူမြတ်က ဆေးရုံတော်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်မှုကော်မတီ ဖွဲ့စည်းခြင်းဆိုင်ရာ သြဝါဒကထာချီးမြှင့်ပြီး ဗုဒ္ဓဘာသာပညာရေးစင်တာ ပဓာနနာယကဆရာတော် ဦးသောဘိတက ကော်မတီဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားကာ ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း သိရသည်။

အဆိုပါ သီတဂူစက္ခုဒါနဆေးရုံတွင် မျက်စိဝေဒနာရှင်များကို ဒုတိယအကြိမ် စမ်းသပ်ခွဲစိတ်ကုသပေးရန်နှင့်ခုတင် ၁၀၀ တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်းအတွက် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၀၄၄၇၄၇၃၊ ၀၉-၄၀၀၄၆၆၆၆၃၊ ၀၉-၂၅၆၃၃၆၀၀၁၊ ၀၇၅-၅၉၁၀၇၊ ၀၉-၄၀၂၅၆၃၁၁၆၊ ၀၉-၂၁၀၀၈၀၉၊ ၀၉-၄၀၂၆၃၃၄၈၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပွဲများကျင်းပမည်

ရမည်းသင်း ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့လျှပ်စစ်နှင့်စက်မှုဝန်ကြီး ရမည်းသင်းခရိုင်နယ်မြေခံတာဝန်ခံ ဦးကျော်မြင့်၏ စီစဉ်မှုဖြင့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားမျိုးစုံအား ပညာရေးဌာနနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ အထိ ရမည်းသင်းမြို့သီလဝခန်းမကြီးအနီး၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲများကို ပညာရေးဌာနမှ ဆရာ ဆရာမများ၊ အားကစားဝန်ကြီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များကတာဝန်ယူဆောင်ရွက်သွားဖြစ်ကြောင်း သိရသည်။ **(၀၁၁)**

အချိန်အခါမဲ့မိုးရွာသွန်းခဲ့ခြင်းကြောင့် တောင်သူများအကြိုက်တွေ့

ငါးသရောက် ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ်တွင် ဇန်နဝါရီ ၁၆ ရက်က အခါမဲ့မိုးရွာသွန်းခဲ့ခြင်းကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှတောင်သူများ သီးနှံများရိတ်သိမ်းပြီးချိန်နှင့်ကိုက်ညီပြီး နောင်နှစ်အတွက် သီးနှံများစိုက်ပျိုးရန် ထယ်ရေးထွန်ခြင်းလုပ်ငန်းကို ကြိုတင်ပြီးတစ်ပြိုင်နက်တည်း လုပ်ကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ငါးသရောက်မြို့နယ်အတွင်းရှိ တောင်သူများသည် မိမိတို့လယ်ယာမြေများကို အမှိုက်ပေါင်းရှင်းလင်းခြင်းနှင့် ထယ်ရေးညက်အောင် ထွန်ယက်ခြင်းများကို မိသားစုအလိုက် စုပေါင်းလုပ်ဆောင်မှုများ ရှိသကဲ့သို့ နေ့စားအလုပ်သမားများ ငှားရမ်း၍လည်း လုပ်ကိုင်ကြရာ လယ်ယာမြေမရှိသည့် နေ့စားအလုပ်သမားများမှာလည်း နေ့စဉ် ဝင်ငွေရရှိနေကြကြောင်း၊ ထို့အပြင် လယ်ယာမြေရှိပြီး နွားရှဉ်းမရှိသည့် တောင်သူများကလည်း ထယ်ရေးထွန်ရန်အတွက် နွားရှဉ်းများငှားရမ်းခြင်း၊ လယ်ထွန်စက်များငှားခြင်းများ ပြုလုပ်ကြရာ နွားရှဉ်းရှိသူများနှင့် လယ်ထွန်စက်ပိုင်ရှင်များလည်း နေ့စဉ်အငှားလိုက်နေရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(iprd)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၆၃၅၃၄ ဂျာလင်း JL 90 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထားအိခိုင် ၅/ကသန(နိုင်)၀၉၅၁၃၆က (ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၆၄၀၄၁ SHAYAN 125ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဖေ ၅/ကသန(နိုင်)၁၂၄၉၂၀ က (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၈၇၃၃၂ CANDA 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၅/မမတ(နိုင်)၀၄၈၅၃၃၃က (ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၁၀၂၆ ယမဟာ DT ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှိုင် ၅/အတန(နိုင်)၁၅၃၉၁၅ က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၈၃၆၄ Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဝင်း ၉/မဟမ(နိုင်)၀၁၅၂၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉င/၅၉၉၀ MITSUBISHI PAJERO V46, S/W(4x4)R.H.D ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်လိန်ဆူး ၁၃/ကခန(နိုင်)၀၃၆၅၅၇ က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မူဆယ်)

ဒေါ်နီနီဝင်း ၁၂/ဥကမ(နိုင်)၁၅၀၆၀၃နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(အေ-၈)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးမြင့်အောင် ၁၂/တမန(နိုင်)၀၆၄၇၂၀နှင့် ဒေါ်နီနီဝင်း ၁၂/ဥကမ(နိုင်)၁၅၀၆၀၃တို့သည် မြန်မာ့ဓလေ့ထုံးထမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာကြပြီး သားသမီးသုံးဦးထွန်းကားခဲ့ရာ ၅-၁-၂၀၁၅ ရက်တွင် ဒေါ်နီနီဝင်းသည် ဦးမြင့်အောင်နှင့်သားသမီးများကိုစွန့်ခွာ၍ ခင်ပွန်းတစ်ဦးအနေဖြင့် ခွင့်မလွှတ်နိုင်သည့် လူမှုရေးဖောက်ပြန်မှုကို ကျူးလွန်သွားပါသဖြင့် ယနေ့မှစ၍ ကျွန်ုပ်၏အမှုသည် ဦးမြင့်အောင်နှင့် ဒေါ်နီနီဝင်းတို့ တစ်ဦးနှင့်တစ်ဦး ပတ်သက်မှုလုံးဝမရှိတော့ပါကြောင်း၊ ဒေါ်နီနီဝင်းအား ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်းနှင့် ဒေါ်နီနီဝင်းအပါအဝင် အတူတကွပေါင်းသင်းနေထိုင်သူတို့အား တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်နီလာမျိုးထွန်း (LL.B) (အထက်တန်းရှေ့နေ) (စဉ်-၃၄၇၉၉)

အမှတ်(၆၆၀)၊ နွယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် ၄၆၊ မြေကွက်အမှတ် ၁၂၂၂၊ ဧရိယာပေ(၄၀×၆၀)အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေ၊ မြေကွက်တည်ရှိရာ နေရာအမှတ် ၁၂၂၂၊ ယခင်ပဒုမ္မာ(၃)လမ်း၊ ယခုမင်္ဂလာသုခ(၃)လမ်း၊ ၄၆ ရပ်ကွက်ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်၏ အမည်ပေါက်ဦးကျော်ရှိန် AE -၂၄၀၅၉၀၊ [၁၂မရက(နိုင်)၀၉၀၇၁၀]၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်စိန်စစ်စန်း N/OKA -၀၅၄၉၉၁က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုချက်အရ ၄င်းထံမှ ဒေါ်စန်း ၁၂/ဥကတ(နိုင်)၀၂၇၉၂၉က အရပ်ကတိစာချုပ်ဖြင့် လွန်ခဲ့သော ၂၀၀၃ခုနှစ်မှ ဝယ်ယူပိုင်ဆိုင်ပြီး ယနေ့တိုင် လက်ရှိနေထိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။

ဖော်ပြပါမြေကွက်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ခိုင်လုံသောစာချုပ်စာတမ်းပိုင်ဆိုင်မှု (မူရင်း)အထောက်အထားများဖြင့် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ငွေငွေ B.A(Law), LL.B

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၇)

အမှတ် ၁၀၇၄၊ မာဃလမ်း ၄၆ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကြံခင်းလမ်းနေ ဒေါ်မြင့်မြင့်စမ်း (ဘ) ဦးနေ ၃/မဝတ(နိုင်)၀၀၀၂၄၄သည် မိခင်ဖြစ်သူ ဒေါ်အီထောင်းဒီ(ခ)ဒေါ်ထွန်းတင် ၃/မဝတ(နိုင်)၀၀၂၇၆၀ မှ ၁၅-၇-၂၀၀၈ ရက်တွင် လွှဲအပ်ထားသည့် မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်(၁၂၅/၂၀၀၈)ပါ လုပ်ပိုင်ခွင့်နှင့် စည်းကမ်းချက်များကိုကျော်လွန်၍ ပြုမူလုပ်ဆောင်လာသဖြင့် မိခင်ဖြစ်သူ ဒေါ်အီထောင်းဒီမှ သမီးဖြစ်သူ ဒေါ်မြင့်မြင့်စမ်းအား လွှဲအပ်ထားသော အထက်ပါအထူးကိုယ်စားလှယ်လွှဲစာကို ဤကြော်ငြာပါသည့်ရက်မှစ၍ တရားဝင်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေယျာလင်းLL.B၊ အထက်တန်းရှေ့နေ (စဉ်-၂၅၈၉၂)

အမှတ်(ခ/၄၉)၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

မြန်အောင်မြို့နယ်၊ညောင်ပိုင်းအုပ်စု၊ဒေါင်းကုန်းကျေးရွာနေ ဦးညွန့်တင်၏သား ဦးတင်ဝင်း(ခ)ဦးသန်းနိုင် ၁၄/ကလန(နိုင်)၀၂၅၁၆၅ မွေးသက္ကရာဇ် ၄-၉-၁၃၂၃ မှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးတင်ဝင်း(ခ)ဦးသန်းနိုင်**

မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မအီတောင်း၏ မိဘအမည်မှန်မှာ ဦးဆမ်ရှန်း-ဒေါ်အမ်ကပ်တို့ ဖြစ်ပါသည်။

ဦးဆမ်ရှမ်း-ဒေါ်အမ်ကပ်

ပြည်တွင်းသတင်း

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၃

မြန်မာ့ရေနံနှင့်ဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E&P) သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-1 နှင့် A-3တို့တွင် 3D Seismic လုပ်ငန်းများအား Survey Vessel "MV RAMFORM TITAN" (Call Sign : C6AL9)ဖြင့် အောက်ဖော်ပြပါ Coordinate များတွင် ၁-၂-၂၀၁၅ ရက်မှ ၁၅-၄-၂၀၁၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) လုပ်ကွက်အမှတ် A-1 တွင်တိုင်းတာမည့် Coordinates များ

Point	Latitude	Longitude
Point (A)	19˙ 50' 18"N	92˙ 14' 37"E
Point (B)	19˙ 32' 42"N	92˙ 25' 35"E
Point (C)	19˙ 27' 41"N	92˙ 16' 36"E
Point (D)	19˙ 35' 06"N	92˙ 07' 30"E
Point (E)	19˙ 40' 01"N	92˙ 04' 22"E

(ခ) လုပ်ကွက်အမှတ် A-3 တွင်တိုင်းတာမည့် Coordinates များ

Point	Latitude	Longitude
Point (a)	19˙ 34' 35"N	92˙ 32' 25"E
Point (b)	19˙ 21' 21"N	92˙ 40' 31"E
Point (c)	19˙ 17' 13"N	92˙ 33' 00"E
Point (d)	19˙ 30' 23"N	92˙ 24' 56"E
Point (e)	19˙ 14' 54"N	92˙ 44' 27"E
Point (f)	19˙ 10' 46"N	92˙ 36' 56"E

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာအလုပ်သမား ၂၀၀၀ ထံမှ ဘတ်ငွေသန်းနှင့်ချီလိမ်လည်ခဲ့သည့် စန်ကျောင်ပင်ကုမ္ပဏီပိုင်ရှင်အား ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီး

ဗန်ကောက် ဇန်နဝါရီ ၂၃

ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်ရှိ SUNJAOPING(666) ကုမ္ပဏီတွင် အစုရှယ်ယာဝင်ကြသည့် မြန်မာအလုပ်သမား ၂၀၀၀ ကျော်ကို တစ်ဦးလျှင် ငွေဘတ် တစ်သောင်းနှုန်းဖြင့် စုစုပေါင်းဘတ်ငွေ ၂၉၃၂၉၅၉၃ ကို လိမ်လည်ခဲ့သည့် စန်ကျောင်ပင် ကုမ္ပဏီပိုင်ရှင်ဖြစ်သူ နိုင်ကေတီဆပ်အား ထွန်ဘူလီတရားရုံးမှ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ညှိနှိုင်းဖြေရှင်းရန် ခေါ်စာများ ပေးပို့ခဲ့ရာ စန်ကျောင်ပင် ကုမ္ပဏီပိုင်ရှင်ဖြစ်သူက မချေမင်း ပြန်လည်ပြောဆိုခြင်းကြောင့် ECD (Economic Crime Suppresion Division)မှ ထိုင်းရဲတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၆ ရက်တွင် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Assocati- onin Thailand) မှ ဇန်နဝါရီ ၂၀ ရက် ညနေပိုင်းက အတည်ပြု ဆက်သွယ်ပြောချက်အရ သိရသည်။

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ ဖလန်းဆောင်နယ်မြေ မူဘန်း DK ၂၆လမ်းတွင်ရှိသော ဆဲဗင်းအလဲဗင်း ဈေးဆိုင်အနီးရှိ စံကျောင်ပင်ကုမ္ပဏီ SUNJA- OPING (666) ltd မှ ကုမ္ပဏီပိုင်ရှင် အဖမ်းခံရမှု၌ အာမခံ လုံးဝ (လုံးဝ) ပေးမည် မဟုတ်ကြောင်း ထိုင်းရှေ့နေများ ကောင်စီ မှ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၄နာရီမိနစ် ၂၀တွင် အတည်ပြု ပြောကြားလိုက်ကြောင်း သိရသည်။

ငါးလအတွင်း အကျိုးအမြတ်ဖြစ်မည်ဆိုသည့် ဆွဲဆောင်မှုဖြင့် အလုပ်သမားထောင်ချီရှိသည့် မြန်မာအလုပ်သမားများထံမှ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၅ ဒသမ ၅ ဘီလီယံခန့် လိမ်လည်ထားသည့် ကုမ္ပဏီကို ပူးပေါင်း အဖွဲ့များက ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်က နှိမ်နင်းခဲ့ခြင်းဖြစ်ပြီး (သတင်းဖော်ပြပြီး) နိုဝင်ဘာ ၂ ရက်တွင် ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မြန်မာအလုပ်သမား ၆၀၀ ကျော်တို့၏ စာရင်းဇယားများကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ ည ၁၁ နာရီထိ စုဆောင်း၍ ဘန်ခဲရပ်ကွက်ရှိ ဝပ်တလုံး ဘုန်းတော်ကြီးကျောင်း၌ ထိုင်းရှေ့နေများကောင်စီသို့ အမှုအပ်နှံခဲ့ခြင်းဖြစ်သည်။

ထို့အပြင် စန်ကျောင်ပင်အမှုမှ ကော်မတီဝင် ၁၀ ဦးအနေဖြင့်လည်း လာမည့် ဖေဖော်ဝါရီ ၆ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီခွဲတွင် ထွန်ဘူလီတရားရုံးသို့ ရုံးချိန်း မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ လိမ်လည်ခံကြရသည့် မြန်မာအလုပ်သမားများ အနေဖြင့်လည်း စိတ်ပါဝင်စားသူများလာရောက်လေ့လာနိုင်ကြောင်း၊ စန်ကျောင်ပင်ကုမ္ပဏီမှ စတိတ်ရှိုးပွဲလက်မှတ်များ ဝယ်ယူထားပြီး မကြည့်လိုက်ရသော မြန်မာအလုပ်သမားများအနေဖြင့်လည်း တိုင်ကြားလိုပါက မဟာချိုင်မြို့ ဝေလ ၁ လမ်းရှိ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT (မဟာချိုင်ရုံးခွဲ) ၌ သက်သေခံလက်မှတ်နှင့်အတူ လာရောက်တိုင်ကြားနိုင်ကြောင်း MAT အဖွဲ့မှ စုံစမ်းသိရသည်။

(စိုးဝင်း-SP)

တစ်ပိုင်တစ်နိုင် မှိုစမ်းသပ်စိုက်ပျိုးသူ ရေးမြို့နယ်၌ များပြားလာ

ရေး ဇန်နဝါရီ ၂၃

မွန်ပြည်နယ် ရေးမြို့နယ်တွင် မှိုစိုက်ပျိုးခြင်းကို တစ်ပိုင်တစ်နိုင် စမ်းသပ်လုပ်ကိုင်သူ များပြားလာကြကြောင်းသိရသည်။

မှိုမျိုးစေ့ထုတ်လုပ်သည့် မုဒုံမြို့မှ မျိုးစေ့အထုပ်များကို ရက်ကြိုတင်ပြီး ငွေအရင်းအနှီးအလိုက် မှာယူလျက်ရှိကြသည်။

မျိုးစေ့အထုပ်ဈေးနှုန်းမှာ ထုတ်လုပ်သူများထံမှ စိုက်ပျိုးမည့်လုပ်ငန်းခွင်နေအိမ်သို့အရောက် တစ်ထုပ်လျှင် ငွေကျပ်၂၀၀ ကျသင့်သည်။ မှိုမျိုးစေ့အထုပ်များကို လေဝင်လေထွက်၊ အလင်းရောင် အနည်းငယ်သာရရှိသော နေရာတွင် ရက်သတ္တပတ်နှစ်ပတ်ကြာ ထားရှိပြီးမှ မှိုပွင့်များထွက်ရှိမည့် နေရာများကို ဖွင့်ဖောက်ပေးလိုက်ခြင်းဖြင့် မှိုမျိုးစေ့အထုပ်များမှ ထွက်ရှိလာသော မှိုပွင့်များကိုရရှိ သည်။ စားသုံးသူများ လက်ဝယ်သို့ ရောက်ရှိသည်အထိ မှိုတစ်ပိဿာလျှင် ဖောက်သည်ဈေးကျပ် ၂၅၀၀၊ တစ်ဆင့် ပြန်လည်ရောင်းချသူများမှာ တစ်ပိဿာလျှင်ငွေကျပ် ၄၀၀၀ ဈေးအထိရရှိကြသည်။

မှိုပွင့်များကို စားသုံးသူအများအပြားက ကြိုက်နှစ်သက်စွာ ဝယ်ယူစားသုံးလာကြ၍ မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်မှုရလာသည်။ မှိုထွက်ရှိမှု သက်တမ်းမှာ လေးလတာထိ အားကောင်းပြီး ထို့ထက် အချိန်ကြာပါက မှိုထွက်နှုန်းလျော့နည်း ကျဆင်းလာသဖြင့် မှိုအားဆေးများကို ဖျန်းပက်ပေးရသည်။ မှိုစိုက်ပျိုးမှုလုပ်ငန်းဖြင့် မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေပြီး အထောက်အကူဖြစ်စေ၍ အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

အသက် (၁၀၀) နှင့်အထက်အဘိုးအဘွားများအား ထောက်ပံ့

မြစ်ကြီးနား ဇန်နဝါရီ ၂၃

ကချင်ပြည်နယ်အတွင်းရှိ အသက်(၁၀၀) နှင့်အထက် အဘိုး ၃၅ဦး၊ အဘွား ၄၉ ဦး စုစုပေါင်း ၈၄ ဦးတို့အား နိုင်ငံတော်သမ္မတ၏ အသိအမှတ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၉ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားသို့တက်ရောက်လာသည့် အဘိုးအဘွား ငါးဦးတို့ကို နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာနှင့် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ထောက်ပံ့ချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင် ထောက်ပံ့ချီးမြှင့်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဂုဏ်ပြုခံ အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

လဘန်အောင်(ကချင်မြေ)

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်း ကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၁၇-၂-၂၀၁၅ရက် (တပို့တွဲလကွယ်နေ့)မှ ၂၇-၂-၂၀၁၅ရက် (တပေါင်းလဆန်း ၁၀ရက်)ထိ ၁၀ရက်တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၈-၁-၂၀၁၅ရက်မှ ၃-၂-၂၀၁၅ ရက်နှင့် ၂၈-၂-၂၀၁၅ ရက်မှ ၆-၃-၂၀၁၅ ရက်အထိ ခုနစ်ရက်အချိန်ပိုင်း မွန်းလွဲ ၁၂:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်) ဒီဃကာယဓမ္မာစရိယ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိကဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့

ဖုန်း-၅၇၁၂၅၈၊ ၀၉-၇၀၇၇၃၂၈၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၅၀၇၇၃၂၈၊ ၃၈၃၅၁၁၊ လိုင်းခွဲ(၂၅၁)

ဒသမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဝိုင်း၊ ကန်ဦးကျောင်းတိုက်ဝင်း မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၌ ဒသမအကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစခန်းကို ၁-၂-၂၀၁၅ရက်မှ ၇-၂-၂၀၁၅ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသော ယောဂီပုဂ္ဂိုလ်များ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၆၃၄၂၁

(၆၆)နှစ်မြောက် အမြောက်တပ်ဖွဲ့နေ့ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ညစာစားပွဲဖိတ်ကြားခြင်း

(၆၆)နှစ်မြောက် အမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ် အမြောက်တပ်ဖွဲ့ဝင်ဟောင်းများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပြီး ဖိတ်စာများကိုလည်း စာတိုက်မှတစ်ဆင့် ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ချီးမြှင့်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

	ဂေါက်သီးရိုက်ပြိုင်ပွဲ	မိတ်ဆုံညစာစားပွဲ
ကျင်းပမည့်ရက်	- ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)	၃-၂-၂၀၁၅ (အင်္ဂါနေ့)
အချိန်	- ၀၇း၀၀နာရီမှ ၁၂း၀၀နာရီထိ	၁၈း၀၀နာရီမှ ၂၁း၀၀ နာရီထိ
နေရာ	- တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)	M3 FOOD CENTRE (တော်လှန်ရေးပန်းခြံရှေ့)

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အထက အလှူးလေး အငွေမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ဖိတ်ကြားလွှာ

အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများမှ ဂါရဝပြုတွေ့ဆုံပွဲနှင့် ပူဇော်ကန်တော့ပွဲကို ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဖျော်ဖြေညည့်ခံပွဲ	-	၆-၂-၂၀၁၅ ရက် ညနေ
ပူဇော်ကန်တော့ပွဲ	-	၇-၂-၂၀၁၅ ရက် နံနက် ၉း၀၀ နာရီ
နေရာ	-	အထက အလှူးလေး
ဆက်သွယ်ရန်	-	ကိုမင်းမင်း ဖုန်း-၀၉-၂၅၅၇၁၄၇၅၈
		ကိုချမ်းမြေ့နောင် ဖုန်း-၀၉-၄၅၂၃၃၆၈၄၂
		ကိုမင်းထွဋ်ဝင်း ဖုန်း-၀၉-၂၅၅၉၇၅၇၉၈၊ ၀၉-၉၇၀၁၀၄၅၅၆
		နော်အေးသီတာမြင့် ဖုန်း-၀၉-၄၂၅၃၅၀၁၄၈၊ ၀၉-၉၇၀၁၀၄၄၂၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၈

ဒေါ်စန္ဒာငြိမ်း	**နှင့်**	ဗိုလ်မှူးအေးထွန်းညွှန့်
တရားလို		**တရားပြိုင်**

ဗိုလ်မှူးအေးထွန်းညွှန့် အမှတ်-၁၂၁/၅၊ မာရာဖင်လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကွက်(ဂဂ-၁/၈)ဂရန်မြေကွက်အား မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကစွဲဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မျိုး)
ဒုတိယမြို့နယ်တရားသူကြီး
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်တရားရုံး
တရားသူကြီး

ပြည်တွင်းသတင်း

နှင်းမြို့တော်ဟုခေါ်သော ပြင်ဦးလွင်၌ တစ်နေကုန် မြူနှင်းများဖုံးလွှမ်းခဲ့

ရောင်စုံပန်းများ ဆယ့်နှစ်လရာသီဖူးပွင့်နေသောကြောင့် ပန်းမြို့တော်ဟူ၍လည်းကောင်း၊ တောတောင်အထပ်ထပ်ကို မြွေလိမ်မြွေကောက်ကွေ့ပတ်ပြီးမှ တက်လှမ်းလာခဲ့ရသောကြောင့် တောင်လှေကားမြို့တော်ဟူ၍လည်းကောင်း၊ အချိန်ရာသီမရွေး ငွေနှင်းမှုန်များ တဖွဲဖွဲကျရောက်လျက်ရှိသောကြောင့် နှင်းမြို့တော်ဟူ၍လည်းကောင်း ကဗျာဆန်ဆန်အမည်နာမများဖြင့် ကျော်ကြားထင်ရှားလျက်ရှိသော ပြင်ဦးလွင်သည် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ပြည်ဦးလွင်ရွာအမည်ဖြင့်လည်းကောင်း၊ နယ်ချဲ့အင်္ဂလိပ်လက်ထက်တွင် ဗိုလ်မှူးကြီးမေကို အစွဲပြု၍ မေမြို့ဟူ၍လည်းကောင်း သမိုင်းဝင် နာမည်များဖြင့်လည်း လူသိများ ထင်ပေါ်ခဲ့ရပြန်သည်။

ပြင်ဦးလွင်မြို့သည် ပင်လယ်နှင့်အလွန်ဝေးကွာသော မြို့တစ်မြို့ဖြစ်သော်လည်း မြောက်လတ္တီတွဒ် ၂၃ ဒီဂရီအောက်တွင် ကျရောက်နေခြင်း၊ အမြင့်ပေပေါင်း ၃၅၀၀ ကျော်ကာ မြို့ပတ်ဝန်းကျင်တွင် ထင်ရှူးတောများ၊ ယူကလစ်တောများ တည်ရှိနေခြင်း၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၆၀ လက်မမှ ၈၀ လက်မအကြား ရရှိနေခြင်းတို့ကြောင့် အပူပိုင်းစိုစွတ်ရာသီဥတုကို ရရှိပိုင်ဆိုင်ထားသော မြို့တစ်မြို့လည်းဖြစ်သည်။

မြို့၏ပတ်ဝန်းကျင်တွင် ထင်းရှူးတောတန်းများ၊ စိမ့်စမ်းရေတံခွန်များ၊ တောင်စွယ်တောင်ပြတ် တောင်တန်းအလီလီရှိနေသဖြင့်လည်း နွေ၊ မိုး၊ ဆောင်းအချိန် အခါမရွေး ရံဖန်ရံခါတွင် မြို့တစ်မြို့ကို မြူနှင်းများဖုံးလွှမ်းသွားတတ်သည်ကို နှစ်စဉ်ကြုံတွေ့ ခံစားရစမြဲဖြစ်နေသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ တတိယပတ်အတွင်း ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင်တစ်ခွင်လုံး နှင်းမှုန်များအောက် ကျရောက်သက်ဆင်းခဲ့သည်။

မြို့တွင်း မြို့ပြင်လမ်းများပေါ်၌ နှင်းများပိတ်ဆို့နေ၍ ကား၊ ဆိုင်ကယ်များ မီးကြီးများဖွင့်၍ မောင်းနှင်ခဲ့ရသလို မြို့သူ မြို့သားအများစုသည်လည်း အိမ်အတွင်း၌ မီးဖိုမီးများဖြင့် နေထိုင်ခဲ့ကြရသည်။ ထိုရက်ပိုင်းအတွင်း ပြင်ဦးလွင်မြို့ကို လာရောက်လည်ပတ်ကြသော ဧည့်သည်များအနေဖြင့် မမြင်စဖူးအသွင်ထူးသည့် နှင်းမှုန်များကြားဝယ် နှင်းမြို့တော်၏ အလှကို တဝကြီးပျော်ရွှင်ခံစားခဲ့ကြရကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

စာကြည့်တိုက် ပန္နက်တင်အခမ်းအနားကျင်းပ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ မတည်ငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်မည့် ယောမင်းကြီး ဦးဘိုးလှိုင် စာကြည့်တိုက်ဆောက်လုပ်မည့်နေရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွှမ်းနန်းထွေးနှင့်အဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်တင်နှင့် ရပ်မိရပ်ဖများက ပန္နက်တင်အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပသည်။

မြမြရင်

ဟိုတယ်/ခရီးဝန်ကြီးဌာန မှုခင်းပိုင်းဆိုင်ရာအသိပညာပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးဟိုတယ်ခန်းမ၌ ဇန်နဝါရီ ၂၁ ရက်က ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မှုခင်းပိုင်းဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး) ရဲမှူးကြီး အောင်မြတ်မိုးက အမှာစကားပြောကြားသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (လားရှိုးဌာနခွဲ)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ပတ်သက်၍ ဆွဲဆောင်မှုရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဟန်ငွေး(iprd)

ယင်းမာပင်မြို့၌ ဖမ်းဆီးရမိသော နွား ၁၄ ကောင်အား လေလံတင်ရောင်းချ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် လေလံကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းဦးဆောင်သောအဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမတွင် ဇန်နဝါရီ ၂၂ ရက်နံနက် ၁၀ နာရီက ပိုင်ရှင်မဲ့ဖမ်းဆီးရမိသော နွား ၁၄ ကောင်အား လေလံတင်ကာ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ နွား ၁၄ ကောင်အား ရောင်းချရာတွင် တာဝန်ရှိသူများက လေလံကြမ်းခင်းဈေးစုစုပေါင်း ငွေကျပ် ၄၀၂၀၀၀၀ ကို အနည်းဆုံးဈေးသတ်မှတ်ပြီး နွားတစ်ကောင်ချင်းစီအလိုက် ဈေးပြိုင်ဆွဲဝယ်မည့်သူများထဲမှ ဈေးအများဆုံးပေးနိုင်သူကို ပွင့်လင်းမြင်သာစွာ ရောင်းချပေးခဲ့ကာ စုစုပေါင်းလေလံအောင်ကြေးငွေကျပ် ၄၁၆၈၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

ထွန်းကိုကို

လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရ လျော်ကြေးငွေရရှိသောသူအတွက် ဝိုင်းဝန်းကူညီပေးစေလိုဟုဆို

ဗန်ကောက် ဇန်နဝါရီ ၂၃

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိဘန်ဘော်အေကချိုင်း၌ သံချောင်းများဖြတ်သည့် အလုပ်ရုံလုပ်ငန်းခွင်အတွင်းအလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရရှိထားသည့် ကိုလှမျိုး ပတ်စ်ပို့နံပါတ်-TJ 032450 ၏ နစ်နာကြေး ဘတ်ငွေ ၈၀၀၀၀ ကို ဇန်နဝါရီ ၁၅ ရက်က လက်ခံရရှိထားပြီးဖြစ်သောကြောင့် အမိနေရပ်မြန်မာနိုင်ငံသို့ပြန်သွားသော ကိုလှမျိုး ဆက်သွယ်စေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဇန်နဝါရီ ၂၁ ရက်က တိုက်တွန်းထားချက်အရ သိရသည်။

ထိုင်းနိုင်ငံ တောင်ပိုင်း အခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED မှ ဒါရိုက်တာ ဦးထူးချစ်က "အလုပ်လုပ်ကိုင်ရင်း လက်ခလယ်နှစ်ဆစ်ဖြတ်လိုက်ရတဲ့ ကိုလှမျိုးအတွက်လျော်ကြေးငွေဘတ် ၈၀၀၀၀ ရရှိဖို့အတွက်ကို ကြားသိရတဲ့ အချိန်မှာပဲ ကျွန်တော်တို့ရဲ့ ထိုင်းလူ့အခွင့်အရေးရှေ့နေနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ကြပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၄ ရက်ကလည်း ကားတိုက်လို့သေဆုံးခဲ့ရတဲ့ ရော်ဘာခြံမှာ အလုပ်လုပ်နေတဲ့ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဘီလူးကျွန်း ခရိုက်သစ်ကျေးရွာမှ မောင်အောင်ဝင်းငွေး၏ဇနီးဖြစ်သော မဆွေဆွေအောင်ကိုလျော်ကြေးငွေ ဘတ် ၃၀၀၀၀၀ ကို Cheque ချက်လက်မှတ်ဖြင့် ရရှိအောင် ထိုင်းရှေ့နေများဖြင့် အတူဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်ပေးနေတဲ့ ဖြစ်စဉ်အမှုများအားလုံးမှာ သွေးသားတော်စပ်ပုံ၊ နိုင်ငံသားဖြစ်ကြောင်း ထောက်ခံစာများအပါအဝင် အခုလို လျော်ကြေးငွေရတဲ့ အမှုတိုင်း အားလုံးအတွက်ကို မြန်မာသံရုံးအနေနဲ့ လိုအပ်တဲ့ ထောက်ခံစာတွေ ထုတ်ပေးနေကျပါ။ ယခု လျော်ကြေးငွေရရှိထားပြီဖြစ်တဲ့ ကိုလှမျိုးရဲ့ လျော်ကြေးငွေကိုလည်း မြန်မာနိုင်ငံမှ အများပြည်သူများက ပြန်ရဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ဆက်သွယ်ပြောသည်။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမား နစ်နာဆုံးရှုံးမှုများကို လျော်ကြေးငွေ ရရှိရန်အတွက် အစဉ်အမြဲ ဆောင်ရွက်လျက်ရှိသော ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT နှင့် ဖန်ငအခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (FED) တို့က ထိခိုက်ဒဏ်ရာရရှိသွားသော ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နေ ကိုလှမျိုး (ပတ်စ်ပို့နံပါတ် -TJ 032450) ကို ထိုင်းနိုင်ငံ ဖုန်းနံပါတ်များဖြစ်သည့် MAT ရုံးမှ ကိုဘခက် ဖုန်း-၀၈၇-၃၁၂၁၁၇၉ နှင့် ကိုစိုင်းအေး ဖုန်း-၀၈၀-၅၈၈၅၅၄၈ သို့လည်းကောင်း၊ FED မှ ကိုအောင်ခန့် ဖုန်း-၀၈၅-၉၀၄၁၇၆၂ သို့ လည်းကောင်း ဆက်သွယ်နိုင်ပါရန် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း မြန်မာနိုင်ငံမှ အများပြည်သူများအား အကူအညီတောင်းခံထားကြောင်း သိရသည်။

စိုးဝင်း(SP)

နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးတွင်-

(က) ပြင်ပရေရရှိရေးလုပ်ငန်း (Ground Tank, Pumphouse, Overhead Tank, Tube Well)

(ခ) ၁၂' × ၂၅၀' × ၆" ကွန်ကရစ်လမ်းခင်းခြင်း

(ဂ) ၂၅' × ၅' box Culvert ပြုလုပ်ခြင်း

(ဃ) အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၈၀၀)ပေ (တံခါးအပါအဝင်)

ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ် တိရစ္ဆာန်ဆေးပေးခန်းများတွင်

(က) ပြင်ပရေရှိရေးလုပ်ငန်း (Ground Tank, Pumphouse, Overhead Tank, Tube Well)

(ခ) အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၄၀၀)ပေ (တံခါးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၂၆-၁-၂၀၁၅ ရက်တွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၂၈-၁-၂၀၁၅ရက် ၁၆း၀၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၊ နေပြည်တော်ကောင်စီရုံးဝင်းအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ဖုန်း-၀၆၇-၅၅၀၂၂၄၊ ၀၉-၄၃၀၃၈၀၇၀ နှင့် ၀၉-၈၃၀၀၂၈၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

နေပြည်တော်အဆင့်တင်ဒါလုပ်ငန်းကော်မတီ

အမည်ပြောင်း

မကွေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း အဋ္ဌမတန်း (B)မှ ဦးဆွေဝင်း ၈/မကန(နိုင်)၁၂၃၀၀၈၏သမီး မဆုမြတ်နွယ်အား မကေဇင်လှဲ့ဟု ပြောင်းလဲခေါ်ပါရန်။

မကေဇင်လှဲ့

INVITATION FOR QUOTATION

THE DEPARTMENT OF RURAL DEVELOPMENT has received the Grant from the International Development Association for National Community Driven Development Project and wishes to purchasc for National Community Driven Development Project the following Tablets by Shopping method as defined in the World Bank Procurement Guidelines:

Reference No G1. 3c: Tablets 300units

Sealed Quotations shall be submitted to U Khant Zaw, Deputy Chief Engineer, Department of Rural Development, Office No. (14), Nay Pyi Taw, not later than (5-2-2015) 12:30 hour, after which no request for quotation will be accepted.

For detail information please contact U Kyaw Swar Aung, Deputy Director mobile phone 09-43434333 or office phone 067-409413

Website: www.drdmyanmar.org

Email:drdmyanmar@gmail.com

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၁၉၄၃၂၊ KENBO 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုဆက် ၁၃/ကမန(နိုင်)၁၃၃၀၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၁၄၀၅၇ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၅/ကလထ(နိုင်) ၀၁၈၈၂၈က (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကလေးမြို့)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)တွင် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ကျောင်းသားသုံးစားပွဲ (L5.5'× W15"× H2.5')	၅၀ လုံး
၂။	ကျောင်းသားသုံးထိုင်ခုံ (L5.5'× W10"× H1.5')	၅၀ လုံး
၃။	ရုံးသုံးကုလားထိုင် 590(W)× 530(D)× 910(H)mm	၁၃ လုံး
၄။	ဖိုင်တင်စင် 914(W)× 316(D)× 986(H)mm	၁ လုံး
၅။	ကုလားထိုင်(ဘွဲ့နှင်းသဘင်)	၁၅ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၄-၂-၂၀၁၅ ရက် ညနေ ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ငွေစာရင်းဌာန နည်းပညာတက္ကသိုလ်(လားရှိုး) ဖုန်း-၀၉-၂၅၉၁၈၃၀၄၇၊ ၀၉-၅၂၆၂၆၂၈ တို့သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(လားရှိုး)

ပြည်တွင်းသတင်း

လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲကျင်းပ

လားရှိုး ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ရပ်ကွက်(၁၁) ပါရမီလမ်းသွယ် (၄) လမ်းရှိ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဌာနချုပ်ရုံး၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ လားဟူတိုင်းရင်းသားအကြီးအကဲများနှင့် လားဟူတိုင်းရင်းသား မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ဆုတောင်းဝတ်ပြုခြင်း၊ ရိုးရာဓလေ့အတိုင်း လက်ဆေးမင်္ဂလာယူခြင်း၊ ကန်တော့ပွဲတင်ခြင်း၊ ကောင်းချီးမင်္ဂလာခံယူခြင်းများ ပြုလုပ်ခဲ့ကာ လားဟူတိုင်းရင်းသားမြေဝိုင်းရိုးရာအကများဖြင့် တင်ဆက်ပြီး နှစ်သစ်ကူးနေ့လယ်စာ တည်ခင်းဧည့်ခံခဲ့သည်။

တိုင်းရင်းသားများ အပြန်အလှန်လေးစားခြင်း၊ ချစ်ခင်ကြင်နာခြင်း၊ စည်းလုံးညီညွတ်ခြင်းများရှိကြစေရန် ရည်ရွယ်၍ လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ရိုးရာမပျက်ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

နေမျိုးနွယ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီက အထကကျောင်းဝင်းအတွင်း၌ ကျင်းပစဉ်။

သန်းထွန်းအေး(iprd)

လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

လားရှိုး ဇန်နဝါရီ ၂၃

လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအုပ်စု နမ့်ပေါင်ကျေးရွာတွင် မြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့်ရုံးဝန်ထမ်းများ ညအိပ်အခြေပြု၍ ကျေးရွာနေရှမ်း၊ လားဟူ၊ တိုင်းရင်းသားပြည်သူများအတွက် ၁၀ နှစ်ပြည့်၊ ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၈၇ ကတ်ကို ဇန်နဝါရီလတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူများအား ဇန်နဝါရီ ၂၁ ရက်က နမ့်ပေါင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖပြည်သူများ စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

စာပေမြင့်မှ လူမျိုးတင့်မည်

တရားမဝင်ငါးဖမ်းဆီးသည့် လှေငါးစင်းနှင့် တားမြစ်ထားသည့် ငါးဖမ်းပစ္စည်းကိရိယာများဖမ်းမိ

ဖြူး ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ချောင်းမြောင်း အင်းအိုင်ပေါ်များသည့် အုတ်တွင်းမြို့နယ်အတွင်း ငါးသယံဇာတများ မပြုန်းတီးစေရေးနှင့် စဉ်ဆက်မပြတ် ရေချိုငါးများ ထုတ်လုပ်နိုင်ရေးတို့အတွက် ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ခရိုင်ဦးစီးဌာနမှူးတို့၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အုတ်တွင်းမြို့နယ် လှေဆွဲမြောင်းရွာမှ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ ဇန်နဝါရီ ၂၁ ရက်နေ့ ည ၇ နာရီက ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့်အဖွဲ့၊ လှေဆွဲမြောင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့် တာဝန်သိ ကျေးရွာသားများအဖွဲ့၊ အင်းလုပ်သားကြီးများ အဖွဲ့နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် လှေဆွဲမြောင်းရွာမှ စစ်တောင်းမြစ်တစ်လျှောက် ကွင်းဆင်းဆောင်ရွက်ကြရာ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် သုံးမြို့နယ် ဆုံသည့် ရှားပင်ချောင်းဟောင်းကွေ့ အနီးအရောက်တွင် တရားမဝင် ငါးဖမ်းဆီးသူများမှာ လှေငါးစင်းကို ထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားကြသည်ကို တွေ့ရသည်။

အဆိုပါ တရားမဝင် ငါးဖမ်းလှေငါးစင်းပေါ်မှ တားမြစ်ထားသော ငါးဖမ်းပစ္စည်းကိရိယာ ဝိုင်ယာကွိုင်ထုပ် လေးထုပ်၊ ၁၂ ဗို့ ဘက်ထရီနှစ်လုံး၊ ဝိုင်ယာတပ်ဆင်ထားသော လက်ပစ်ကွန် လေးခု၊ ပလတ်စတစ်ပိုက်ပျော့နှစ်ဖုံတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိပြီး အမှုကို နယ်မြေခံ ညောင်ခြေထောက် ရဲစခန်းမှ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူး-မြင့်ဦး

သတ္တမအကြိမ်မြောက် မန္တလေးအဖေနေ့ပြိုင်ပွဲဝင်စာမူဖိတ်ခေါ်

မန္တလေး ဇန်နဝါရီ ၂၃

သတ္တမအကြိမ်မြောက် မန္တလေးအဖေနေ့အခမ်းအနားကို ၁၃၇၆ ခုနှစ် (တပေါင်းလပြည့်နေ့) မတ်လ ၄ ရက်တွင် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းကြီး (ဦးလှသိန်း ဗိမာန်) ၈၅ လမ်းနှင့် ၃၅ လမ်းတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မန္တလေးအဖေနေ့ အခမ်းအနားတွင် အလွတ်တန်း ဝတ္ထုတိုပြိုင်ပွဲနှင့် အလွတ်တန်းကဗျာရှည်ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲဝင်စာမူများကို ဖေဖော်ဝါရီ ၂၁ ရက် နောက်ဆုံးထား၍ ထွန်းဦးစာပေ ၂၉ လမ်းနှင့် ၈၄ လမ်းထောင့် မန္တလေးမြို့ ဦးဖုန်းမြင့်အောင် အမှတ်(၄၁) ၆၉ လမ်း-လမ်း ၄၀ နှင့် ၄၁ လမ်းကြား မဟာမြိုင်(၁)ရပ်ကွက် မန္တလေးမြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်သည်ဟု သိရသည်။

ပြိုင်ပွဲဝင်လိုသူများသည် အမည်၊ ကလောင်အမည်၊ နေရပ်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်းတို့ကို ပြည့်စုံစွာဖော်ပြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီသို့ ပေးပို့ယှဉ်ပြိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၀၆၀၀၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

သတ္တမအကြိမ်မြောက် အဖေနေ့ အခမ်းအနားတွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၊ ဒေါက်တာဦးထွန်းလွင်(မိုးလေဝသ) နှင့် အကယ်ဒမီများရှင် ဒေါက်တာကြည်စိုးထွန်းတို့က အဖေ့ဂုဏ် ကျေးဇူးဂုဏ်အနန္တကို ပေါ်လွင်ထင်ရှားအောင် ဟောပြောမည်ဟု သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

သုံးခွမြို့နယ်တွင် ရေပြတ်လပ်မှုမရှိစေရန် တစ်ပတ်လျှင်လေးရက် ရေပေးဝေမည်

သုံးခွ ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ရေပိုက်လိုင်းမှ အိမ်သွယ်ရေတိုင်များဖြင့် ရေရယူသုံးစွဲလျက်ရှိသည့် ပြည်သူများရေသုံးစွဲမှုအဆင်ပြေစေရန် မိုးရာသီအမီ ရေပြတ်လပ်မှုမရှိစေရန်နှင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇန်နဝါရီ ၂၆ ရက်မှစ၍ရပ်ကွက်အလိုက် တစ်ပတ်လျှင်လေးရက်အလှည့်ကျ ရေပေးဝေမည်ဟု သိရသည်။ သုံးခွမြို့ပေါ်တွင် အိမ်သွယ်ရေတိုင်ပေါင်း ၁၅၆၂ တိုင်ရှိပြီး မြေအောက်ရေချိုမရရှိသဖြင့် ရေကန်များကိုသာ အားကိုးအားထားပြုနေရပြီး ရေလေလွင့်ပြုန်းတီးမှုမဖြစ်စေရေးအတွက် မိမိနေအိမ်ရှေ့နှင့် လမ်းများပေါ်တွင် ရေဖျန်းခြင်း၊ သစ်ပင်ပန်းပင်ရေလောင်းခြင်း၊ ကားရေဆေးခြင်းများမပြုလုပ်ရန် အသိပေးနှိုးဆော်ထားကြောင်း သိရပြီး ရေမရရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၅၆-၄၀၀၂၉ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)မှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ရုံးသုံးဗီရို(သံ) 914(W)×470(D)×1817(H)mm	၁၀ လုံး
၂။	ဖိုင်တင်စင် 914(W)×316(D)×986(H)mm	၁၀ ခု
၃။	Mikroe Complete Workstation Table (With Seldering Table)(Designed For Complete Lab Equipments)	၁ ခု
၄။	4 Drawers Cabinet	၂ ခု
၅။	Aluminium Ladder	၁ ခု
၆။	စကားပြောစင်မြင့်	၁ ခု

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** -၂၃-၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)
ကန့်ဘလူမြို့
ဖုန်း-၀၇၅-၂၇၀၀၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၃၇၆ RJ-Star-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းကြည် ၅/စကန(နိုင်)၁၆၅၅၈၃က (ကမ-၃)ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ)အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ထုတ်လုပ်ရေးလုပ်ငန်းသုံး Gas (၆) မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification) များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ၂၆-၁-၂၀၁၅ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများနောက်ဆုံးထား ပေးသွင်းရမည့်ရက်မှာ ၃၀-၁-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီဖြစ်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၆)တွင်နေထိုင်သော ဒေါ်ငွေရိုက်၏သမီး မသီသီမော် ၁၀/မဒန(နိုင်)၀၀၀၂၈၄သည် မိခင်၏ ဆိုဆုံးမစကားကို နားမထောင်သောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ငွေရိုက် ၁၀/မဒန(နိုင်)၀၇၂၂၆၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (မိုင်းယောင်းမြို့)မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သောအောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်-

ပစ္စည်းအမျိုးအစား
(က) ခွဲကျောက်ရွယ်စုံ
(ခ) ချောင်းသဲကျောက်
(ဂ) သဲ
(ဃ) ဘိလပ်မြေ
(င) သံချောင်းရွယ်စုံ
(စ) ဒေသသစ်ရွယ်စုံ
(ဆ) ၈"×၈" ကွန်ကရစ်အကာအကွယ်တိုင်

တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၁-၂၀၁၅ရက်၊ ၁၂း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁-၂-၂၀၁၅ရက်၊ ၁၃း၀၀နာရီ
တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းယောင်းမြို့

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ၂၅-၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်စုံစမ်း၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ်၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ၊ မိုင်းယောင်းမြို့
ဖုန်း-၀၈၄-၆၅၀၁၄၊ ၀၉-၄၃၀၄၇၄၁၀

ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၈)ကန့်ကွက်ကြော်ငြာအမှတ်စဉ် (၁၄)ဒေါ်အေးမူ၏ ဂရန်သစ်တွင် မြေအမည်ပေါက် ဦးတင်စန်းအစား ဦးတင်ဆန်းဟု ဖတ်ရှုပါရန်။

ဂျပန်နိုင်ငံမှလှူဒါန်းသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

တွံတေး ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဆူးကလပ်ရေကျော်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဂျပန်နိုင်ငံက တည်ဆောက်လှူဒါန်းသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွန်းနိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန်းထိုက်တို့က အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံစစ်သံမှူး မစ္စတာမာရိုရာမားက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်စစ်သံမှူးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်ကြည်အား လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဂျပန်နိုင်ငံစစ်သံမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးနှင့် ကျောင်းဆောင်ကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ကျောင်းသား ၅၉၈ ဦးအတွက် ဗလာစာအုပ်ဒါဇင် ၉၀ ကို ပေးအပ် လှူဒါန်းခဲ့သည်။

ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ အာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဂျပန်အစိုးရနှင့် ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် ကျောင်းအဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၁၃ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

နှမ်းစပါးစိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပြည် ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း ပုလဲသွယ်စပ်မျိုးစပါး(GW-1)တိုးချဲ့စိုက်ပျိုးရေးနှင့် နှမ်းစပါးစိုက်ဧကများအားလုံးကို GAP စနစ်ဖြင့် စိုက်ပျိုးရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှမြင့်နှင့်အဖွဲ့ဝင်များက မြို့နယ်အသီးသီးရှိ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများနှင့် ဇန်နဝါရီ ၂၀ ရက်က ကွင်းဆင်းတွေ့ဆုံပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးသည် သစ်ချိုခြံ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းသို့လည်း ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ အရည်အသွေးမီ စပ်မျိုးစပါးမျိုးစေ့များထုတ်လုပ်နိုင်ရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။

မြင့်နိုင်

ထိုင်းနိုင်ငံတွင်ဖြစ်ပွားသော ယာဉ်တိုက်မှု၌ မြန်မာနိုင်ငံသားတစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရ

ဗန်ကောက် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံသားများအားတင်ဆောင်ပြီး ထိုင်းနိုင်ငံမြို့တော်ဗန်ကောက်မှ မဲဆောက်မြို့သို့သွားသော ယာဉ်တစ်စီး ဇန်နဝါရီ ၁၉ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်းနှင့် ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ မြန်မာနိုင်ငံသား တစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရကာ သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံမြို့ တော်ဗန်ကောက်မှ မြန်မာနိုင်ငံသားများကို တင်ဆောင်၍ မဲဆောက်မြို့သို့ သွားသော လွတ်တု(ပေါင်မုန့်ကား) ၁၄/၄၁၉၇ သည် ဇန်နဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲက ထာ့ခ်ခရိုင် ကံဖဲန်မြို့နယ် ခေါင်ခွန်မြို့ ဖိုလိုရိုသင်လမ်း၌ ကားဘီးပေါက်ရာမှ အရှိန်မထိန်းနိုင်သောကြောင့် လမ်းဘေးရှိသစ်ပင်ကို ဝင်ရောက်တိုက်မိပြီး ယာဉ်ပေါ် လိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၃ ဦးအနက် ယာဉ်ခေါင်းခန်း၌လိုက်ပါလာသော အသက် ၃၀ အရွယ် မြန်မာနိုင်ငံသားတစ်ဦးမှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူ ၁၂ ဦးမှ သုံးဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ကိုစောမောင်၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားစဉ် အဆိုပါနယ်မြေရှိ ထိုင်းလူမှုကူညီရေးအသင်းက ဒဏ်ရာရရှိသူများ အားလုံးကို ခေါင်ခွန်မြို့ရှိ ခေါင်ခွန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းလည်း သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်းသူကို သက်ဆိုင်ရာနယ်မြေရဲစခန်းက အမှုဖွင့်ဖမ်းဆီး အရေးယူထားကြောင်း ထိုင်းသတင်းဌာနတစ်ခုဖြစ်သည့် ထိုင်းရတ်သတင်းတွင် ဖော်ပြထားချက်အရ သိရသည်။

စိုးဝင်း(SP)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲများ ကျောက်ပန်းတောင်းမြို့နယ်၌ ကျင်းပမည်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်နှင့် ဒုတိယလက်ထောက်ဦးစီးမှူး ဦးဟိန်းမင်းမောင်တို့က မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေးနှင့် ပြောင်းလဲလာသောရာသီဥတုကိုအခြေခံ၍ ပြောင်းလဲစိုက်ပျိုးသင့်သော သီးနှံနှင့် ဖြစ်ပွားတတ်သောရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်းများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်းက ကျွဲ၊ နွားထောင့်သန်းရောဂါနှင့် ပေါင်ပုပ်/လက်ပုပ်ရောဂါများ၏ ရှေ့ပြေးလက္ခဏာများနှင့် ကာကွယ်ကုသရမည့် နည်းလမ်းများကိုလည်းကောင်း အသိပညာပေးဆွေးနွေးသည်။

ထို့နောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်မင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒေသခံများအနေဖြင့် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ စသည်တို့ကို အသိပညာပေး ဆွေးနွေးဟောပြောသည်။ ဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ကြသည်။

ဒေသခံပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာများ တိုးပွားလာစေရန် ဆွေးနွေးပွဲများကို ဇန်နဝါရီ ၂၀ ရက်ကလည်း ပုပ္ပားကျေးရွာအုပ်စု ရှေ့တန်းစခန်း၌ ကျင်းပခဲ့ကာ ဆက်လက်၍ သရက်တော၊ လက်ပံပျား၊ ပွေးကျစ်ကျေးရွာအုပ်စုများတွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နေအောင်(iprd)

ဖမ်းဆီးရမိသော သစ်လုံး၊ ခွဲသားများ ရောင်းချရန် လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ နမ္မတူမြို့နယ်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ (၈)ဝင် သစ်ခွဲသားများအား သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင်၌ ၇-၂-၂၀၁၅ရက် နံနက် ၉း၀၀နာရီတွင် လက်ရှိမျက်မြင် အခြေအနေအတိုင်း ပြည်နယ်ကျော်သယ်ယူခွင့်မပြုကြောင်း စည်းကမ်းသတ်မှတ်ချက်ထား၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	လပ်ပုံ	သစ်မျိုး	လုံးတန်	ခွဲသားတန်	စုစုပေါင်း(တန်)	ပုံစံ(၈)တည်နေရာ
၁။	၁	သစ်မာ	-	၁.၂၃၁၆	၃.၆၇၀၈	နမ္မတူမြို့
		အခြား	၁.၃၄၄၂	၁.၀၉၅		
၂။	၂	အခြား	၁.၆၃၅	-	၁.၆၃၅	နမ္မတူမြို့
၃။	၃	သစ်မာ	၀.၂	၀.၅၃၉	၈.၉၉၆၄	နမ္မတူမြို့
		အခြား	၀.၀၇၁	၈.၁၈၆၄		
၄။	၄	အခြား	၂၀၇.၆၈၄	-	၂၀၇.၆၈၄	မန်တုံမြို့
၅။	၅	ကျွန်း	၄.၉၁၅	၃.၄၄၈	၈.၃၆၃	မန်တုံမြို့
၆။	၆	သစ်မာ	၅.၅၇၇၈	၂.၆၆၈၄	၁၀.၂၂၀၂	မန်တုံမြို့
		အခြား	၁.၉၇၄	-		
		စုစုပေါင်း	၂၂၃.၄၀၁	၁၇.၁၆၈၄	၂၄၀.၅၆၉၄	

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်ကို ကျောက်မဲခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၆-၁-၂၀၁၅ရက်မှ ၃-၂-၂၀၁၅ရက်အထိ လျှောက်လွှာ တစ်စောင်လျှင် ကျပ် ၅၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။ လျှောက်လွှာပုံစံကို ၄-၂-၂၀၁၅ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကျောက်မဲခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၂-၄၀၀၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့လက်အောက်ရှိတိုက်ကြီး မြို့နယ်အတွင်းရှိ ကျေးရွာများအတွက် လိုအပ်သောပစ္စည်း(၅)မျိုး၊ စမ်းသပ်ရေးနှင့်အထွေထွေထောက်ကူဌာနမှ အသုံးပြုရန်လိုအပ်သောSingle Phase Accucheck Meter (2)Nos နှင့် 3 Phase Accucheck Meter (3)Nos၊ ဓာတ်အား ဖြန့်ဖြူးရေးဌာနတွင် အသုံးပြုရန်ထရန်စဖော်မာဆီများကို မြန်မာကျပ် ငွေဖြင့် ဝယ်ယူလိုပါသည်။

(ပစ္စည်းလက်ဝယ်ရှိသူကိုဦးစားပေးမည်ဖြစ်ပါသည်။)

တင်ဒါပိတ်မည့်ရက် - ၂၉-၁-၂၀၁၅ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆၊ ၂၂၀၈၅၉

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းသုံး စက်ယန္တရားဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်း၊ လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါ Ground Support Equipment (၆)မျိုးအား နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	Aircraft Towing Tractor (Push Back)	1 No
(ခ)	Tractor	5 Nos
(ဂ)	Headset	10 Nos
(ဃ)	Tow Bar (including 10 nos of shear pin)	3 Nos
(င)	Vacuum Cleaner	6 Nos
(စ)	Pallet Dolly	10 Nos

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းမှုကို ၃၀-၁-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီတွင် မြန်မာ့လေကြောင်း အုပ်ချုပ်ရေးဌာနသို့ နောက်ဆုံးထားပေးပို့ရပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

မြန်မာ့လေကြောင်း
အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၄၅၉၅၊ ၀၉-၄၃၀၃၉၁၇၁

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(စက်မှုလယ်ယာ)၊ ဦးပိုင်အမှတ် (၆၉၇)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ မြေဂရန်အမှတ်တွဲအမှတ် ၂၈၆-၅/၂၀၁၁-၂၀၁၂ (စီ)ဦးဂျိုးဇက်စိန်ခန့်ပုမ့် ၄/တတန(နိုင်)၀၀၄၀၂၇ ၏မြေဂရန် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဂျိုးဇက်စိန်ခန့်ပုမ့် ၄/တတန(နိုင်)၀၀၄၀၂၇

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း (၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၆၉၅၊ မြေကွက်တည်နေရာအမှတ် ၁၆၉၅၊ (၁၅)လမ်း၊ ပေါင်းလောင်း (၃)၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့ရှိမြေကွက်အား ဦးထွန်းဝင်း (ဘ)ဦးဟံဖေ ၁၂/သလန(နိုင်)၁၁၂၉၅၄ မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အကောက်ခွန်မဲ့သွင်းလာသော ယာဉ်သုံးစီးဖမ်းမိ

ညောင်ခါးရှည် ဇန်နဝါရီ ၂၃

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းဖြင့် မြဝတီမှ ရန်ကုန်သို့ တရားမဝင်တင်သွင်းလာသည့် မော်တော်ယာဉ်သုံးစီးကို စစ်တောင်းတံတား ဟောင်းနှင့် တံတားသစ်လမ်းဆုံ ညောင်ခါးရှည်၌ အခြေပြုသည့် Mobile Team (v&e-2)အဖွဲ့က ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

မြဝတီမှ ရန်ကုန်သို့ဝင်ရောက်မည့် ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်နှင့် အိမ်စီးယာဉ်များကို တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအတွက် ဇန်နဝါရီ ၁၈ ရက်က ရှာဖွေစစ်ဆေးစဉ် သထုံမှရန်ကုန်လမ်းကြောင်းအတိုင်း မောင်းနှင်လာသော 3G ----- (Honda CRV)ယာဉ်ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် ၇ဃ/---- (Air Wave)ယာဉ်နှင့် 6E -----(Mark II)ယာဉ်ကိုလည်းကောင်း မိုဘိုင်းအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်မောင်းများမှာ စစ်ဆေးနေစဉ် ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်များမှာ လိုင်စင်၊ ဝိုးတက်နှင့် ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းလာသော လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်းသိရသဖြင့် အဆိုပါယာဉ်သုံးစီးကို ပိုင်ရှင်မဲ့အဖြစ် မိုဘိုင်းအဖွဲ့က တားဆီးထိန်းသိမ်းခဲ့ကာ တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းသယ်ဆောင်လာသည့် အကောက်ခွန်မဲ့ယာဉ်သုံးစီးကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီသည် မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ တရားမဝင်ကုန်သွယ်မှုများကို တားဆီးရေးအတွက် မိုဘိုင်းအဖွဲ့ကို ညောင်ခါးရှည်တွင် အခြေပြုဖွဲ့စည်းထားပြီး စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကျော်ဆန်းမြင့်

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရန်ပုံငွေ ကျပ်သန်း ၁၆၀ ဖြင့် Dragon Power ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကနေဒီ-တွီးဆောက်-ပိန်းပိ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းခွင်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ နေစု(ချင်းရိုးမ)

ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

ကော့သောင်း ဇန်နဝါရီ ၂၃

ကော့သောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အနာဂတ်ရင်သွေးငယ်များဘဝတိုးတက်မြင့်မားရေး ကျောင်းကျန်းမာရေး လုပ်ငန်းများကို ကော့သောင်းမြို့ အထက(၂)၌ ဇန်နဝါရီ ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်မှုအဖြစ် ကျောင်းသားကျောင်းသူ ကလေးငယ်များအား တစ်ကိုယ်ရေသန့်ရှင်းမှုနည်းစနစ်များ၊ အာဟာရပြည့်ဝစွာစားသုံးနည်း၊ ရောဂါကာကွယ်နိုင်သည့် အစားအစာအုပ်စုများအကြောင်းနှင့် စနစ်တကျ စားသောက်ပုံနည်းစနစ်များ၊ သန်ကောင်အမျိုးအစားနှင့် သန်ကောင်ရောဂါမဖြစ်ပွားရေး နေထိုင်စားသောက်နည်းစနစ်များ၊ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး ကာကွယ်နေထိုင်နည်းစနစ်များ၊ သွားကျန်းမာရေးနှင့် သွားတိုက်နည်းစနစ်များကို ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်တွေ့သရုပ်ပြ ပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ခန္ဓာကိုယ်၊ သွားနှင့်မျက်စိများကို ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးပေးကာ လိုအပ်သည့် ဗီတာမင်အားဆေးများ၊ ဗီတာမင်စီဆေးပြားများနှင့် သန်ချဆေးပြားများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

လူမှုကူညီရေးအသင်းသို့ မီးသတ်စက်လှူဒါန်း

ဖျာပုံ ဇန်နဝါရီ ၂၃

ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်ရှိ သံသရာခရီးသည် လူမှုကူညီရေးအသင်းသို့ မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပသည်။

ကာလတန်ဖိုးငွေကျပ် ၅၃ သိန်းရှိ မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဖျာပုံမြို့နေ ဦးစိန်ပွင့်(ဓူဝံရေလုပ်ငန်းမိသားစု)က လှူဒါန်းခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက ၄င်းတို့မိသားစု မီးဘေးသင့်ခဲ့ချိန်တွင် ဆွေမျိုးမိတ်သင်္ဂဟများက ကူညီထောက်ပံ့ခဲ့သည့်ငွေဖြင့် မီးသတ်စက် ဝယ်ယူ၍ ပြည်သူများ မီးဘေးအန္တရာယ်နှင့်ကြုံလာပါက မီးငြိမ်းသတ်ရာတွင် အထောက်အပံ့ဖြစ်စေရန် လှူဒါန်းခြင်းဖြစ်ကြောင်း အလှူရှင်မိသားစုမှ ဦးစိုးမင်းထွန်းက ပြောသည်။ မီးသတ်စက်လှူဒါန်းပွဲတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ကျေးဇူးတင် ဂုဏ်ပြုအမှာစကားပြောကြားပြီး မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဖျာပုံမြို့ မီးသတ်စခန်းဦးစီးအရာရှိ ဦးသန့်ဇင်မင်းနှင့် သံသရာခရီးသည် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးလှမင်းတို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **သူဇာနွယ်(ဖျာပုံ)**

တိုက်ခန်းရောင်းရန်ရှိသည်

သဃ်န်းကျွန်း၊ လေးထောင့်ကန်လမ်းမပေါ်၊ Junction ဇဝနအနီး မိုးမြင့်စံ တိုက်၊ခြောက်လွှာ၊(၁၄×၆၀)ပေ၊ သိန်း၅၅၀

ဖုန်း-၅၄၀၈၆၀၄၊ ၄၀၁၅၉၆၃၆၅

Air Con

မီးအားမြင့်စက်၊ အဟောင်း၊ အပျက်၊ အလောင်းများ
ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၅၀၂၆၄၅၇၊ ၀၉-၇၃၀၆၉၅၅၈

အယူခံလျှောက်လွှာကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄နှင့်ပုဒ်မ-၁၁၅)

မကွေးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၄ခုနှစ် တရားမပထမအယူခံမှုအမှတ်-၂၂

ဦးတင်ဝင်း **နှင့်** ဦးကျော်ဝင်းပါ-၇

အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၁၄ခုနှစ် အောက်တိုဘာ ၁ရက်စွဲပါ မကွေးခရိုင်တရားရုံးတရားမပြင်ဆင် ၃၃/၂၀၁၄ ၏စီရင်ချက်နှင့်ဒီကရီနှင့်ပတ်သက်၍ အယူခံတရားပြိုင်(၁)ဦးကျော်ဝင်း(ဘ) ဦးကြင်မြိုင် နွားခြံကုန်းမြောက်ဖျား၊ စက်မှုဇုန်(၁)၊ ၆၆×၆၇ လမ်းအနီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဤအမှုတွင် မကွေးခရိုင်တရားရုံး၏ ဒီကရီမှအယူခံလျှောက်လွှာတစ်စောင်ကို ဦးတင်ဝင်းမှ တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာ ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၃ရက် ၃-၂-၂၀၁၅ ရက် နံနက်၁၀း၀၀နာရီတွင် ဤရုံးကချိန်းဆိုထားပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ်သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-

(သိန်းဇော်)၊ လက်ထောက်ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီးတရားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကြေညာချက်

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းရေကြောင်းသွား၊ စက်မြင်းကောင်ရေ (၂၀)အထက် စက်တပ်ရေယာဉ်များအား တိုင်းတာစစ်ဆေး၍ မှတ်ပုံတင်လက်မှတ်နှင့်ရန်ကုန်တိုင်းဒေသကြီးအတွင်း ခုတ်မောင်းသွားလာခွင့်လက်မှတ်များအား ထုတ်ပေးလျက်ရှိပါသည်။

အချို့သော ရေယာဉ်များသည် နှစ်ပတ်လည်တိုင်းတာစစ်ဆေးမှုခံယူရန် (၃) နှစ်ကျော် ပျက်ကွက်နေပြီး ရန်ကုန်တိုင်းဒေသကြီးတွင် မြင်းကောင်ရေ (၂၀)အထက် စက်တပ်ရေယာဉ်များ သက်တမ်းပြတ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။အဆိုပါ ရေယာဉ်များသည် သက်တမ်းတိုးခြင်းကိစ္စအားသက်ဆိုင်ရာ ရေယာဉ်ပိုင်ရှင်များထံသို့ အကြောင်းကြားနှိုးဆော်စာများ အကြိမ်ကြိမ်ပေးပို့ ဆောင်ရွက်ခဲ့သော်လည်း ဖော်ပြပါ ရေယာဉ်(၇၁)စီးသည် ယနေ့ထိ သက်တမ်းတိုးရန် ပျက်ကွက်နေပါသဖြင့် သက်တမ်းတိုးခြင်းကိစ္စအား ၂၇-၂-၂၀၁၅ ရက် နောက်ဆုံးထားဆောင်ရွက်ပါရန်နှင့် သက်တမ်းတိုးခြင်းမရှိသည့် ရေယာဉ်များအား ဤဦးစီးဌာန ရေယာဉ်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အဆိုပါ သက်တမ်းပြတ်ရေယာဉ် (၇၁)စီး၏ စာရင်းအား အသေးစိတ်သိရှိလိုပါက ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ(အောက်မြန်မာပြည်)ရန်ကုန်တိုင်းဒေသကြီး ရုံး၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ကြော်ငြာ (၈)ကန့်ကွက် ကြော်ငြာအမှတ်စဉ် (၁) ဒေါ်ရီရီရှိန်၏ ဂရန်သစ်တွင် မြေအမည်ပေါက် ဦးသိန်းထွန်းအစား ဦးသန်းထွန်းဟုဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ် (P)၊အခန်းအမှတ် (၄)၊ ရွှေဂန္ဓမာလမ်း၊ပထမထပ်၊အကျယ်အဝန်း (၁၀၇၈ဒသမ၂၅) စ/ပေရှိ တိုက်ခန်းနှင့် နှစ် ၆၀ ဂရန်စုပေါင်းပိုင်မြေ ယင်းတိုက်ခန်း၌ စွဲကပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ လက်ရှိတိုက်ခန်းပိုင်ရှင် ဒေါ်ရီရီမျိုး ၁၂/အစန(နိုင်)၁၂၂၂၉၇ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်သည့်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးဟန် B.A (Law), LL.B, D.B.L, D.M.L, D.I.L

တရားလွှတ်တော်ရှေ့နေ (၄၅၄၆/၈၈)

တိုက်အမှတ် (၂၈)၊ အခန်းအမှတ် (၄)၊ သုံးလွှာ၊ ၄ဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၅၃၂၉၃

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၆)လမ်း၊ အမှတ် (၉၂)နေ ဒေါ်ကြည်ကြည်သိန်း(ခ)ဆလဝီး ၁၂/သကတ(နိုင်)၁၁၇၆၇၁နှင့် ဦးအောင်မင်း(ခ) ဦးပမာနာသန်း ၁၂/ သကတ(ဧည့်)၀၀၀၀၇၀တို့သည် ၁၆-၁၂-၂၀၁၄ရက်တွင် တာမွေတရားရုံး၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းအားလုံး ကိုလည်း ဒေါ်ကြည်ကြည်သိန်းမှ လုံးဝရယူခြင်းမရှိဘဲ ဦးအောင်မင်းသို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ထိုနေ့၌ပင် လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းစိုး LL.B

အထက်တန်းရှေ့နေ

အမှတ် (၆၉၃)၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊

ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)

ကိုရီးယားနိုင်ငံမှ ကြက်ခြေနီလူငယ်များ ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်

ဘိုကလေး ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဒီရေတောများစိုက်ပျိုးခြင်းအပါအဝင် သန့်ရှင်းရေးနှင့် လူမှုရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များကို ကိုရီးယားနိုင်ငံ ကြက်ခြေနီအဖွဲ့မှ လူငယ် ၃၃ ဦးက ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ လာရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံမှ ကြက်ခြေနီလူငယ်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တွင် ဘိုကလေးမြို့နယ် ကျွန်းသာယာကျေးရွာအုပ်စု ချောင်းဖြကြီးကျေးရွာနှင့် ကားလမ်းတစ်လျှောက်တွင် ဒီရေတောစိုက်ပျိုးမှုအဖြစ် ဖြူးရွှေဝါပျိုးပင် ၅၀၀၀ နှင့် သမဲ့ပင် ၅၀၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

ဇန်နဝါရီ ၁၈ ရက်တွင် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ဘင်္ဂလားကျေးရွာ မူလတန်းကျောင်းမှ ကလေးငယ်များအား ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးခဲ့ကြသည်။

ကိုရီးယားကြက်ခြေနီလူငယ်များအဖွဲ့သည် ဘိုကလေးမြို့ လွတ်လပ်ရေးပန်းခြံ၌ ကိုရီးယားနိုင်ငံမှ လူသုံးကုန်များကို ရောင်းချပြီး ရောင်းရငွေများကို ဘုန်းတော်ကြီးကျောင်းသို့ ဇန်နဝါရီ ၁၉ ရက်တွင် လှူဒါန်းခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်တွင် ကိုရီးယားနိုင်ငံ ကြက်ခြေနီလူငယ်များအဖွဲ့နှင့် ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ လပွတ္တာ၊ ငပုတောမြို့နယ်များမှ ကြက်ခြေနီလူငယ်များ ညစာစားပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲကို ဘိုကလေးမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကိုရီးယားနိုင်ငံ ကြက်ခြေနီအဖွဲ့ခေါင်းဆောင်က ဇန်နဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ ခရီးစဉ်အတွင်း အဖွဲ့၏လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားပြီး အဆိုပါလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသော ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဘိုကလေးမြို့နယ်နှင့် အခြားမြို့နယ်များမှ ကြက်ခြေနီအသင်းဝင်များ၊ မြို့မိမြို့ဖများ၊ အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကိုရီးယားနိုင်ငံ ကြက်ခြေနီအဖွဲ့ခေါင်းဆောင်က ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်း၏ အထိမ်းအမှတ်အလံကို မြို့နယ်ကြက်ခြေနီအဖွဲ့ထံ ပေးအပ်သည်။ ဆက်လက်၍ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် တင်ဆက်ပြသခဲ့ကြကြောင်း သိရသည်။

ဘိုကလေးဌေးနိုင်

လွိုင်လင်မြို့နယ်မှ ဖွံ့ဖြိုးတိုးတက်လာတော့မည့် ကျေးရွာများ

မိုးလွင်ဦး(လွိုင်လင်)

ပါဟုတ်ကျေးရွာ၌ ဖောက်လုပ်ပြီးစီးနေသော မြေသားလမ်းကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

နိုင်ငံတော်အစိုးရသစ် လက်ထက်တွင် နိုင်ငံတော်ကြီးတစ်ခုလုံး အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန် စီမံချက်များဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိသော ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကိုဖွဲ့စည်းပြီး ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသများတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းတံတားများ ဖောက်လုပ်ပေးခြင်းနှင့် မြစိမ်းရောင်စီမံကိန်းများ အကောင်အထည်ဖော်၍ ချေးငွေထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

လွိုင်လင်မြို့နယ်ရှိ ပါဟုတ်နှင့် ခဲလောင်းကျေးရွာများတွင် ကျေးလက်မြေသားလမ်း အရှည် ၅ မိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၇၅၀ သန်းဖြင့် Golden Majesty ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်အထိ မြေသားလမ်းအူကြောင်း ဖောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။ မြေသားလမ်းအချောကို ယခုနှစ်မိုးမကျမီ အပြီးဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံကျေးလက်နေပြည်သူများ ဒေသထွက်ကုန်များကို မြို့ပေါ်ဈေးကွက်များသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်တော့မည် ဖြစ်သည်။

ထို့အပြင် အဆိုပါ ခဲလောင်း၊ ပါဟုတ်ကျေးရွာများအတွက် အရင်းမပျောက်မတည်ငွေ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ကိုလည်း ခွင့်ပြုချထားပေးပြီးဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် ဝန်ထမ်းများက ခွင့်ပြုရန်ပုံငွေများကို ဒေသခံများကိုယ်တိုင် စီမံဆောင်ရွက်နိုင်ရန် မြစိမ်းရောင်စီမံကိန်းကော်မတီကို ဒေသခံများကိုယ်တိုင်ရွေးချယ်တင်မြှောက်စေ၍ ဖွဲ့စည်းပေးခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းများကို ဇန်နဝါရီ ၁၅ ရက်က စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။ ခဲလောင်းနှင့် ပါဟုတ်ကျေးရွာများသည် လွိုင်လင်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ပထမဆုံးရရှိသည့် ကျေးရွာများဖြစ်သည်။ ရန်ပုံငွေရရှိသဖြင့် ဒေသခံများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်လာမည်ဖြစ်သည်။

ခဲလောင်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက "ကျွန်တော် အသက် ၄၅ နှစ်ရှိပါပြီ။ ကျွန်တော်တို့ငယ်ငယ်ကတည်းက ဒီရွာကနေ ကားလမ်းပေါ်ရောက်ဖို့ ၅မိုင်၊ ကားလမ်းပေါ်ကနေ မြို့ပေါ်ကို ၈ မိုင်၊ စုစုပေါင်း ၁၃ မိုင်ကို တစ်နေကုန်အောင် လမ်းလျှောက်သွားပြီး ဈေးဝယ်ဈေးရောင်းရပါတယ်။ နောက်ပိုင်းမှာ ဆိုင်ကယ်တွေပေါ်လာတော့ နည်းနည်း သက်သာသွားတယ်။ ဒါပေမယ့် ကားလမ်းမရှိဘဲ လူသွားလမ်းကနေ သွားရတော့ ခက်ခဲပါတယ်။ ရွာက ကလေးတွေဆိုရင် ကားကိုမမြင်ဖူးကြဘူး။ အခု ကားလမ်းဖောက်ပေးတော့ ကျွန်တော်တို့ လယ်ကထွက်တဲ့စပါးနဲ့ ပြောင်း၊ ပဲ စတာတွေဟာ မြို့ပေါ်ကိုအလွယ်တကူ သွားရောင်းလို့ရပါပြီ။ နောက်ပြီး မြစိမ်းရောင်စီမံကိန်းချေးငွေ တွေရတော့ ပိုပြီးစိုက်ပျိုးရေးလုပ်လို့ ကောင်းလာတော့မှာပါ" ဟု ပြောသည်။

ခဲလောင်းနှင့် ပါဟုတ်ကျေးရွာများ၌ အိမ်ခြေ ၂၂၉ အိမ်ရှိပြီး လူဦးရေ ၁၁၆၉ ဦးနေထိုင်ကြကာ လယ်နှင့် တောင်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ပေးခြင်းဖြင့် လွိုင်လင်မြို့နယ်မှ ခဲလောင်းနှင့် ပါဟုတ်ကျေးရွာများမှပြည်သူများ ဝမ်းမြောက်လျက်ရှိနေကြသည်။

ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာ ထမနဲပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မြန်မာ့ရိုးရာထမနဲလှူဒါန်းခြင်း ပွဲတော်ကို၁၃၇၆ခုနှစ် တပို့တွဲလ (လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။

ထမနဲပွဲတော်ကျင်းပရာ၌ တပို့တွဲလဆန်း ၁၄ ရက်၊ အဖိတ်နေ့ ဖေဖော်ဝါရီ ၂ ရက် ညနေ ၄း၀၀ နာရီတွင် ရွှေတိဂုံစေတီတော်ဘာသာရေးအသင်းများ၊ အခွန်ထမ်းများနှင့်ဂေါပကအဖွဲ့ရုံးဝန်ထမ်းများပါဝင်သော အသင်း(၃၆) သင်းတို့ဖြင့် ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး၊ ဖေဖော်ဝါရီ ၃ရက် တပို့တွဲလပြည့်နေ့ နံနက် ၀၅း၀၀နာရီတွင် ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဩဝါဒပါတိမောက်ဒေသနာ ရွတ်ဆိုပူဇော်ခြင်း၊ နံနက် ၀၆း၀၀နာရီတွင် ဘုရားအမှူးပြုသော သံဃာတော်(၆၂)ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ နံနက် ၀၇း၀၀ နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ကျပ် ၁၀၀၀၀/-နှင့်အထက် ပါဝင်ကုသိုလ်ယူလှူဒါန်းသည့် အလှူရှင်များကိုလည်း ထမနဲလက်ဆောင်များ ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။ထမနဲတစ်ဒယ်လျှင် ၂၅၀၀၀/-နှုန်းဖြင့် ရဟန်းရှင်လူပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ကောလင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ကောလင်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၄ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများအားလုံးနှင့် အသင်းကိုစိတ်ဝင်စားသူများ တက်ရောက်ပါရန်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် အမှုဆောင်အသစ်ရွေးချယ်မည် ဖြစ်ပါသဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ

နေရာ - ချင်းတွင်းဓမ္မာရုံ(အနုတ္တရော ပုရိသဒမ္မသာရထိ) စွယ်တော်မြတ်စေတီဝင်း၊ မရမ်းကုန်းမြို့နယ်။

အသင်းသို့အလှူငွေ၊ သက်ကြီးပူဇော်ပွဲအလှူနှင့် နှစ်ပတ်လည်အခမ်းအနားအတွက် အလှူငွေများကိုအောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးမောင်ရီ(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၁၃၀၄၃၄

၂။ ဦးတင်မောင်ထွန်း(ဒုဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၅၄၄၆၅

၃။ ဦးအောင်ငွေ(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၇၈၀၇၅

၄။ ဒေါ်ခိုင်ခိုင်ဝင်း(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၇၃၂၁၆၆၈၀

ကောလင်းခေါ်စီ၊ စားတော်ပဲ၊ မြူရွက်သုပ်တို့ဖြင့် ဧည့်ခံပါမည်။

(သီးခြားဖိတ်စာ မပို့ပါ။)

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် တိုက်တည်ဆရာတော်ကြီးလေးပါး အထိမ်းအမှတ်ပူဇော်ပွဲ မစိုးရိမ်ကျောင်းသားဟောင်း/သစ်တွေ့ဆုံပွဲ (မစိုးရိမ်ညီလာခံ)နှင့် ၁၃၇၅/၇၆ စာသင်နှစ် စာအောင်သံဃာတော်များ ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်

၁။ ၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၄ရက်၊ ၂-၂-၂၀၁၅ရက် (တနင်္လာနေ့)

မစိုးရိမ်တိုက်သစ် တိုက်တည်ဆရာတော်ကြီးလေးပါး အထိမ်းအမှတ် ဂုဏ်တော်ပူဇော်ပွဲ၊ မစိုးရိမ်ကျောင်းသားဟောင်း/သစ်တွေ့ဆုံပွဲ (မစိုးရိမ်ညီလာခံ)

၂။ ၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၅ရက် (လပြည့်)၊ ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့)

၁၃၇၅/၇၆စာသင်နှစ် ဓမ္မာစရိယနှင့် ပထမပြန် အထူးအောင်အရှင်မြတ်များ၊ ဓမ္မာစရိယဘွဲ့ရနှင့် ပထမပြန်အောင် အရှင်မြတ်များ၊ မန္တလေး(သကျသီဟ)သာမဏေကျော်အောင် အရှင်မြတ်များ (သကျသီဟ) စာသင်/စာချအောင် အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲ။

လျှောက်ထားအပ်ပါသည် အရှင်မြတ်တို့ဘုရား

ကျောင်းသားဟောင်းများနှင့် အဝေးရောက်စာအောင်အရှင်မြတ်များ(ကိုယ်တိုင်) ကြွရောက်ပါရန် ပင့်လျှောက်အပ်ပါသည်ဘုရား၊ (ပင့်စာသီးသန့် မပို့ပါဘုရား)၊ အင်တာနက်၊ သတင်းစာ၊ စကိုင်းနက်ရုပ်မြင်သံကြားတို့မှ ထုတ်ပြန်ကြေညာပါမည်ဘုရား။

မစိုးရိမ်တိုက်သစ် နာယကအဖွဲ့

မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်၊

မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅စ/၇၄၉၈၊ Hyundai Porter II,PU 4×2 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာလတ် ၉/မနမ(နိုင်)၀၀၇၅၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၂၈ပါ အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် လွဲအပ်ညွှန်ကြားသူ ဒေါ်အေးစန္ဒာ ၁၂/စခန(နိုင်)၁၃၃၄၆၃အစား ၁၄/မအန(နိုင်) ၁၃၃၄၆၃ဟု ဖတ်ရှုပါရန်။

ဆောင်းပါး

ဆင်ခိုးသတ်မှုများကြောင့် တောရိုင်းဆင်ကောင်ရေလျော့နည်းလာ ကာကွယ်ထိန်းသိမ်းရန် အလုပ်ရုံဆွေးနွေး

မြန်မာနိုင်ငံ၌ဆင်စားကျက်နယ်မြေများကျဉ်းမြောင်းလာခြင်း၊ အခြားမြေအသုံးချမှုများ များပြားလာခြင်းနှင့် တရားမဝင်အမဲလိုက် သတ်ဖြတ်မှုများအပါအဝင် အခြားအကြောင်းများအမျိုးမျိုးကြောင့် တောရိုင်းဆင်ကောင်ရေလျော့နည်းကျဆင်းလျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် Wildlife Conservation Society(WCS) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့တောဆင်ရိုင်းများ ထိန်းသိမ်းရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်နံနက် ၉ နာရီက နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

" Wildlife Conservation Society က ကြီးမှူးကျင်းပပေးတဲ့ မြန်မာ့တောရိုင်းဆင်များအပါအဝင် အိမ်မှာမွေးထားတဲ့ ဆင်များအားလုံး ရေရှည်တည်တံ့နိုင်ဖို့ ဘယ်လိုထိန်းသိမ်းကြမလဲဆိုတဲ့ နည်းလမ်းတွေရှာကြံ ညှိနှိုင်းကြတဲ့ပွဲဖြစ်ပါတယ်။ ဆင်ဆိုတဲ့တောရိုင်းတိရစ္ဆာန်တွေဟာ ကမ္ဘာပေါ်မှာ တဖြည်းဖြည်းလျော့နည်းလာပြီး မျိုးသုဉ်းဖို့ အန္တရာယ်နဲ့ ကြုံတွေ့နေရပါတယ်။ မြန်မာနိုင်ငံမှာလည်း အလားတူပဲ မျိုးသုဉ်းဖို့အန္တရာယ်ရှိတယ်လို့ ယူဆရပါတယ်။ ဆင်ကတော့ တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးဥပဒေအရ ၁၀၀ ရာခိုင်နှုန်းကာကွယ်ထားတဲ့ သတ္တဝါမျိုးဖြစ်ပါတယ်။ ဆင်ရိုင်းတွေအနေနဲ့ အကြမ်းဖျင်းအားဖြင့် အကောင် ၃၀၀၀ ခန့်ရှိပြီး အိမ်မွေးဆင်အနေနဲ့ ၅၀၀၀ လောက်ရှိပါတယ်။ ဒီဆင်တွေ အနာဂတ်မှာမျိုးသုဉ်းမသွားဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အဲဒါကြောင့်မို့ ယနေ့ WCS တင်မကပါဘူး။ သားရိုင်းတိရစ္ဆာန်တွေနဲ့ပတ်သက်တဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေပါဝင်တဲ့ ဆွေးနွေးပွဲတွေပြုလုပ်ရခြင်းဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတများကို ထိန်းသိမ်းဖို့အရေးကြီးဆုံး အနေအထားမှာရှိပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာဆို ပျက်စီးကုန်တာများတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ ကျန်ရှိနေတဲ့ ဆင်အပါအဝင် တောရိုင်းတိရစ္ဆာန်တွေ ရေရှည်တည်တံ့အောင် ဘယ်လိုထိန်းသိမ်းကြမလဲဆိုတဲ့ နည်းလမ်းရှာတဲ့ အခမ်းအနားပဲဖြစ်ပါတယ်" ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောသည်။

လူနှင့်ဆင်တို့ ပဋိပက္ခဖြစ်သည့်ကိစ္စများကို အထိုက်အလျောက်လျှော့ချသွားနိုင်ရန်၊ ဆင်များကို တရားမဝင်သတ်ဖြတ်ပြီး သားရေ၊ နှာမောင်းနှင့်ဆင်စွယ်အပါအဝင် စသည့် ကျန်အစိတ်အပိုင်းများကို ရောင်းချနေသည့် ဖြစ်ရပ်များ လျော့နည်းသွားရန်တို့ကို အစည်းအဝေး၌ ဆွေးနွေးသွားမည်ဖြစ်သည်။

"သစ်တောတွေကို ဟိုးယခင်တုန်းကလိုမျိုး သစ်တောထွက် ပစ္စည်းတွေကိုထုတ်ယူ၊ ပြည်ပကို ရောင်းချပြီး ပြည်ပဝင်ငွေရှာတဲ့ နည်းလမ်းကို မလုပ်တော့ဘဲ ဒီသယံဇာတတွေ ရေရှည်တည်တံ့ဖို့ကိုပဲ ထိန်းသိမ်းသွားတော့မှာပါ။ သစ်တောတွေ ပြန်တိုးပွားလာအောင် ပြန်စိုက်သွားဖို့ရှိတယ်။ ရှိပြီးသားသစ်တောတွေကိုလည်း ထိန်းသိမ်းသွားဖို့ရှိပါတယ်။ တောရိုင်းတိရစ္ဆာန်တွေကိုလည်း အလားတူပဲ ဥပဒေတွေနဲ့ ကာကွယ်ပေးထားတယ်။ သို့သော်လည်း အသိပညာနည်းတဲ့သူတွေက အခကြေးငွေအနည်းငယ်ရတာကို အကြောင်းပြုပြီး သားငှက်တိရစ္ဆာန်တွေကို စဉ်းစားဆင်ခြင်မှုနည်းစွာ သတ်ဖြတ်နေမှုတွေကိုလည်း တားဆီးနိုင်အောင်လို့ ကြိုးစားနေပါတယ်။ ထိုနည်းတူစွာပဲ မြန်မာနိုင်ငံမှာ မဲခေါင်မြစ်ဝှမ်းဒေသခြောက်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးတွေလုပ်ဖို့ ပြင်ဆင်နေပါတယ်။ အဲဒီအစည်းအဝေးမှာလည်း သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ဖို့ အစီအစဉ်တွေချမှတ်သွားမှာဖြစ်ပါတယ်။ သဘာဝသယံဇာတတွေကို အရှည်သဖြင့် တည်တံ့ဖို့ကို အထောက်အကူပြုမယ့် ရင်းနှီးမြှုပ်နှံမှုတွေလုပ်ကြဖို့ အဲဒီအစည်းအဝေးမှာ ဆော်ဩမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

မြန်မာနိုင်ငံမှာ ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ တောဆင်ရိုင်းများနှင့် အိမ်မွေးဆင်များအပါအဝင် မြန်မာနိုင်ငံမှာရှိသည့်ဆင်အားလုံးကို ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်နိုင်ရန် တောဆင်ရိုင်းများကို ကာကွယ်ထိန်းသိမ်းသည့်လုပ်ငန်းမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ ပြည်သူလူထုအသိပညာတိုးတက်မြင့်မားလာစေရန် မြန်မာနိုင်ငံတွင် လက်ရှိဆင်နှင့်လူ ပဋိပက္ခဖြစ်ပေါ်မှုလျော့နည်းစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အာရှဆင်ဖြစ်တဲ့ မြန်မာ့တောရိုင်းဆင်တွေကို သူ့ သဘာဝမူရင်းဒေသတွေမှာ ရှင်သန်နိုင်ဖို့၊ ရေရှည်ရပ်တည်နိုင်ဖို့၊ မျိုးသုဉ်းပျောက်ကွယ်မှု အန္တရာယ်မကျရောက်စေနိုင်ဖို့၊ တရားမဝင်ကူးသန်းရောင်းဝယ်မှုအတွက် ဆင်များကို သတ်ဖြတ်ခြင်းမရှိစေဖို့၊ ဆင်တွေကျက်စားတဲ့ဒေသမှာ လူနဲ့ဆင်ပဋိပက္ခဖြစ်မှုတွေလျော့နည်းစေဖို့ကို သစ်တောဦးစီးဌာနအနေနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်သူတွေနဲ့ပူးပေါင်းပြီး ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းနိုင်သော်က ပြောသည်။

WCS နှင့် မြန်မာနိုင်ငံသည်သဘာဝအပင်နှင့် သားငှက်တိရစ္ဆာန်ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများကို ၁၉၉၃ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ WCSနှင့် သစ်တောဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးလာခဲ့သည်မှာ လေးကြိမ်ရှိသွားပြီဖြစ်ကြောင်း၊ ယခုအကြိမ်သည် စတုတ္ထမြောက် သက်တမ်းဖြစ်ပြီး မြန်မာနိုင်ငံ၏ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝနယ်မြေများ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

၄	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	[illegible]	[illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၁၆၆၄၉ Dayang-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နွဲ့ ၈/မကန(နိုင်)၀၄၇၇၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

အများသိစေရန် ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	ထိုင်းစာ	မှတ်ချက်
၁	[illegible]	[illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၂	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	[illegible]	[illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၆	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	[illegible]	[illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၈	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	[illegible]	[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	[illegible]	[illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၁၃	[illegible]	[illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၁၄	[illegible]	[illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၁၅	[illegible]	[illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	[illegible]	[illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်

[illegible]

ဦးမိုဟာမက်စံလင်း ၁၂/ပဘတ(နိုင်)၀၁၃၆၀၉ ၏ ၁-၁-၂၀၁၅ ရက်ထုတ်
မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂)ပါ ကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်း ဦးမိုဟာမက်စံလင်းနှင့်

အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ် ၂၀၁/၂၀၃နေ ဂန္ထမာဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးဘခင် ၁၂/မဂတ(နိုင်)၀၇၉၉၅၄ (LC-၁၇)၏လွှဲအပ်ညွှန်ကြားချက်အရ ဦးမိုဟာမက်စံလင်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၂)လမ်း၊ အမှတ် ၁၁၉/၁၂၁ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် အဆောက်အအုံသစ်ဆောက်လုပ်နိုင်ရန်အတွက် “(၁)ခန်းတွဲ (၈½)ထပ် RC ဓာတ်လှေကားပါဝင်သည့် အဆောက်အအုံဆောက်လုပ်ရန် မြေပိုင်ရှင်/ကန်ထရိုက်တာတို့ သဘောတူကတိစာချုပ်” ကို မြေပိုင်ရှင် ဦးမိုဟာမက်စံလင်းနှင့် ကန်ထရိုက်တာ ဦးဘခင်(ပါ-၂ ဦး)တို့ ၂၇-၂-၂၀၁၃ ရက်တွင် ချုပ်ဆိုခဲ့ကြပြီး ဦးမိုဟာမက်စံလင်းက ဦးဘခင်ထံမှ အလိုက်ငွေသိန်း ၂၅၀ အနက် သိန်း ၅၀ တိတိကို လက်ခံရယူသွားခဲ့ပါသည်။ ၂၇-၂-၂၀၁၃ ရက်စာချုပ်အပိုဒ် (၅)တွင် မြေပိုင်ရှင်မှ ကန်ထရိုက်တာသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးရန် ပါရှိသော်လည်း မြေပိုင်ရှင် ဦးမိုဟာမက်စံလင်းက ကန်ထရိုက်တာ ဦးဘခင်သို့ ယနေ့အချိန်ထိ မှတ်ပုံတင်အထူးကိုယ်စား လှယ်လွှဲစာကို လွှဲအပ်ပေးခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းချက်ကို ပျက်ကွက်ခဲ့ပါသည်။ ထို့အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အဆောက်အအုံဆောက်လုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ကို ရေးကူးခဲ့ရာတွင်လည်း ဦးမိုဟာမက်စံလင်းက ၂၀၀၃ ခုနှစ်တွင် အိမ်ဆောက်မြေပုံကူးလျှောက်ထားခဲ့ခြင်းကိစ္စအား ရှင်းလင်းစေရန် ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဦးမိုဟာမက်စံလင်းထံ အကြောင်းကြားခဲ့ရာတွင် ဦးမိုဟာမက်စံလင်းက သွားရောက်ဖြေရှင်းပေးမှုမရှိခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဦးမိုဟာမက်စံလင်း၏ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးယူခြင်းအား ခွင့်မပြုတော့ဘဲ အမှုတွဲ ပိတ်သိမ်းခြင်းခံခဲ့ရပါသည်။ထိုသို့ ဌာနမှ အဆောက်အအုံဆောက်လုပ်ရန် မြေပုံ၊ မြေရာဇဝင်ကူးယူခြင်းကို ပိတ်ပင်ခြင်းခံရပြီးနောက် ကန်ထရိုက်တာ ဦးဘခင်က အဆောက်အအုံ ဆောက်လုပ်ရန် မြေပုံမြေရာဇဝင်ထပ်မံကူးယူနိုင်ရန်အတွက် မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရှေ့မှောက်သို့လာရောက်ပြသကူးယူပေးရန် တောင်းဆိုခဲ့ရာတွင် ဦးမိုဟာမက်စံလင်းက မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ယနေ့အချိန်အထိ ဌာနရှေ့မှောက်သို့ ပြသခြင်းမရှိသကဲ့သို့ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကိုလည်း ကူးယူပေးခဲ့ခြင်းမရှိဘဲ မြေရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုခဲ့သည့် စာချုပ်အပိုဒ် (၅)ကို ထပ်မံပျက်ကွက်ခဲ့ပါသည်။ ဦးမိုဟာမက်စံလင်း၏ သတင်းစာကြေညာချက်ပါ လပေါင်း (၂၂)လအထိ ဖော်ဆောင်နိုင်မှုမရှိဆိုခြင်းနှင့်စပ်လျဉ်း၍ ဦးမိုဟာမက်စံလင်း၏ စာချုပ်အပိုဒ်(၅)ပါ ဌာနရှေ့မှောက်သို့ ပိုင်ဆိုင်မှုမူရင်းများ ပြသရန်ပျက်ကွက်မှုကြောင့် အဆောက်အအုံဆောက်လုပ်ရန် မြေပုံမြေရာဇဝင်ကူးယူခွင့်မရရှိသဖြင့် ကန်ထရိုက်တာက ဆက်လက်ဆောင်ရွက်၍ မရခဲ့ခြင်းဖြစ်ပါသည်။ **ကန်ထရိုက်တာဦးဘခင်ဘက်မှမည်သည့်ပျက်ကွက်မှုမျှမရှိပါ။** ထို့ပြင် ဦးမိုဟာမက်စံလင်းနှင့် ဦးဘခင်တို့ချုပ်ဆိုခဲ့သည့် စာချုပ်အပိုဒ် (၂၄)တွင် စာချုပ်အား မြေရှင်ဘက်မှ ဖျက်သိမ်းခွင့်ရှိကြောင်း တစ်လုံးတစ်ပါဒမျှ မပါရှိပါ။ဦးမိုဟာမက်စံလင်းနှင့် ဦးဘခင်တို့အကြား စာချုပ်အပိုဒ် (၂၄)တွင် ဖော်ပြပါရှိသကဲ့သို့ မြေရှင်/ကန်ထရိုက်တာညှိနှိုင်းမှုအချိန်ကာလ တိုးမြှင့်ခဲ့ခြင်းမျိုးမရှိသကဲ့သို့ ဆောက်လုပ်ခွင့်မရခြင်းမှာလည်း ဦးမိုဟာမက်စံလင်းဘက်မှ **စာချုပ်အပိုဒ်(၅)ပါ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ဌာနရှေ့သို့ ပြသပေးရန် ပျက်ကွက်မှု၊ အဆောက်အအုံဆောက်လုပ်ရန် မြေပုံမြေရာဇဝင်ရေးကူးပေးရန် ပျက်ကွက်မှု၊ ကန်ထရိုက်တာသို့ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးရန် ပျက်ကွက်မှုတို့ကြောင့် ကန်ထရိုက်တာ ဦးဘခင်အနေဖြင့် အဆောက်အအုံဆောက်လုပ်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်၍ မရခြင်းဖြစ်ပါသည်။**

သို့ပါ၍ ဦးမိုဟာမက်စံလင်း၏ ၁-၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂)ကြေညာချက်မှာ ဦးမိုဟာမက်စံလင်းဘက်မှ ပျက်ကွက်မှုများ၊ ဖြစ်ရပ်မှန်များကို ထိမ်ချန်၍ ကြေညာခဲ့ခြင်းဖြစ်သောကြောင့် မှန်ကန်မှုမရှိပါကြောင်းနှင့် ဦးမိုဟာမက်စံလင်းအနေဖြင့် ၂၇-၂-၂၀၁၃ ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်သဘောတူစာချုပ်အား တစ်ဖက်သတ်ဖျက်သိမ်းခွင့်မရှိပါကြောင်း ဦးမိုဟာမက်စံလင်း၏ ပျက်ကွက်မှုများအပေါ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ပါကြောင်း ဦးမိုဟာမက်စံလင်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဂန္ထမာဆောက်လုပ်ရေးကန်ထရိုက်တာဦးဘခင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (စဉ်-၅၇၇၃)	ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)	ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)
ဒေါ်လွင်မာ (စဉ်-၈၉၀၉)	ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)	ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)

တရားလွှတ်တော်ရှေ့နေများ
အထက်တန်းရှေ့နေများ
အမှတ်-၅၅(ဒုတိယထပ်)၊ အခန်း-၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၅)၊ မြေကွက်အမှတ် (၅၀)၊ ၀ ဒသမ ၀၇၈ ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာ ၀ ဒသမ ၀၃၆ ဧက၊ မြေကွက်တည်နေရာအမှတ် (၁၂)၊ လက်ခုတ်ပင် ၂ လမ်း၊ (၁) ရပ်ကွက်၊ မြေပိုင်မြေ အမည်ပေါက် မောင်စံမြင့်၊ မဇမြင့်၊ မလှဝင်း မြေအားမြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ် ၃၇၃၄/၂၇-၁၁-၂၀၀၉ ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်းခိုင် ၁၂/ကမရ(နိုင်)၀၃၈၈၇၈ မှအမည်ပေါက် စာချုပ်အမှတ် ၅၆၃/၁-၉-၅၉ နှင့် မြေကွက်အပြီးအပိုင် အရောင်းအဝယ် စာချုပ်-၃၇၃၄/၂၀၀၉ တို့ကိုတင်ပြ၍ (Portion) တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းစီမံကိန်းဇုန်၊ ဇုန်(၁) မြေကွက်အမှတ် ၁၀၄၏ အမည်ပေါက် ဒေါ်မြင့်ဆွေ ၁၂/သကတ(နိုင်)၀၅၄၇၄၄ က ယင်းမြေကွက်၏ မြေကွက်တန်ဖိုးငွေ ပေးသွင်းသည့် ငွေသွင်းချလန် ပျောက်ဆုံးသွားပါသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ နယ်မြေရဲစခန်းတိုင်ကြားချက်၊ကျမ်းကျိန်လွှာများတင်ပြပြီး မြေကွက်တန်ဖိုးငွေပေးသွင်းထားခြင်း ထောက်ခံချက် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်း ဤဌာနတွင် ကန့်ကွက်နိုင်ပါသည်။

အခွန်ဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၄၄၃)၊ မြေကွက်တည် နေရာအမှတ် (၄၄၃)၊ အင်း၀ (၅)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်လှကြည်၊ ဦးကျော်တင့်၊ ဦးလှရှိန်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအမည်ပေါက် သုံးဦးအနက် ဒေါ်လှကြည်၊ ဦးလှရှိန်တို့အား (တရားပြိုင်ထား၍) ဒေါ်စုနန္ဒာလင်းမှ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် တရားလိုပြု၍ စွဲဆိုသောတရားမကြီးမှုအမှတ် ၅၁၄/၁၄၏ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၁၇၂/၁၄၏ အမိန့်နှင့် ၂-၁၂-၂၀၁၄ရက်စွဲပါ ဘီလစ်ခန့်စာတို့တင်ပြ၍ ဒေါ်မင်းမင်းကြိုင် ၉/ခမစ(နိုင်)၀၀၄၆၂၁မှ အမည်ပေါက် (တရားရုံး)ကိုယ်စား အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လွမ်းဆွတ်တမ်းတသတိရအမျှဝေခြင်း

ဘဒ္ဒန္တသောဘဏမဟာထေရ်

ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက

သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါ

အနန္တဂိုဏ်းဝင်ကျေးဇူးတော်ရှင် ဖြစ်တော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သိင်္ဂုတ္တရပဝရသိရီမဟာဓမ္မရာဇာ၊ နိုင်ငံတော် ဩဝါဒစရိယ၊ ဗုဒ္ဓဂယာ ပုညသဟာယကအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏမဟာထေရ်သည် (၁၃၇၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်) ၁၈-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၄း၅၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါခဲ့ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့ဗုဒ္ဓဂယာ ပုညသဟာယကအသင်းကြီးအနေဖြင့်လည်း ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား ရည်မျှော်မှန်းဆပြီးလျှင် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနအဖြစ် ဆင်ယင်ကျင်းပအပ်သော ညစဉ်တရားပွဲတော်များတွင် ညစဉ်ဓမ္မပူဇာအလှူရှင်အဖြစ် တစ်ညလျှင်ကျပ်ခြောက်သိန်းစီတို့ကို လှူဒါန်းရာ ငါးရက်အတွက် ကျပ်သိန်း ၃၀ တို့ကို လှူဒါန်းပူဇော်ခဲ့ပါသည်။

ဤကဲ့သို့ပြုလုပ်ခဲ့ရသော ကုသိုလ်ကောင်းမှုအစုစုတို့၏ အဖို့ဘာဂမှန်သမျှကို တပည့်တော်များ ဗုဒ္ဓဂယာ ပုညသဟာယက အသင်းသူ/သားများမှ အနန္တဂိုဏ်းဝင်ကျေးဇူးတော်ရှင် ဆရာတော်ကြီးအား အမျှအတန်းပေးဝေပါသည်ဘုရား။

ဗုဒ္ဓဂယာပုညသဟာယကအသင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၃၊ မြေကွက်အမှတ်၄၂၊ မြေကွက်တည်နေရာအမှတ် ၄၂၊ ကံ့ကော်မြိုင်လမ်း၊ ၃၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကျော်မြင့်ဦး၁၂/တမန(နိုင်)၀၇၅၂၃၇ နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့်ဦးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၂၁၀၄၄/ ၅-၈-၁၄ ဖြင့် လွှဲအပ်ခံရသူ ဦးမြတ်သူ ၁၄/အမန(နိုင်) ၁၄၂၂၁၄မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ အမှတ် ၉၂၇၀/၂၂-၈-၁၄ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါက ဤဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄/သမိုင်း၊ မြေကွက်အမှတ် ၉/ဆ၁၂D၊ မြေကွက်တည်နေရာအမှတ် ၁၅၅၊ မစိုးရိမ်ကျောင်းလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ကြည်ကြည်အမည်ပေါက် လ/န(၃၉) အိမ်ရာမြေအား အမည်ပေါက် ဒေါ်ကြည်ကြည်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၄၃၆၁/၂၀၀၇(၁၅-၁၁-၂၀၀၇)အမှားပြင်စာချုပ် ၄၃၆၀/၂၀၀၇ (၁၅-၁၁-၂၀၀၇)တို့အပြင် ဒေါ်သင်းသင်းသွယ်၊ ဦးသန်းဌေး၊ ဒေါ်မြတ်နှင်းအေး၊ ဒေါ်မြတ်မဋ္ဌုတို့မှ ပိုင်ဆိုင်သော ၎င်းတို့၏ S/P၃၂၄၈/၂၀၁၄(၁၁-၁၂-၂၀၁၄)ရရှိသူ ဦးစိန်ရီ ၁၂/အလန(နိုင်)၀၂၇၇၈၆ မှမြေအမည်ပေါက်သည် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၁၈၇၄/၁၉၉၄ (၁၄-၁၁-၁၉၉၄)မိတ္တူမှန်၊ အမှားပြင်စာချုပ် ၄၃၆၀/၂၀ (၁၅-၁၁-၂၀၀၇) မိတ္တူမှန်အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၄၃၆၁/၂၀၀၇ မိတ္တူ S/P မိတ္တူ S/Pအတွက် ကျမ်းကျိန်လွှာမူရင်းတို့ တင်ပြ၍အမှားပြင်စာချုပ်ချုပ်ရန်နှင့်အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလာစာရာဘိဝံသ

သက်တော် (၇၆)နှစ်၊ သိက္ခာတော် (၅၆)ဝါ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ဂုဏဝတီတိုက်ကျောင်း ပဓာနနာယက သံဃသမ္မုတိရ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလာစာရာဘိဝံသသည်(၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၂ ရက်) ၂၁-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၈ ရက်) ၂၇-၁-၂၀၁၅ရက် (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးအဂ္ဂညနှင့် တပည့်သံဃာ
ဒါယကာ၊ ဒါယိကာမများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)

သဃ်ာန်းကျွန်းမြို့နယ်တရားမရုံးတော်၌

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁

ဦးညွန့်အောင်	နှင့်	၁။ ဦးခင်မောင်မြင့်
		၂။ မစ္စတာကေရှား(ခ)ဦးမောင်ခင်
တရားလို		တရားပြိုင်များ

အမှတ် (၃၀)၊ (၂၆)လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေ မစ္စတာကေရှား(ခ) ဦးမောင်ခင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးညွန့်အောင်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းအောင်)
မြို့နယ်တရားသူကြီး
သဃ်ာန်းကျွန်းမြို့နယ်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့် ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်အဏ္ဏဝါလင်းဦး ၁၂/ကမရ(နိုင်)၀၁၄၆၅၅(မှ) ဦးနောင်ခွန်မြင့်ဝေ ၁၂/မရက(နိုင်)၁၂၇၅၈၅(မှ)	ဒေါ်မြစန္ဒာမောင်မောင် ၉/မခန(နိုင်)၀၆၆၄၃၀	တိုက်(၁၈)၊ အခန်း(၁၁)၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ကန်ထရိုက်တာ ဦးခင်မောင်လတ် ၁၂/ကတတ(နိုင်)၀၂၂၂၃၆ (မှ)	ဒေါ်မြစိန် ၁၂/ပဘတ(နိုင်)၀၂၄၉၄၃	တိုက်အမှတ်(၂၈၉/၂၉၃) အခန်းအမှတ် (ငါးလွှာ-ဝဲ/ယာ) ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ကျေးဇူးတင်ရှိခြင်း

၁၈-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သော ဒေါ်ကြင်အေး(သန်လျင်) အသက် (၈၆)နှစ်၏ နာရေးကိစ္စအဝဝတွင် အစစအရာရာကူညီပေးကြသော သန်လျင်ကျန်းတိတ်ဘုံကျောင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သန်လျင်နာရေးကူညီမှုအသင်း၊ ဒါရ်ဂါနာရေးကူညီမှုအသင်း၊ မြန်မာဘရူဝါရီလီမိတက် (အရှေ့ပိုင်းဝန်ထမ်းများ)၊ သန်လျင်-ပန်းဆိုးတန်း တက္ကစီဂိတ်မှ သူငယ်ချင်းများ၊ တယ်လီဖုန်း၊ mail ဖြင့် အားပေးခြင်းအားလည်းကောင်း၊ လှူဖွယ်ပစ္စည်းများ၊ ပန်းခြင်း၊ ပန်းခွေများပေးပို့ခြင်းဖြင့်လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးဥပကာရ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ချိုချို (မြန်မာ့လေကြောင်း-ငြိမ်း)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းခြံလမ်း၊ အမှတ်(148 Z3) နေ (ဦးလှမောင်-ဒေါ်ဆိုင်)တို့၏ သမီး၊ (ဦးမောင်ကျော်-ဒေါ်ခင်လတ်)တို့၏ သမီးချွေးမ၊ ဦးတောက်ထွန်း၏ ချစ်လှစွာသောဇနီး၊ ဦးရဲရင့်ထွန်း-Mrs Mika Maejima၊ ဦးကောင်းမြတ်ထွန်း-ဒေါ်မိုးပန်းဝါ၊ ဦးဇေယျာမင်း-ဒေါ်စုမာထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၂-၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ ရက်(စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။

ကျန်ရစ်သူမိသားစု

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၉၇

၁။ ဒေါ်သန်းရီ	နှင့်	၁။ ဦးမြင့်သိန်း
၂။ ဦးကျော်သင်းလှိုင်		၂။ ဒေါ်ကြည်ကြည်သန်း
တရားလိုများ		တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၂၂)လမ်း၊ အမှတ်(၇) နေ ဦးမြင့်သိန်းနှင့် ဒေါ်ကြည်ကြည်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သန်းရီနှင့် ဦးကျော်သင်းလှိုင်တို့က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်(၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၉ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁-၂၀၁၅ ရက်ထုတ်မြန်မာ့အလင်းသတင်းစာစာမျက်နှာ ၁၆၌ပါရှိသော မမေသူတိုး(ခ) အိတိုး၏ လူပျောက်ကြော်ငြာတွင် အထက(၁) ဗဟန်းမှ ကျောင်းသူအစား အထက(၂)ဗဟန်းမှကျောင်းသူဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား အဆောက်အအုံ နေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊အမှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဒေါ်ထူးထူးအေး ၁၂/ကမရ(နိုင်)၀၄၄၀၂၇(မှ)	ဒေါ်သူသူခိုင် ၁၄/လမန(နိုင်)၀၆၁၇၃၆	တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၄၇)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄၀)၊ မြေကွက်အမှတ် (၆၂၃/က)၊ (အလျား ၂၀ပေ× အနံ ၆၀ ပေ)မြေကွက်ရရှိသူ အမည်ပေါက် ဦးမောင်ဖြူထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ထိုက်ထိုက်ဝင်း (ဘ)ဦးလှဦး ၁၂/ရကန(နိုင်)၀၇၁၈၃၀ က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	လျှောက်ထားသူ၏		လျှောက်ထားမြေကွက်၏				အကြောင်းအရာ
	အမည်	လိပ်စာ	အမှတ်	အမည်	ဦးပိုင်	ဧရိယာ	
၁	ဦးလှပု	ပတ္တမြားလမ်း၊ (၁)ရပ်ကွက်၊ ချောင်းသာ	၁၉၉၀	ချောင်းသာ	ခ-၁၃၈	၀.၀၃၉	မြေပေးမိန့် လျှောက်ထားခြင်း
၂	ဦးကြီးရွှေ	၅၃၂/စကားဝါလမ်း၊(၃)ရပ်ကွက်၊ ပုသိမ်မြို့	၃၂	ကိုသိန်း (မြောက်)	၁၆/၃၈	၀.၀၇၅	မြေပေးမိန့် လျှောက်ထားခြင်း

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄FG)၊ မြေကွက်အမှတ်(၃၀)၊မြေကွက်တည်နေရာအမှတ်(၃၀)၊ ကဝိပုညလမ်း၊ မေတ္တာညွန့်ရပ်ကွက် ဦးခင်ကျော် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်ကျော်(ဖခင်)နှင့် ဒေါ်မြင့်မြင့်(မိခင်) တို့ကွယ်လွန်သဖြင့်ဒေါ်သန်းသန်းဌေး ၁၂/လမတ(နိုင်)၀၂၂၂၅၉က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်းကျမ်း ကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(လေးဒေါင့်ကန်)၊မြေကွက်အမှတ် ၅၃၀၊ မြေကွက်တည်နေရာအမှတ် (၅၈၇)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်(ဒေါ်သန်းခင်) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သန်းသန်းနွဲ့ ၁၂/သဃက(နိုင်)၀၉၁၂၄၇က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာတွင် တင်ပြထားသော ပါမစ်မှာ ပြည့်စုံမှုမရှိသဖြင့် ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဆွေ
အသက်(၈၁)နှစ်

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငွေငွေဆွေ၏ ဖခင် ဦးမြင့်ဆွေသည် ၂၂-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး
ဝန်ကြီးရုံးမိသားစုများ
ယဉ်ကျေးမှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်-ဒေါ်မြမြသူတို့၏ဖခင်ကြီး ဦးကျော်မြင့်(ကြို့ပင်ကောက်) အသက်(၉၁)နှစ်သည် ၁၉-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဓမ္မာရုံ (သဒ္ဓမ္မကာရီဓမ္မာရုံ) ဒါယိကာမကြီး
ဒေါ်ကြည်ကြည် (ရွှေနန်းတော်စက်ယက်တံဆိပ်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊စက်မှုရတနာလမ်းမကြီး၊မေတ္တာညွှန့်ရပ်ကွက်၊ အမှတ် ၁၁၇နေ (ဦးမြတ်ထွန်း)၏ဇနီး၊ အမရပူရမြို့နေ (ဦးစံတင့်-ဒေါ်သိန်းမေ)တို့၏သမီး၊ ရေဦးမြို့နေ(ဦးဖိုးကွယ်-ဒေါ်လှအုန်း)တို့၏ချွေးမ၊ ရန်ကုန်မြို့နေ ဦးသန်းထွန်းဦး-ဒေါ်စန်းစန်းနွယ်၊ (ဦးမြတ်သန်းထွန်း)-ဒေါ်မြင့်မြင့်ရီ၊ (ဦးအောင်ထွန်းဝင်း)-ဒေါ်ခင်မာဝေ၊ ဦးအောင်လေး-ဒေါ်သီတာအောင်၊(ဦးမြတ်သူ)-ဒေါ်စုစုလွင်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၇း၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကျောက်ခဲ
အသက်(၆၄)နှစ်

သူနာပြု သိပ္ပံဘွဲ့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂)မှ ဗိုလ်ကြီး ဒေါ်တင်မာဆွေ၏ဖခင် ဦးကျောက်ခဲသည် ၂၂-၁-၂၀၁၅ရက်တွင် (တဆရ-၄/၃၀၀) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူနာပြုသိပ္ပံဘွဲ့ဗိုလ်လောင်း
သင်တန်းအမှတ်စဉ်(၂)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ ကျောင်း ဒါယိကာမ
ဒေါ်ခင်သန်းငွေ
အသက်(၆၁)နှစ်

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးမြင့်သူ၏ မိခင် ဒေါ်ခင်သန်းငွေသည် ၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးလေးလွင်(ငြိမ်း)
ကြည်း-၂၆၄၄၇
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(ကန့်ဘလူ)
အသက်(၅၀)

ကန့်ဘလူမြို့နေ ဒေါ်ချစ်ဝေ (အလယ်တန်းပြ၊ အထက-၂)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးလေးလွင်(ငြိမ်း)သည် ၂၂-၁-၂၀၁၅ရက် နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

O.T.S (92) မှ သူငယ်ချင်းများ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်ကြူ
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၁၆၅၊ ပထမထပ်နေ (ဦးနန်ကင်း)၏ဇနီး၊ ဦးကြူတင်း(ခ)ဦးအီကိုး၊ ဒေါ်ခင်နွဲ့ရီ(ဦးမင်းဟန်-ဒေါ်လှညွန့်)၊ (ဦးလှအောင်)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးအောင်မြင့်)-ဒေါ်ခင်သန်းနွဲ့၊ ဦးမြင့်ဆွေ-ဒေါ်လှစိန်၊ ဦးကျော်မြင့်-ဒေါ်နီလေး၊ ဦးညွန့်တင်-ဒေါ်အေးအေးခိုင်၊ ဒေါ်တင်တင်အေးတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၁ယောက်တို့၏ အဘွားသည် ၂၁-၁-၂၀၁၅ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်စိန် အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ် ၅၂-A၊ သုနန္ဒာ ၃လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးထွန်းစိန်-ဒေါ်တင်နု)တို့၏သမီး၊ (ဦးဘသက်-ဒေါ်မြရီ)တို့၏ချွေးမ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း) (ကာကွယ်ရေးဦးစီးချုပ်-ရေ၊ ငြိမ်း)၏ဇနီး၊ (ဦးထွန်းမြတ်)-ဒေါ်ခင်သိန်းတို့၏အစ်မ၊ (ဦးသန်းဦး)-ဒေါ်ငွေငွေရီ၊ ဦးခင်ကျော်-ဒေါ်စိုးစိုးရီ၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး(ငြိမ်း) (လေယာဉ်မှူးကြီး၊ Asian Wings Airways)-ဒေါ်သီဂီအေး(JAT၊ ငြိမ်း) (အထက-၄၊ ဗိုလ်တထောင်)၊ (ဦးခင်မောင်ဇော်)-ဒေါ်ချို၊ ဦးခင်မောင်မော်-ဒေါ်ခင်နွယ်ဦး၊ (ဦးခင်မောင်မျိုး)-ဒေါ်မျိုးမျိုးစန္ဒာတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၃-၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်မေထွေး @ Winnie Wiltshire
အငြိမ်းစားလက်ထောက်အယ်ဒီတာ
လွှင့်သံထောက်-မြန်မာ့အသံ
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟိုလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ တိုက်အမှတ် ၂၁ နေ (Mr.R Wiltshire-ဒေါ်ညွန့်ညွန့်)တို့၏သမီးထွေး၊ (Mr.G Wiltshire)-ဒေါ်ရင်ရင်မြ၊ဒေါ်ခင်စိုးကြည်-(ဦးကြည်မောင်)၊(ဒေါ်ခင်မေညွန့်)၊ ဒေါ်ခင်မေကျော့-(ဦးသောန)တို့၏ညီမ၊ ဒေါ်မေဦးလွင်-ဒေါက်တာဦးအောင်မြင့်၊ ဗိုလ်မှူးချုပ်မောင်ဦးလွင်-ဒေါ်မာလာဝင်း၊ ဦးသက်ထွန်း-ဒေါ်ကေခိုင်၊ ဒေါ်မြသီတာ-ဦးဟန်ငွေထွန်း၊ ဒေါ်မြစပယ်၊ ဒေါ်မြသီဂီတို့၏အဒေါ်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၂-၁-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး နံနက် ၁၀နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းဝင်းသာ အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ကမ်းနားလမ်း၊ အမှတ် ၄၄၂နေ(ဦးဟုတ်ဘိ)-ဒေါ်ကျင်ဟုန်တို့၏သားထွေး၊ (ဦးတင်ဟုန်) - ဒေါ်ခင်စိန်တို့၏ သားသမက်၊ ဦးအောင်ကြိုင်-ဒေါ်လှမြင့်၊ (ဦးစံလင်း)-ဒေါ်သန်းမြ၊ (ဒေါ်လှဝင်း)၊ ဒေါ်သန်းသန်းရီ၊ ဦးမောင်မောင်ငွေ-ဒေါ်မြကျင်၊ ဦးထွန်းထွန်းကြိုင်-ဒေါ်သန်းသန်းဝေ၊ ဒေါက်တာမြင့်ဆွေ-ဒေါက်တာမြင့်မြင့်တင်တို့၏ညီ/မောင်၊ ဒေါ်စန်းစန်းထွေး၏ ခင်ပွန်း၊ မအေးချမ်းမိုး၊ မောင်ထွဋ်မြတ်မင်းတို့၏ဖခင်သည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၁၅ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ဓမ္မရတနာလမ်း၊ အမှတ် ၆၃၁နေ (ဦးစိန်လှိုင် - ဒေါ်တင်လှိုင်) တို့၏သမီး၊ ဦးစုရှိန်(လ/ထအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ ဦးသန်းစိုးရှိန် - ဒေါ်မွေးမွေးသင်း၊ ဦးသန်းအောင်ရှိန်၊ ဒေါ်မြတ်မြတ်မော်တို့၏မိခင်၊ မဝင်းလဲ့ရည်၊ မမြတ်နိုးခင်တို့၏အဘွားသည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ဝင်းလှိုင်
အသက်(၆၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊နှင်းပန်းလမ်း၊အမှတ် ၁၀၊ ပထမထပ်နေ (ဦးသိန်းအောင်-ဒေါ်ညွန့်ညွန့်)တို့၏သား၊ (ဦးပေါ်စိန်)-ဒေါ်စီစီကံစတို့၏သားသမက်၊ ဒေါ်ခင်သီတာစိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝေလွင်-ဒေါ်ခင်နီလာစိန်၊ ဦးမြင့်အုန်း-ဒေါ်ခင်ဥမ္မာစိန်၊ ဦးဝဏ္ဏ-ဒေါ်စိုးယုမော်တို့၏အစ်ကို၊ မောင်ဗိုလ်ဗိုလ်အောင်၊ မောင်ထက်အောင်၊ မဒေဝီ-မောင်သူရိန်တို့၏ဖခင်သည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တိုးတိုး(ညောင်လေးပင်)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ ဈေးလမ်း၊ တိုက် (၄၄-E 1) နေ (ဆရာထူး - ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးမောင်တင့် - ဒေါ်သိန်းရင်) တို့၏ချွေးမ၊(ဦးစိုးသိန်း)၏ဇနီး၊ ဦးဝင်းကိုသက်-ဒေါ်ဝင်းမြင့်ဦး၊ ဦးဇော်မျိုးမြင့် - ဒေါ်မိုးမိုးထွန်း၊ ဦးဇော်မျိုးအောင်-ဒေါ်လွင်လွင်သန်း၊ ဦးအေးမော်-ဒေါ်သီဂီ၊ ဦးထွန်းထွန်းဝင်း-ဒေါ်ခင်စန်းရီ၊ ဦးကောင်းမြတ်သူ-ဒေါ်ခိုင်ခိုင်ထွန်းတို့၏မိခင်၊မြေးခုနစ်ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်စေးစေးအယ်
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ဇီအုန်ကန်းလမ်း၊ အမှတ် ၁၈၃ (ဂ)နေ (ဦးစောအယ်ထွန်းနီ)-ဒေါ်နော်သန်းခင်တို့၏သမီး၊ စောတင်ကိုဦး-နော်စိန်စိန်ဦး၊ (ကိုနိုင်ဝင်းအောင်)-နော်ဆာထူး၊ စောနေမျိုးသန့်၊ စောတာကပေါ်ထူး-နော်အယ်မွိုး၊ ကိုမျိုးသူရ-နော်မိုးမိုးအယ်တို့၏ညီမ၊ နော်စေးဒါးအယ်၏အစ်မ၊ တူ၊တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၂၃-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရှာစင်ဘီး(ခ)ဒေါ်ရွှေဘိ
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၁၈၊ ဒုတိယထပ်နေ (ဦးချစ်လှ)၏ ချစ်လှစွာသော ဇနီး၊ ဦးအောင်မြင့်-ဒေါ်နုနုရီ၊ (ဦးမြလွင်)-ဒေါ်သန်းသန်းရီတို့၏အစ်မ၊ (ဦးလှမောင်)-ဒေါ်မြမြရီ၊ (ဦးစိန်မြင့်)-ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်လီရှုတ်ကျိန်း(ခ)ဒေါ်မြတ်မိုးသူ-ဦးအောင်မြင့်၊ ဦးစိန်ဝင်း-ဒေါ်ကျင်အေးတို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၃ယောက်၊မြစ်ရှစ်ယောက်တို့၏ အဘွားသည်၂၂-၁-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
အန်ကြိုင်ကျိန်(ခ)
ဦးဘစိုး (ဘိုကလေး)
အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၁၉၊ ခြသေ့်မင်းဆီစက်ဝင်းနေ (ဦးချိန်ကန်း-ဒေါ်ကျောက်)တို့၏သား၊ ကန့်ရှုလု(ခ) ဒေါ်နု၏ခင်ပွန်း၊ ဒေါ်ကျင်တီ၏မောင်၊ ဦးကြိုင်ကျင့်၊ ဒေါ်ချော၊ ဦးဝင်းမြင့်တို့၏အစ်ကို၊ မနုနုစိုး၊ မအေးအေးမြင့်-ကိုအောင်မိုး၊မသန်းသန်း(K-4၊ ညောင်ပင်လေးဈေး)၊ ကိုသစ်စိန်၊ ကိုမောင်မောင်လှ၊ မစန်းစန်း၊ကိုစိုးလှိုင်၊ မယဉ်ယဉ်ထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၃-၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၃း၅၀ နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (A-3) နေ နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်မေကျင် (ပြည်)
သမဝါယမဦးစီးဌာန(ရုံးချုပ်၊ငြိမ်း)
အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊အမှတ် ၂၅၆၊ အခန်း ၁၇၊ အရှေ့ရန်ကင်းနေ(ဦးဘသန်း-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးဘရွှေ-ဒေါ်ရေမွှေး)တို့၏သမီးချွေးမ၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း တောရမေဒိနီကျောင်းတိုက်မှ ဦးပဋ္ဌင်း ဦးပဏ္ဍိစ္စ (ဓမ္မာစရိယ)(ပဲခူး)၏ရဟန်းဒါယိကာမကြီး၊ (ဦးသိန်းဇော်၊ သာကေတမြို့နယ် သမဝါယမဦးစီးဌာန၊ ငြိမ်း)၏ ဇနီး၊ သားသမီးငါးယောက်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၃-၁-၂၀၁၅ရက် နံနက် ၃း၁၅နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ဆေးအထူးကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်နု (စစ်တွေ)
အသက်(၄၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ကျောက်မြောင်းရပ်ကွက်၊သုကြွယ်လမ်း၊ အမှတ် ၇၊ ပထမထပ်(ဘီ)နေ ဦးကျော်မောင်-ဒေါ်မေနီ (တောင်ဒဂုံ) တို့၏သမီးကြီး၊ (ဦးဒိုးအောင်ကျော်-ဒေါ်ရာမိုးသူ)တို့၏ချွေးမ၊ ဦးတင်အေး (AGTI) 83 HDC Construction Co., Ltd. ၏ဇနီး၊ ဦးမောင်စိန်-ဒေါ်မြမြစန်း(ခ)မစန်းမေတို့၏အစ်မ၊မောင်ခန့်ပိုင်၊မောင်ဇင်မင်းအောင်(အထက-၂၊တာမွေ)တို့၏မိခင်၊မလင်းလက်လက်အောင်၏အကြီးရှင်သည်၂၂-၁-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
(ဓမ္မပါရဂူကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက
အဂ္ဂမဟာဂန္ထဝါစက၊ အဂ္ဂမဟာပဏ္ဍိတ၊
သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ မြို့နယ်သြဝါဒါစရိယ)
ဘဒ္ဒန္တသြဘာသမထေရ်
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ အောင်ဆန်းရပ်ကွက်၊ အင်းရဲလမ်း၊ ဓမ္မပါရဂူကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ၊ သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဖြစ်သော ဘဒ္ဒန္တသြဘာသမထေရ် အရှင်သူမြတ်သည် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၄ ရက်) ၂၃-၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇း၄၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပေးပါမည်။)

ဈာပနကော်မတီ၊ ဓမ္မပါရဂူကျောင်းတိုက်

ရဟန်းဒါယကာကြီး
ဦးသာထွန်း(ဗန်းမော်) အသက်(၉၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၇၊ ခြောက်လွှာ(ဘီ)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်နေ (ဦးချီ-ဒေါ်ရွှေ)တို့၏သား၊ (ဒေါ်ခင်လွန်း)၏ခင်ပွန်း၊ ဦးစိန်မောင်ဝင်း၊ (ဦးထွန်းကြည်)၊ (ဦးကြီးမြင့်)၊ သူနာပြုဆရာမကြီး ဒေါ်တင်ကြည်(ပြည်သူ့ဆေးရုံ၊ ဗန်းမော်) - ဦးအောင်သန်း၊ ဦးဝင်းအောင်(ဆသရ၊ အမ်းမြို့)၊ ဦးစိန်သောင်း(J.P.C Trading)၊ ဦးအောင်မြင့်၊ ဒေါ်နှင်းရီတို့၏ ဖခင်သည် ၂၁-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင့်ကြည် (B.A Philosophy)
စိန်ပေါလ်ကျောင်းသားဟောင်း
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊အမှတ် ၄/က၊ ဦးထွန်းမြတ်လမ်း၊နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးစိန်ကြည်-ဒေါ်ကြင်ယုံ)တို့၏သား၊ (ဦးအေးမောင်-ဒေါ်မြနွယ်)တို့၏သားသမက်၊ ဒေါ်စုစုကြည်(အခြေခံပညာဦးစီးဌာန၊ငြိမ်း)၏ခင်ပွန်း၊ ဒေါ်မီမီတင့်ကြည်(Total E&P Myanmar)၊ ဒေါ်လင်းတင့်ကြည်-ဦးတေဇာကျော်၊ ဒေါက်တာပုံ့ပုံ့မြတ်စုသီတို့၏ချစ်လှစွာသောဖခင်၊ ဦးအောင်ကြည်-ဒေါ်လှပါ၊ ဦးစန်းကြည်-Rina Kyi တို့၏ညီ၊ ဒေါ်ဝင်းဝင်းသန်း-ဦးသက်ဝေ၊ ဦးဇော်ဝင်းကြည်(PCML)-ဒေါ်ခိုင်မော်(ISY)၊ ဦးဇော်မင်း(PCML)-ဒေါ်မြမြသောင်း၊ ဒေါ်စုစုဝေတို့၏အစ်ကို၊ မောင်သန့်သီလ၊ မ Valerie Linn တို့၏အဘိုးသည် ၂၂-၁-၂၀၁၅ရက်(ကြာသပတေးနေ့)ည ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးချစ်မောင်
(ဆုံကုန်းကျေးရွာ၊ ဘုတလင်)
အသက်(၇၅)နှစ်

မုံရွာမြို့၊ဘုတလင်မြို့နယ်၊ ဆုံကုန်းကျေးရွာနေ (ဦးဖိုးဆူ-ဒေါ်ငွေမြိုင်) တို့၏သားကြီး၊ဦးဝင်းအောင်၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ် ၇၉နေ [ဒေါ်မြင့်မြင့်အေး (စိုးစံစာရေးကိရိယာ၊ သိမ်ကြီးဈေး)]၏ ခင်ပွန်း၊ ဦးမြဇော်-ဒေါ်စန်းစန်းငွေ၊ ဦးသိန်းတန်-ဒေါ်သီသီခိုင်၊ ဦးထွန်းလင်း-ဒေါ်တင်နီလာမိုး၊ ဦးအောင်သန်းမြင့်-ဒေါ်နုဝါလွင်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည်၂၃-၁-၂၀၁၅ ရက်(သောကြာနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်နွဲ့နွဲ့ရီ
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်သန်းရွှေ)တို့၏သမီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ဦးမြင့်သန်း-ဒေါ်လှညွန့်တို့၏သမီးချွေးမ၊ ဦးခင်မောင်သန်း၊ ဦးပညာသာမိ(ဂျိုးဖြူတောင်)၊ ဦးစန်းမောင်-ဒေါ်ကြည်ကြည်မြင့်တို့၏ညီမ၊ (ဦးခင်မောင်အေး)-ဒေါ်လှလှ၊ တောင်ကြီးမြို့နေ ဦးရွှေသန်း-ဒေါ်နွဲ့နွဲ့စန်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်မောင်၊ ဦးခင်မောင်ညို၊ တောင်ကြီးမြို့နေ ဦးငွေလွင်-ဒေါ်တင်တင်အုန်းတို့၏အစ်မ၊ ခနောင်တိုအရှေ့နေ ဦးဝင်းမြင့် (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၏ဇနီး၊ ဒေါ်ကေဇင်ဝင်းမြင့် (အထက-၁၊ ခနောင်တို)၊ ဦးနောင်နောင်ဝင်းမြင့်(Uniteam)၊မောင်အောင်အောင်ဝင်းမြင့်တို့၏မိခင်၊ တူ/တူမ ၁၇ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဆိပ်ကြီးခနောင်တိုသံဝေဂသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးပြည် (မြိတ်)
အသက်(၇၆)နှစ်

မြိတ်မြို့၊ အလယ်ကျွန်းလမ်းဆုံနေ (ဦးချိုချို-ဒေါ်ဓ)တို့၏သားကြီး၊ ပရည်ကျွန်းရွာနေ (ဦးဘိုနီ-ဒေါ်သက်ဆွေ)တို့၏သားသမက်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက် ၁၂၊ အခန်း ၀၀၂နေ ဒေါ်လှဝင်း၏ခင်ပွန်း၊ မြိတ်မြို့၊ အလယ်ကျွန်းလမ်းဆုံနေ ဦးကင်းမောင်၊ ဒေါ်သန်းဝင်းချို၏အစ်ကိုကြီး၊(ဦးခင်မောင်စိုး)-ဒေါ်အင်ငွေ၊ (ဦးငွေလွင်)-ဒေါ်သီသီစိုး၊ (ဦးတင်မောင်စိုး-ဒေါ်မာမာဝင်း)၊ ဦးကျော်မင်းဦး-ဒေါ်ညိုညိုစိုး၊ ဦးတင်အောင်စိုး - ဒေါ်နှင်းမာခိုင်၊ ဦးထင်အောင်စိုး - ဒေါ်ချိုချိုမာ၊ (ဦးကျော်အောင်စိုး) - ဒေါ်မြတ်မြတ်အေးတို့၏ဖခင်၊မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃-၁-၂၀၁၅ရက်(သောကြာနေ့)နံနက် ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးစောကျော်ဦးစိုး
(R/O) CDC-20162
အသက်(၅၈)နှစ်

ဇလွန်မြို့နယ်၊ လယ်ဦးကျေးရွာနေ (ဦးသန်းခင် - ဒေါ်ကြည်)တို့၏သားကြီး၊ ဦးအောင်မြင်-(ဒေါ်မြင့်သန်း)၊ (ဦးစိုးနိုင်)-ဒေါ်မြမြခိုင်တို့၏အစ်ကိုကြီး၊ အမှတ် ၂၄၂၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးအောင်လွင်) - ဒေါ်ထွေးတို့၏သားသမက်၊ စောစီမုံ - မကျော့ကေခိုင်၊ ကိုတင်ထွဋ်မောင်-မမိုးသွယ်ခိုင်၊မောင်စိုးမင်းဦး၊ မောင်ထွဋ်မြတ်ပိုင်၊ မခိုင်ထက်ထက်ထွန်း၊ မောင်အောင်သုမြင့်၊ မောင်မင်းကောင်းမြင့်၊ မယုနဒီဇော်၊ မောင်ကောင်းခန့်ဇော်တို့၏ ဘကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ် ၂၄၂နေ ဒေါ်ယဉ်ယဉ်ဦး (အထက-၁၊ အင်းစိန်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၀း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုပြီး လယ်ယာကဏ္ဍပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည်

ဒုတိယသမ္မတ ဦးညဏ်ထွန်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြည်သူ့အားကစားကွင်း၌ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများမှ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့် မြို့ပြနေ အခြေခံပြည်သူများအတွက် ၂၀၁၅ ခုနှစ် ဆောင်းသီးနှံချေးငွေကျပ်သန်းပေါင်း ၂၃၈၅၂ သန်းကျော်ကို ထုတ်ချေးမည်ဖြစ်ပြီး လာမည့် မေလနှင့်ဇွန်လအတွင်း ချေးငွေမရကြသေးသည့် *စာမျက်နှာ ၃ ကော်လံ ၁* ❐

သမဝါယမစနစ်သည် အသင်းသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးရသည့်စနစ်ကို ရှေးရှုပြီး ဆောင်ရွက်နေခြင်းဖြစ်

ယနေ့ မာတိကာ

တောင်ကိုရီးယားသမ္မတ ဝန်ကြီးချုပ်သစ် ရွေးချယ် စာ » ၄

ရာဇဝတ်မကင်းသော ကျော်နင်းဝင်ရောက်မှုများ ဟန့်တားနိုင်ရန်လို စာ » ၁၅

နှင်းမြို့တော်ဟုခေါ်သော ပြင်ဦးလွင်၌ တစ်နေကုန် မြူနှင်းများပုံးလွှမ်းခဲ့ စာ » ၁၇

တမူး-မိုရေးနယ်စပ်ဂိတ်၌ ဆိုက်ရောက်ဗီဇာ ထုတ်ပေးဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိ

မန္တလေး ဇန်နဝါရီ ၂၃

သတင်း-CL ထန်းငါ

မြန်မာ-အိန္ဒိယနိုင်ငံ နယ်စပ်ဝင်/ထွက်ပေါက် တစ်ခုဖြစ်သည့် တစ်ဖက်မဏိပူရ်ပြည်နယ် မိုရေးနယ်စပ်ဂိတ်၌ ဆိုက်ရောက်ဗီဇာ (Visa on Arrival) လုပ်ငန်းထုတ်ပေးဆောင်ရွက်နိုင်ရေး အိန္ဒိယနိုင်ငံအစိုးရကစီစဉ်လျက်ရှိရာ ယခုအခါ လုပ်ငန်းစတင် အကောင်အထည်ဖော်ရန် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေပြီဟု မန္တလေးမြို့ အိန္ဒိယကောင်စစ်ဝန်ရုံးထံမှ သိရသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မန္တလေး-အင်ဖာအကြား ခရီးသည်တင်ယာဉ် ပြေးဆွဲရေး အစီအစဉ်အရ အိန္ဒိယနိုင်ငံက မြန်မာဘက် တမူးနယ်စပ် ဝင်/ထွက်ပေါက်၌လည်း အလားတူ စီမံဆောင်ရွက်သွားရန် နှစ်နိုင်ငံသံတမန် လမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံအစိုးရသို့ တောင်းဆိုမှုပြုလုပ်ခဲ့ပြီးဖြစ်သည်။

"ဗီဇာထုတ်ပေးရေးဟာ နယ်စပ်ဖြတ်ကျော် လိုင်းကားအတွက် လိုအပ်တဲ့ လုပ်ငန်းတစ်ခုဖြစ်လို့ အိန္ဒိယအနေနဲ့ ယခုတွင် လိုအပ်တဲ့ ဗီဇာထုတ်ပေးရေး ရုံးခန်းတစ်ခု ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်မှာ အလားတူ facilities တစ်ခုပေးဖို့အတွက် သံတမန်ကနေ တစ်ဆင့် တောင်းဆိုထားပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ချုပ် မစ္စတာ Dr. N. Nandakumar က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဂိတ်မှတစ်ဆင့် လွယ်ကူချောမွေ့စွာ ဝင်ထွက်သွားလာစေရေးကို ရည်ရွယ်ပြီး *စာမျက်နှာ ၃ ကော်လံ ၁* ◆

နှစ်နှစ်ခွဲကျော်ကြာ ရပ်နားခဲ့ရသော ပြည်တော်သာ-ရေချမ်းပြင် ရထားပြန်လည်ပြေးဆွဲ

ပြည်တော်သာ ဇန်နဝါရီ ၂၃

သတင်းဆောင်းပါး-ကိုကြီးစော ➢ ဓာတ်ပုံ-ညေစော

၂၀၁၂ ခုနှစ် ဇွန်လတွင် စတင်ဖြစ်ပွားခဲ့သည့် လူမှုရေးပဋိပက္ခများကြောင့် အချိန်နှစ်နှစ်ခွဲကျော်ကြာ ရပ်နားထားခဲ့ရသော ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်းကို ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲက စတင်ပြီး ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရထားလမ်းပိုင်း ပြန်လည်ပြေးဆွဲခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ပြည်တော်သာဘူတာ၌ ကျင်းပသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❁

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

ဥပဒေကြမ်း

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်း

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ×××)
၁၃၇၆ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံစာရင်းကောင်စီကို ဆိုသည်။

(ခ) **စာရင်းပညာ** ဆိုသည်မှာ ဘဏ္ဍာရေးစာရင်းပညာ၊ စီမံခန့်ခွဲမှု စာရင်းပညာ၊ တန်ဖိုးတွက်စာရင်းပညာနှင့် စာရင်းစစ်ဆေးခြင်း ပညာတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် စာရင်းပညာကို အခြေခံပြုသည့် လုပ်ငန်းပညာရပ်များလည်း ပါဝင်သည်။

(ဂ) **စာရင်းလုပ်ငန်း** ဆိုသည်မှာ စာရင်းထားသိုခြင်း၊ စာရင်းပြုစုခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲပြုစုခြင်း၊ ဌာနတွင်း စာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများစစ်ဆေးခြင်း၊ စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှုစိစစ်သုံးသပ်ခြင်း၊ ကျသင့်သည့် အခွန် သို့မဟုတ် တန်ဖိုးတွက်ချက်ခြင်း၊ စာရင်းစနစ်တီထွင်ချမှတ်ခြင်း၊ စာရင်းစနစ်စိစစ်ခြင်း၊ စာရင်းပညာသင်ကြားခြင်း၊ စာရင်းလုပ်ငန်းနှင့်စပ်လျဉ်း၍အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်း၊ အခွန်၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့် စပ်လျဉ်း၍အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် စာရင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှုလုပ်ငန်းနယ်ပယ်များဖြစ်သည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းနယ်ပယ်၊ ပုဂ္ဂလိကကဏ္ဍစာရင်း လုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်နှင့် သင်ကြားမှုစာရင်းလုပ်ငန်းနယ်ပယ်တို့ကိုဆိုသည်။

(င) **စာရင်းကိုင်အလုပ်သင်** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း အစီအစဉ်အရ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့သင်ယူနေသူကို ဆိုသည်။

(စ) **စာရင်းကိုင်အလုပ်သင်လုပ်သက်** ဆိုသည်မှာ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာ လက်တွေ့သင်ယူရမည့် ကာလကို ဆိုသည်။

(ဆ) **စာမေးပွဲအောင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်းအသီးသီးတွင် ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲ နှစ်ခုလုံး အောင်မြင်ပြီးသူများအား ကောင်စီက ထုတ်ပေးသည့် အောင်လက်မှတ်ကိုဆိုသည်။

(ဇ) **စာရင်းပညာရှင်** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) ရရှိထားသူ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်များမှ အသိအမှတ်ပြုစာရင်းပညာရှင်လက်မှတ်ရရှိထားပြီး ကောင်စီက စိစစ်ခွင့်ပြုထားသောသူကို ဆိုသည်။

(ဈ) **စာရင်းကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော စာရင်းပညာလက်မှတ်ရရှိသူကို ဆိုသည်။

(ည) **လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲ နှစ်ပိုင်းလုံးအောင်မြင်ပြီးသူကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပုဒ်မ ၄၆ အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ဋ) **လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲ နှစ်ပိုင်းလုံး အောင်မြင်သည့်အပြင် သတ်မှတ်သည့်စာရင်းကိုင် အလုပ်သင်လုပ်သက်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ ဆောင်ရွက်ပြီးဖြစ်သူကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပုဒ်မ ၄၆အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ဌ) **စာရင်းလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသူကိုဆိုသည်။

(ဍ) **အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း** ဆိုသည်မှာ အများပိုင်သော သို့မဟုတ် အများ၏ အကျိုးစီးပွားနှင့်သက်ဆိုင်သော သို့မဟုတ် ကောင်စီကသတ်မှတ်သော လုပ်ငန်းအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများကို ဆိုသည်-

(၁) ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ခြင်း၊

(၂) လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အကျိုးအမြတ် အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေတို့နှင့် စပ်ဆိုင်သည့် စာရင်းဇယား သို့မဟုတ် ထုတ်ပြန်တင်ပြချက် သို့မဟုတ် ကြေညာချက် သို့မဟုတ် ခန့်မှန်းဖော်ပြချက် တစ်ရပ်ရပ်တွင် မိမိစိစစ်ပြီးကြောင်း သို့မဟုတ် ထောက်ခံကြောင်း သို့မဟုတ် မိမိပြုစုပေးကြောင်း လက်မှတ်ရေးထိုးခြင်း၊

(၃) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အရ လုပ်ငန်းအဖွဲ့အစည်းက အစိုးရဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရသည့်ကိစ္စတွင် လုပ်ငန်းအဖွဲ့အစည်း၏ကိုယ်စား ပါဝင်ဆောင်ရွက်ပေးခြင်း၊

(၄) ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းစစ်ဆေးအစီရင်ခံတင်ပြခြင်း။

(ဎ) **ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်း** ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ စာရင်းကိုင်၊ စာရင်းစစ်အဖြစ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်အလိုက် အဖိုးအခရယူသည်ဖြစ်စေ၊ အဖိုးအခမဲ့ဖြစ်စေ စာရင်းပြုစုပေးခြင်း၊ စာရင်းရေးဆွဲပေးခြင်း၊ စာရင်းစစ်ဆေးပေးခြင်းတို့ကို ဆိုသည်။

(ဏ) **အစိုးရကဏ္ဍစာရင်းလုပ်ငန်း** ဆိုသည်မှာ အစိုးရဌာနအဖွဲ့အစည်းတွင် စာရင်းကိုင်၊ ဌာနတွင်းစာရင်းစစ်၊ အစိုးရစာရင်းစစ် စသည်ဖြင့် စာရင်းပညာဖြင့် တာဝန်ထမ်းဆောင်ခြင်းကို ဆိုသည်။

(တ) **သင်ကြားမှုစာရင်းလုပ်ငန်း** ဆိုသည်မှာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကိုယ်ပိုင် စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်၊ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကောင်စီက အခါအားလျော်စွာ ထုတ်ပြန်ကြေညာထားသော သင်ကြားမှုစာရင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ထ) **အသင်း** ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် စာရင်းပညာရှင်များကိုယ်တိုင် ထိရောက်စွာ ပါဝင်ဆောင်ရွက်ရန်ဖွဲ့စည်းထားပြီး ကောင်စီက အသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့်အဖွဲ့အစည်းကို ဆိုသည်။

(ဒ) **ခွင့်ပြုထားသည့်နိုင်ငံခြားသား စာရင်းပညာရှင်** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းတို့ ချုပ်ဆိုသောစာချုပ် သို့မဟုတ် သဘောတူညီချက်အရသော်လည်းကောင်း၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏ စာရင်းပညာအဖွဲ့အစည်းများအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုခြင်း အစီအမံများအရသော်လည်းကောင်း မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ရန် ကောင်စီက စည်းမျဉ်းနှင့်အညီ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံခြားသား လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် အလားတူ စာရင်းပညာရှင်ကို ဆိုသည်။

(ဓ) **လုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာ ဆောင်ရွက်မှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းစီမံရေးလုပ်ငန်းနှင့် အမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်သည့်လုပ်ငန်းတို့ကို ဆိုလိုသည်။ ထို့အပြင် နိုင်ငံတော် သို့မဟုတ် ပုဂ္ဂိုလ်အများ၏ ငွေကြေး၊ ပစ္စည်းထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လှူဒါန်းမှုတို့ဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာ တစ်ရပ်ရပ် အရသော်လည်းကောင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများလည်း ပါဝင်သည်။ ဤဥပဒေ၌ အတိအကျ ခွဲခြားဖော်ပြထားခြင်း မပြုလျှင် အစိုးရ သို့မဟုတ် နိုင်ငံပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံး၏ လုပ်ငန်းအဖွဲ့အစည်းများနှင့် သက်ဆိုင်သည်။

(န) **လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူ** ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းအတွက် အရင်းအနှီးထည့်ဝင်ထားသူများ သို့မဟုတ် အရင်းအနှီးထည့်ဝင်ထားသူများကိုယ်စား သို့မဟုတ် ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်ကိုယ်စား သို့မဟုတ် နိုင်ငံတော်ကိုယ်စား လုပ်ငန်းအဖွဲ့အစည်းကို လက်တွေ့အုပ်ချုပ်စီမံဆောင်ရွက်သူ သို့မဟုတ် ထိုသို့အုပ်ချုပ်စီမံဆောင်ရွက်ရသည့်အဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းဖွဲ့စည်းပုံအရ စီမံခန့်ခွဲရေးအဖွဲ့၊ ဒါရိုက်တာအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ စသည်ဖြင့် အမည်အခေါ် အမျိုးမျိုးရှိသည့်အဖွဲ့များလည်း အကျုံးဝင်သည်။

(ပ) **ဘဏ္ဍာရေးအစီရင်ခံခြင်း** ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူက မိမိစီမံခန့်ခွဲဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေနှင့် ငွေရရှိသုံးစွဲမှု အခြေအနေအချက်အလက်များကို ဘဏ္ဍာရေးရှင်းတမ်းများအဖြစ် ပြုစုလျက် လုပ်ငန်းအဖွဲ့အစည်း၌ အရင်းအနှီး ထည့်ဝင်ထားသူများ၊ အရင်းအနှီးထည့်ဝင်ရန်လေ့လာနေသူများ၊ လုပ်ငန်းဆက်သွယ် ဆောင်ရွက်နေသူများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသိရှိပြီး လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် ထုတ်ပြန်တင်ပြခြင်းကို ဆိုသည်။

(ဖ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ဖြစ်ပေါ်သည့် ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)၊ အလုပ်သင်စာရင်းကိုင်၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများစာရင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများစာရင်းကို မှတ်ပုံတင်ထိန်းသိမ်းခြင်းနှင့် လိုအပ်သလို ထုတ်ပြန်ကြေညာခြင်းဆောင်ရွက်ရန် ကောင်စီက ခန့်အပ်ထားသူကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ တိုးပွားလာစေရန်၊

(ခ) စာရင်းပညာခေတ်မီတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာ ဂုဏ်ရည်မြင့်မားရေးနှင့် စာရင်းလုပ်ငန်း အရည်အသွေးပြည့်မီရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(ဃ) အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့် အညီဆောင်ရွက်နိုင်စေရန်၊

(င) စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးပွားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ ပိုမိုလာစေရန်။

အခန်း(၃)
မြန်မာနိုင်ငံစာရင်းကောင်စီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုစာရင်းစစ်ချုပ် — ဥက္ကဋ္ဌ
(၂) ဒုတိယစာရင်းစစ်ချုပ် — ဒုတိယဥက္ကဋ္ဌ
(၃) တိုင်းဒေသကြီးစာရင်းစစ်ချုပ်များနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ — အဖွဲ့ဝင်
(၄) ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် — အဖွဲ့ဝင်
(၅) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်
(၆) ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(၇) ပါမောက္ခချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်စီးပွားရေး တက္ကသိုလ်များ — အဖွဲ့ဝင်
(၈) မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ် (၉)ဦး — အဖွဲ့ဝင်
(၉) ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် — အဖွဲ့ဝင်
(၁၀) (၅)ဦးထက်မပိုသော သင့်လျော်သည့် နိုင်ငံသားစာရင်း ပညာရှင်များ — အဖွဲ့ဝင်
(၁၁) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို ထပ်မံထည့်သွင်း သတ်မှတ်နိုင်သည်။

(ဂ) ကောင်စီ၏သက်တမ်းကို သတ်မှတ်နိုင်သည်။

(ဃ) ကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ် ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့် တစ်နှစ်နှင့်အထက် ကင်းကွာခြင်း၊

(ဃ) စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် လက်မှတ်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း။

၆။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၇။ ကောင်စီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

အခန်း(၄)
အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

၈။ ကောင်စီသည် ကောင်စီ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန်အလို့ငှာ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ကောင်စီဥက္ကဋ္ဌ — ဥက္ကဋ္ဌ
(ခ) ကောင်စီဒုတိယဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ခသို့

ဥပဒေကြမ်း

စာမျက်နှာ ကမှ

(ဂ) မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များ အသင်းဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ

(ဃ) ကောင်စီအဖွဲ့ဝင် (၁၁) ဦး — အဖွဲ့ဝင်

(င) ကောင်စီအတွင်းရေးမှူး — အတွင်းရေးမှူး

၉။ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)ပါကောင်စီအဖွဲ့ဝင် (၁၁)ဦးကို ကောင်စီ၏ ပထမဆုံး အစည်းအဝေးတွင် ရွေးချယ်တာဝန်ပေးရမည်။ ကောင်စီသက်တမ်း အတွင်း ကောင်စီအဖွဲ့ဝင်လစ်လပ်မှုများကို အနီးကပ်ဆုံး ကောင်စီအစည်း အဝေးတွင် အစားထိုးရွေးချယ်တာဝန်ပေးရမည်။

၁၀။ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်း အတိုင်း ဖြစ်သည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပ ရမည်။

၁၂။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့် ကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြု ချက်ရယူရမည်။

အခန်း(၅)
ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းနှင့် အခါအားလျော်စွာ ဖွင့်လှစ်သင့်သည့် သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲ ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အရည်အချင်းစစ်စာမေးပွဲများ ပြုလုပ်ခြင်း၊ သင်တန်းနှင့် စာမေးပွဲဆိုင်ရာ စည်းမျဉ်းများ ချမှတ်ခြင်း၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ ပေးအပ် ခြင်း၊

(ခ) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းနှင့် အခါအားလျော်စွာ ဖွင့်လှစ်သင့်သည့်သင်တန်းများ ၏ သင်ရိုးညွှန်းတမ်းများကို ချမှတ်ပြဋ္ဌာန်းခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်း၊ ထိုသင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်များ စီစဉ်ခြင်း၊

(ဂ) စာရင်းကိုင်အလုပ်လက်တွေ့သင်ကြားရေး၊ စဉ်ဆက်မပြတ် စာရင်းပညာလေ့လာဆည်းပူးရေးလုပ်ငန်း အစီအစဉ်နှင့် စည်းမျဉ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) စာရင်းကိုင်စံများ၊ စာရင်းစစ်စံများ၊ ကျင့်ဝတ်သိက္ခာဆိုင်ရာစံ များ၊ စာရင်းလုပ်ငန်း အရည်အသွေးခိုင်လုံစိတ်ချရေး အစီ အစဉ်များ ချမှတ်ပြဋ္ဌာန်းခြင်း၊ ထိုပြဋ္ဌာန်းချက်များကို လက်တွေ့ လိုက်နာကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့်သင်တန်းများ စီစဉ်ခြင်း၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ပြဋ္ဌာန်းချက် အထောက်အကူပြု စာအုပ်စာတမ်းများထုတ်ဝေခြင်း၊

(င) ကောင်စီက ချမှတ်ပြဋ္ဌာန်းထားသည့်စံများ၊ အစီအစဉ်များကို လက်တွေ့လိုက်နာ ကျင့်သုံးမှုရှိမရှိ စောင့်ကြည့်စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ လိုက်နာကျင့်သုံးရန်ပျက်ကွက်မှုအတွက် ဤ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အပြန်အလှန်အသိအမှတ်ပြုရေး သဘောတူညီ ချက်များကို ပြည်ပစာရင်းပညာအဖွဲ့အစည်းများနှင့် ချုပ်ဆို ခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှ စာရင်းပညာဆိုင်ရာလက်မှတ်နှင့် ဘွဲ့များကို စိစစ်၍ အသိအမှတ်ပြုခြင်း၊ ယင်းသို့အသိအမှတ်ပြုသည့် လက်မှတ် သို့မဟုတ် ဘွဲ့ရရှိထားသည့် နိုင်ငံသားများအား မှတ်ပုံတင်နိုင်ရန် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ဇ) သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးအား မှတ်ပုံတင်အရာရှိအဖြစ် ခန့်ထားခြင်း၊ ယင်း၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊

(ဈ) မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းကို ကောင်စီ၏အမျိုးသားအဆင့် စာရင်းပညာရှင်အဖွဲ့အဖြစ် အသိအမှတ်ပြုခြင်းနှင့် သင့်လျော်သော နိုင်ငံသားစာရင်း ပညာရှင်အဖွဲ့များကိုလည်း စာရင်းပညာရှင်အဖွဲ့အဖြစ် အသိ အမှတ်ပြုခြင်း၊

(ည) ဤဥပဒေပါရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် ကောင်စီကဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)များနှင့် လက်မှတ်ရပြည်သူ့ စာရင်းကိုင်(ပြည့်)များ ပါဝင်ဆောင်ရွက်ရေးအတွက် တာဝန် သတ်မှတ်လွှဲအပ်ပေးခြင်း၊ ယင်းသို့တာဝန်ယူဆောင်ရွက် မှုများကို ကြီးကြပ်ခြင်း၊

(ဋ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေး အတွက် ပြည့်စုံရမည့် လက်တွေ့လုပ်ငန်း အတွေ့အကြုံ နှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့် လုပ်ငန်းနည်းစနစ် ပုံစံနှင့် အခြားလိုအပ်ချက်များကို စာရင်းလုပ်ငန်းနယ်ပယ် အလိုက်၊ စာရင်းလုပ်ငန်း အမျိုးအစားအလိုက် သတ်မှတ် ခြင်း၊

(ဌ) ဤဥပဒေပါရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် လုပ်ငန်း ဆောင်ရွက်ရမည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို ကောင်စီ ဝင်များ၊ သင့်လျော်သည့် စာရင်းပညာရှင်များဖြင့် လိုအပ်သလို ဖွဲ့စည်းပြီး တာဝန်ပေးအပ်ခြင်း၊ ထိုအဖွဲ့များ၏ တာဝန်ယူ ဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဍ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့် လုပ်ငန်း လမ်းညွှန်မှုများ ထုတ်ပြန်ခြင်း၊ ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စရပ်များအတွက် လိုအပ်သည့် အချက်အလက်များကို စာရင်း လုပ်ငန်း လုပ်ကိုင်သူများထံမှရယူခြင်း၊

(ဎ) ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်း ကိုင်သင်တန်းများကို သတ်မှတ်သင်ရိုးညွှန်းတမ်းနှင့်အညီ အဆင့်မီသင်ကြားမည့် ကိုယ်ပိုင်သင်တန်းကျောင်းများ ဖွင့်လှစ် ဆောင်ရွက်ရန်တင်ပြခြင်းကို စိစစ်ခွင့်ပြုခြင်း၊ အဆိုပါ သင်တန်းကျောင်းများအား လမ်းညွှန်ကြီးကြပ်ခြင်း၊ စစ်ဆေး ခြင်း၊

(ဏ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့်ကောင်စီဝင်များ၊ ကောင်စီ၏ကော်မတီ ဝင်များအား စရိတ်ချီးမြှင့်ငွေ သတ်မှတ်ခံစားခွင့်ပြုခြင်း၊

(တ) အစိုးရဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၏ စာရင်းပညာ၊ စာရင်း လုပ်ငန်းနှင့် စပ်လျဉ်းသည့် လိုအပ်ချက်အတွက် အကြံပြုခြင်း၊

(ထ) ကောင်စီသည် စာရင်းပညာရပ်ဆိုင်ရာဘာသာရပ်များကို သင်ကြား သည့် မည်သည့်ကျောင်း သို့မဟုတ် အဖွဲ့အစည်းကိုမဆို စိစစ် ကြီးကြပ်ခြင်း သို့မဟုတ် စီမံထိန်းသိမ်းကွပ်ကဲခြင်း၊

(ဒ) တာဝန်ပျက်ကွက်သော သို့မဟုတ် စာရင်းပညာရှင်ကျင့်ဝတ် သိက္ခာဖောက်ဖျက်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ် ရပြည်သူ့စာရင်းကိုင်(အောင်)၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်)၊ စာရင်းကိုင်အလုပ်သင်များ၊ စာရင်းကျွမ်းကျင်သူများကို အရေးယူခြင်း၊

(ဓ) ဤဥပဒေပါရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ဆောင် ရွက်ခြင်း။

အခန်း(၆)
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

၁၄။ အသင်းသည် ကောင်စီက အသိအမှတ်ပြုထားသည့် အမျိုးသားအဆင့် စာရင်းပညာရှင်များ အစုအဖွဲ့ဖြစ်သည်။

၁၅။ အသင်းသည် ဤဥပဒေ၏ရည်ရွယ်ချက်များထမြောက်အောင်မြင်စေ ရန် စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက် ရမည်။

၁၆။ ကောင်စီတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)အဖြစ် ဖြစ်စေ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ်ဖြစ်စေ မှတ်ပုံတင်ရန်လျှောက်ထားသူသည် အသင်းတွင် အသင်းဝင်အဖြစ်ပါဝင်ပြီး ဖြစ်ရမည်။

၁၇။ အသင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပြဋ္ဌာန်းချက်များအရ ဆောင်ရွက်သည့်စာရင်းပညာ ဆိုင်ရာ၊ စာရင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ကောင်စီနှင့် တွဲဖက်၍ ပညာရှင်အင်အားစုအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စာရင်းပညာ၊ စာရင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ချမှတ်သင့်သော သို့မဟုတ် ပြင်ဆင်သင့်သော သင်ရိုးညွှန်းတမ်း၊ စည်းမျဉ်း၊ စည်းကမ်း၊ စံ၊ လုပ်ထုံးလုပ်နည်းတို့ကို ကောင်စီအား အကြံပြု တင်ပြခြင်း၊

(ဂ) စာရင်းပညာ ခေတ်မီတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စာရင်းပညာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) စဉ်ဆက်မပြတ် စာရင်းပညာလေ့လာဆည်းပူးရေးလုပ်ငန်းကို စီစဉ်ဆောင်ရွက် အကောင်အထည်ဖော်ခြင်း၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့်လုပ်ငန်း စဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ လုပ်ငန်းအရည်အသွေး ထိန်းသိမ်းမှုအစီအမံနှင့် လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ ကို စာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်း အမျိုး အစားအလိုက် သင့်လျော်သလို ချမှတ်ပြဋ္ဌာန်းနိုင်ရန်ကောင်စီထံ ထောက်ခံတင်ပြခြင်း၊

(စ) ပုဒ်မခွဲ(င)တွင် ဖော်ပြသောပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ သင်တန်း သို့မဟုတ် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြဋ္ဌာန်းချက်များ ကို ထုတ်ဝေဖြန့်ချိခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ စာရင်းနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်း၊

(ဇ) အသင်း၏စည်းမျဉ်းများ သို့မဟုတ် ကောင်စီ၏ဆုံးဖြတ်ချက် များနှင့်အညီ ဝင်ကြေး၊ ထည့်ဝင်ကြေး၊ ဝင်ငွေ၊ ဆောင်ရွက်ခ၊ ဌားရမ်းခ၊ မူပိုင်ကြေးနှင့် ထောက်ပံ့ငွေ လက်ခံရယူခြင်း၊

(ဈ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ စာရင်းပညာရှင်များ၏ နစ်နာ ချက် သို့မဟုတ် တိုင်ကြားချက်များနှင့်စပ်လျဉ်း၍ ကောင်စီထံ စိစစ်တင်ပြခြင်း၊

(ည) အသင်း၏ဆောင်ရွက်ချက်များကို ကောင်စီထံတင်ပြခြင်း၊

(ဋ) အသင်း၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများတွင် ဖော်ပြ ထားချက်များအတိုင်း ဆောင်ရွက်ခြင်း။

၁၈။ အသင်းနှင့်စပ်လျဉ်း၍ ကောင်စီက အောက်ပါအတိုင်း ဆောင်ရွက် ပေးနိုင်သည်-

(က) အသင်းအားထိုက်သင့်သည့် ထောက်ပံ့မှုများခွင့်ပြုခြင်း၊ ထို အတွက် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့ထံ ထောက်ခံ တင်ပြခြင်း၊

(ခ) ကောင်စီကဖွဲ့စည်းသည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များတွင် သင့်လျော်သည့် အသင်းဝင်များအား ထည့်သွင်းဖွဲ့စည်း တာဝန် ပေးခြင်း၊

(ဂ) လုပ်ငန်းတစ်ရပ် သို့မဟုတ် ကိစ္စတစ်ရပ်ကို ကောင်စီကိုယ်စား ဆောင်ရွက်ရန် အသင်းအား တာဝန်လွှဲအပ်ခြင်း၊

(ဃ) လိုအပ်ပါက ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသင်းသို့ လွှဲအပ်ခြင်း။

အခန်း(၇)
ကော်မတီများဖွဲ့စည်းတာဝန်ပေးခြင်း

၁၉။ ကောင်စီသည် အောက်ဖော်ပြပါ ကော်မတီများနှင့် လိုအပ်သော ကော်မတီများကို ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်း ကိုင်များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။ ကော်မတီ အလိုက် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ သင့်လျော်သည့် အဖွဲ့ဝင်အင်အားတို့ဖြင့် ဖွဲ့စည်းလျက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်-

(က) စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်း ကျောင်းများ ကြီးကြပ်ရေးကော်မတီ၊

(ခ) သင်ရိုးညွှန်းတမ်းများ စိစစ်ရေးနှင့် ပြင်ဆင်ရေးကော်မတီ၊

(ဂ) စာမေးပွဲလုပ်ငန်းနှင့် စာစစ်ကော်မတီ၊

(ဃ) စာရင်းဆိုင်ရာ စံများကော်မတီ၊

(င) စာရင်းစစ်ကျင့်ဝတ်စောင့်ထိန်းမှု၊ စာရင်းစစ်စံကျင့်သုံးမှုနှင့် စာရင်းလုပ်ငန်း အရည်အသွေးထိန်းသိမ်းမှုစောင့်ကြည့်စစ်ဆေး ရေးကော်မတီ၊

(စ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်စိစစ်ရေးကော်မတီ၊

(ဆ) ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် လက်မှတ်စိစစ်ရေးကော်မတီ၊

(ဇ) လုပ်ငန်းအဖွဲ့အစည်းများ၏စာရင်းကိုင်စံ၊ ဘဏ္ဍာရေးအစီရင်ခံ မှုစံများ စောင့်ကြည့် စစ်ဆေးရေးကော်မတီ။

၂၀။ ကောင်စီသည် အောက်ဖော်ပြပါအဖွဲ့နှင့် ကော်မတီကို ကောင်စီ ဝင်များ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ၊ သင့်လျော် သည့် နိုင်ငံသားများဖြင့် ကိစ္စရပ်အလိုက် လိုအပ်သည့်အခါ ဖွဲ့စည်းလျက် တာဝန်ပေးနိုင်သည် -

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(ခ) စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

၂၁။ ပုဒ်မ ၁၉ တွင် ဖော်ပြသည့်ကော်မတီများ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်း ဖြစ်သည်။

၂၂။ ပုဒ်မ ၂၀ တွင် ဖော်ပြသည့်အဖွဲ့နှင့် ကော်မတီတို့၏ တာဝန်နှင့် သက်တမ်းသည် ကောင်စီက သတ်မှတ်သည့်အတိုင်းဖြစ်သည်။

၂၃။ ကောင်စီသည် ကော်မတီနှင့်အဖွဲ့အသီးသီးကို လိုအပ်သလို ပြင်ဆင် ဖွဲ့စည်းနိုင်သည်။ ယင်းတို့အတွက် တာဝန်သတ်မှတ်ချက်များကို ပြင်ဆင် နိုင်သည်။ လုပ်ငန်းသဘာဝအရ လိုအပ်လျှင် ဆပ်ကော်မတီများ ဖွဲ့စည်း ပေးနိုင်သည်။

၂၄။ ကော်မတီ၊ အဖွဲ့နှင့် ဆပ်ကော်မတီများ၏ ဆောင်ရွက်မှုအခြေအနေ ကို ကောင်စီထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

၂၅။ ကောင်စီက ဖွဲ့စည်းတာဝန်ပေးသည့် ကော်မတီ၊ အဖွဲ့နှင့် ဆပ် ကော်မတီများတွင် ပါဝင်ဆောင်ရွက်ခြင်းကို နိုင်ငံ့တာဝန်ထမ်းဆောင် ခြင်းဟု မှတ်ယူရမည်။

အခန်း(၈)
ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများ

၂၆။ ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းများကို ကောင်စီမှဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေ ပုဒ်မ ၃၃ အရ ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင် စာရင်းကိုင်သင်တန်းကျောင်းများတွင် ဖွင့်လှစ်ရမည်။

၂၇။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲ အောင်မြင်သူများကို ဒီပလိုမာစာရင်းကိုင်အောင်လက်မှတ် အပ်နှင်းရမည်။

၂၈။ ကောင်စီသည် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲ အောင်မြင်သူများကို လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် အပ်နှင်းရမည်။

၂၉။ ကောင်စီသည် -

(က) စာရင်းကိုင်သင်တန်းများ တက်ရောက်ခွင့်အတွက် သင်တန်းဝင် ခွင့် စာမေးပွဲကျင်းပခြင်း သို့မဟုတ် သင်တန်းဝင်ခွင့် အရည် အချင်းကန့်သတ်ခြင်းနှင့် စိစစ်ခြင်းကို လိုအပ်သလို ပြုလုပ် နိုင်သည်။

(ခ) သင်တန်းစည်းကမ်းများကို ချမှတ်နိုင်သည်။

(ဂ) သင်တန်းစည်းကမ်းဖောက်ဖျက်ခြင်းအတွက် သက်ဆိုင်ရာ သင်တန်းမှ ထုတ်ပယ်သည်အထိ အရေးယူနိုင်သည်။

(ဃ) မမှန်ကန်သည့်အချက်များဖြင့် သင်တန်းဝင်ခွင့်လျှောက်ထား ကြောင်း ပေါ်လွင်ထင်ရှားပါက သင်တန်းဝင်ခွင့်ငြင်းပယ်ခြင်း သို့မဟုတ် သင်တန်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် အပ်နှင်းထား ပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုနိုင် သည်။

(င) မမှန်ကန်သည့်နည်းလမ်းဖြင့် စာမေးပွဲဖြေဆိုကြောင်း ပေါ်လွင် ထင်ရှားပါက ဖြေဆိုထားသည့်စာမေးပွဲတွင် ကျရှုံးအဖြစ် သတ်မှတ်ခြင်း၊ နောင်စာမေးပွဲ၌ ဖြေဆိုခွင့်ပိတ်ပင်ခြင်း၊ အပ်နှင်း ထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း(၉)
ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များမှတ်ပုံတင်ခြင်း

၃၀။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်)အဖြစ် မှတ်ပုံတင်ရန်လျှောက်ထားခြင်း သို့မဟုတ် သက်တမ်း တိုးခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီစိစစ်၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

၃၁။ ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ စာမေးပွဲအောင်လက်မှတ်

စာမျက်နှာ ဂသို့

စာမျက်နှာ ၁ မှ

ပယ်ဖျက်ခံရသူအား သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ နုတ်ပယ်ရမည်။

၃၂။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်)အဖြစ် ကောင်စီက အသိအမှတ်ပြုထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည်-

(က) အသင်းတွင် အသင်းဝင်အဖြစ် မှတ်ပုံတင်ပြီး ဖြစ်ရမည်။

(ခ) အသင်း၏ စာရင်းပညာနှင့် စာရင်းပညာလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဂ) မိမိ၏ စာရင်းပညာရှင်အဆင့်ကို ထိန်းသိမ်းရန်အလို့ငှာ တိုးတက်ပြောင်းလဲနေသည့် စာရင်းပညာရပ်များကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာဆည်းပူးရန်တာဝန်ရှိသည်။

(ဃ) စာရင်းပညာရှင်ဆိုင်ရာ ကျင့်ဝတ်သိက္ခာကို လိုက်နာစောင့်ထိန်းရမည်။

(င) စာရင်းလုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းကမ်းများ၊ စံများကို လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(စ) အသင်းတွင် အသင်းဝင်ဖြစ်သူသာ "လက်မှတ်ရပြည်သူ့စာရင်းကိုင်"သို့မဟုတ် "စီပီအေ" သို့မဟုတ် "CPA" ဘွဲ့ဖော်ပြချက်ကို မိမိအမည်နှင့် တွဲစပ်သုံးစွဲခွင့်ရှိသည်။

အခန်း(၁၀)
ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ

၃၃။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုနိုင်သည်။

၃၄။ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးရေးအတွက် စိစစ်ရေးမူနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း မှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ချမှတ်ရမည်။

၃၅။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် ကထိကနှင့် နည်းပြအဖြစ် ဆောင်ရွက်သူများအတွက် ပြည့်စုံရမည့်အရည်အချင်းနှင့် အတွေ့အကြုံလိုအပ်ချက်ကို ကောင်စီကသတ်မှတ်နိုင်သည်။

၃၆။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ကထိကနှင့်နည်းပြများသည် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၃၇။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ကထိကနှင့် နည်းပြများ မှတ်ပုံတင်ခြင်းအတွက် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ကောင်စီက ချမှတ်ရမည်။

၃၈။ ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း၏ တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ရမည်။

၃၉။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့် စပ်လျဉ်းသည့် ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားခြင်းကို ခိုင်လုံသောအကြောင်း အချက်အရ ငြင်းပယ်နိုင်ခြင်း၊

(ခ) သင်တန်းကျောင်း၏ သင်ကြားပို့ချမှုကိုစိစစ်ခြင်း၊ ဆောင်ရွက်ရန် လိုအပ်ချက်အတွက် လမ်းညွှန်ခြင်း၊

(ဂ) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ရာတွင် ပြုပြင်ဆောင်ရွက်ရန် သို့မဟုတ် ဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်ချက်ရှိကြောင်း တွေ့ရှိရလျှင် သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ကို ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်သိမ်းခြင်း၊

(ဃ) ထိုသို့ ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်သိမ်းခြင်းခံရသည့် သင်တန်းကျောင်းက ပြုပြင်ဆောင်ရွက်ပြီးဖြစ်၍ သို့မဟုတ် ဖြည့်စွက်ဆောင်ရွက်ပြီးဖြစ်၍ ပြန်လည်ဖွင့်ခွင့်ပေးပါရန်လျှောက်ထားလာပါက စိစစ်၍ပြန်လည်ဖွင့်ခွင့်ပေးခြင်း၊

(င) သင်တန်းကျောင်းအလိုက်မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးနှုန်းများ သတ်မှတ်ခြင်း၊ နှုန်းများပြင်ဆင်ခြင်း၊ လျှော့နှုန်းဖြင့်ခွင့်ပြုခြင်း၊

(စ) သင်တန်းသားမှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးများ သတ်မှတ်ခြင်း၊ သတ်မှတ်ချက်ကို ပြင်ဆင်ခြင်း၊ အခကြေးကို လျှော့နှုန်းဖြင့်ခွင့်ပြုခြင်း။

၄၀။ ကောင်စီသည် စာဖြေဌာနများ သတ်မှတ်ခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရမည်။

အခန်း(၁၁)
စာရင်းကိုင်အလုပ်သင်လက်တွေ့ဆောင်ရွက်ခြင်း

၄၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ သင်ကြားလေ့ကျင့်ခြင်းတွင် စာရင်းလုပ်ငန်း လက်တွေ့လုပ်ကိုင်ရသည့် စာရင်းကိုင် အလုပ်သင် အစီအစဉ်ပါဝင်ရမည်။

၄၂။ ကောင်စီသည် ပြည့်မြောက်ရမည့် စာရင်းကိုင်အလုပ်သင်လုပ်သက်ကို သတ်မှတ်ရမည်။

၄၃။ ကောင်စီသည် စာရင်းကိုင်အလုပ်သင်အစီအစဉ်အတွက် အောက်ဖော်ပြပါအချက်များကို သတ်မှတ်ထုတ်ပြန်ရမည်-

(က) အလုပ်သင်ကြားပေးနိုင်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များနှင့် အလုပ်သင်ကြားပေးနိုင်သည့်လုပ်ငန်းအဖွဲ့အစည်းများ၊

(ခ) အလုပ်သင်စည်းကမ်းများ၊

(ဂ) အလုပ်သင်စာချုပ်ပုံစံ၊

(ဃ) သင်ကြားရန်လိုအပ်သည့် စာရင်းအလုပ်များ။

၄၄။ ကောင်စီက တာဝန်လွှဲအပ်သည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်သည် စာရင်းကိုင်အလုပ်သင်ကြားမှုများကို အခါအားလျော်စွာ သွားရောက် စစ်ဆေးနိုင်သည်။

၄၅။ ကောင်စီသည် စာရင်းကိုင်အလုပ်သင်၏ အလုပ်သင်စည်းကမ်းချိုးဖောက်မှုနှင့်စပ်လျဉ်း၍ စာရင်းကိုင်အလုပ်သင်အဖြစ်မှ ထုတ်ပယ်သည်အထိ အရေးယူနိုင်သည်။

အခန်း(၁၂)
နိုင်ငံခြားစာရင်းပညာလက်မှတ်ရသူနိုင်ငံသားကိုအသိအမှတ်ပြုခြင်း

၄၆။ နိုင်ငံအများကအသိအမှတ်ပြုထားသည့် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာရှင်လက်မှတ်တစ်ခုခုကို ရရှိထားသူနိုင်ငံသားအား လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)အဖြစ် သတ်မှတ်ချက်များနှင့်အညီ ကောင်စီက အသိအမှတ်ပြုနိုင်သည်။ ကောင်စီကအသိအမှတ်ပြုသည့် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် လက်မှတ်အမည်စာရင်းများကို ကောင်စီက ထုတ်ပြန်ကြေညာရမည်။

၄၇။ ကောင်စီသည် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာရှင်လက်မှတ်ရသူ နိုင်ငံသားကို အသိအမှတ်ပြုရေးအတွက် လျှောက်လွှာစိစစ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ လိုအပ်ပါက စာရင်းပညာ လက်တွေ့သင်ယူစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ ကောင်စီသည် -

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် လျှောက်ထားခြင်းကို ခိုင်လုံသောအကြောင်းအချက်အရ ငြင်းပယ်နိုင်သည်။

(ခ) အသိအမှတ်ပြုပြီးနောက် မမှန်ကန်သည့် အထောက်အထားဖြင့် လျှောက်လွှာတင်ပြခဲ့သည်ဟု သိရှိရလျှင် အသိအမှတ်ပြုချက်ကိုပယ်ဖျက်သည့်အပြင် ထိုပုဂ္ဂိုလ်အား နာမည်ပျက်စာရင်းသွင်း မှတ်တမ်းတင်ရမည်။

၄၉။ ပုဒ်မ ၄၆ အရ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် ကောင်စီက အသိအမှတ်ပြုထားသူသည် ပုဒ်မ ၃၂ ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

အခန်း(၁၃)
စာရင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း

၅၀။ အစိုးရကဏ္ဍစာရင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်း နယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့်စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုစည်းရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကဌာန အဖွဲ့အစည်းအသီးသီးသည် စာရင်းပညာဘွဲ့သို့မဟုတ် စာရင်းပညာလက်မှတ်ရဝန်ထမ်း ခန့်ထားမှုအခြေအနေ နှစ်စဉ်ပြန်တမ်းကို သတ်မှတ်ထားသည့်အတိုင်း ကောင်စီထံတင်ပြရမည်။

၅၁။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူများသည် စာရင်းလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့်စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများအတွက် အသင်း၏စည်းမျဉ်းနှင့်အညီ အသင်းတွင် မှတ်ပုံတင်ရန် တာဝန်ရှိသည်။

၅၂။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) လက်မှတ်ရသူများသည် ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် သင်ကြားမှုစာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ သင်ကြားမှုစာရင်း လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၅၃။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) လက်မှတ်ရသူများသာ ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့်အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၅၄။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင် သက်တမ်းတိုးရန်လျှောက်ထားသူ ပုဂ္ဂိုလ်အလိုက်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းအလိုက်ဖြစ်စေ ပြည့်စုံရမည့် လက်တွေ့လုပ်ငန်းအတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့်လုပ်ငန်းနည်းစနစ်ပုံစံနှင့် အခြားလိုအပ်ချက်များကို လုပ်ငန်းအမျိုးအစားအလိုက် ကောင်စီက သတ်မှတ်နိုင်သည်။

၅၅။ ကောင်စီသည် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားသူ၏ လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူကို-

(က) မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

(ခ) သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး သို့မဟုတ် သက်တမ်းတိုးကြေးကို ပေးသွင်းစေရမည်။

(ဂ) သက်ဆိုင်ရာမှတ်ပုံတင်တွင် အမည်စာရင်းရေးသွင်းပြီး သင်ကြားမှုစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် သို့မဟုတ် အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၅၆။ လိုအပ်ပါက ကောင်စီသည် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို အတန်းအစား သို့မဟုတ် အမျိုးအစားများ ခွဲခြားသတ်မှတ်နိုင်သည်။ လုပ်ကိုင်ခွင့်လက်မှတ် အတန်းအစား သို့မဟုတ် အမျိုးအစားအလိုက် လိုက်နာရမည့်အချက်များနှင့် ဆောင်ရွက်ခွင့်မရှိသည့်လုပ်ငန်းများကို ကောင်စီက ချမှတ်ပေးနိုင်သည်။

၅၇။ စာရင်းလုပ်ငန်း လုပ်ကိုင်သူအတန်းအစားအလိုက် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ ဖွဲ့စည်းတည်ထောင်မှုများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၈။ ကောင်စီသည်ပုဒ်မ ၅၂ နှင့် ပုဒ်မ ၅၃ တို့အရ လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်းအတွက်မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ကိုငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များ ကိုက်ညီအောင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်။

၅၉။ ကောင်စီတွင် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ထားသူသည်ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

အခန်း(၁၄)
ခွင့်ပြုထားသည့်နိုင်ငံခြားသားစာရင်းပညာရှင်အား စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း

၆၀။ အောက်ဖော်ပြပါပြဋ္ဌာန်းချက် သို့မဟုတ် သဘောတူညီထားချက် သို့မဟုတ် အစီအမံတစ်ရပ်ရပ်နှင့် အကျုံးဝင်ကိုက်ညီသည့် နိုင်ငံခြားသားစာရင်းပညာရှင်များသာလျှင် မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် ကောင်စီထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရတို့ချုပ်ဆိုသော စာချုပ်ပါ အချက်အရ ခွင့်ပြုနိုင်ခြင်း၊

(ခ) မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံချင်း သို့မဟုတ် မြန်မာနိုင်ငံအပါအဝင်နိုင်ငံအများ စာရင်းပညာအဖွဲ့အစည်းများ အပြန်အလှန်အသိအမှတ်ပြုခြင်း သဘောတူညီချက် အစီအမံများအရ ခွင့်ပြုနိုင်ခြင်း။

၆၁။ ပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်အရ လျှောက်ထားသည့် နိုင်ငံခြားသားစာရင်းပညာရှင်သည် အောက်တွင်ဖော်ပြသည့် အချက်များကို ပြည့်စုံခိုင်လုံသည့် အထောက်အထားဖြင့် ဦးစွာတင်ပြရမည်-

(က) မိမိသည် နိုင်ငံရင်းအမျိုးသား စာရင်းပညာရှင်အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသော စာရင်းပညာရှင်လက်မှတ်နှင့် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် ရရှိထားသူဖြစ်ခြင်း၊

(ခ) မိမိနိုင်ငံ၏အမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းက မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသားလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များကို အသိအမှတ်ပြုထားပြီးဖြစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသားလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် မိမိနိုင်ငံသားများနည်းတူ စာရင်းလုပ်ငန်းများကို မိမိနိုင်ငံတွင် လုပ်ကိုင်ခွင့်ရှိခြင်း။

၆၂။ ပုဒ်မ ၆၁ ပါ ပြဋ္ဌာန်းချက်အရတင်ပြချက်များ မှန်ကန်မှု၊ ခိုင်လုံမှုမရှိဟု ယူဆရလျှင် ထိုနိုင်ငံခြားသားစာရင်းပညာရှင်၏တင်ပြချက် သို့မဟုတ် လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

၆၃။ ပုဒ်မ ၆၁ ပါပြဋ္ဌာန်းချက်အရ တင်ပြချက်များ မှန်ကန်ကြောင်း ခိုင်လုံလျှင် ထိုနိုင်ငံခြားသား စာရင်းပညာရှင်အား မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် ကောင်စီထံ အောက်ပါ အထောက်အထား စာရွက်စာတမ်းများနှင့်တင်ပြလျှောက်ထားစေရမည်-

(က) သက်ဆိုင်ရာအဖွဲ့အစည်းကထုတ်ပေးသည့် မြန်မာနိုင်ငံ ပြည်ဝင်ခွင့်နှင့် နေထိုင်ခွင့်ပြုကြောင်း အထောက်အထား စာရွက်စာတမ်းများ၊

(ခ) လျှောက်ထားသူ၏ နိုင်ငံကူးလက်မှတ်မူရင်းနှင့် ၄င်းမိတ္တူ၊

(ဂ) လျှောက်ထားသူ၏ နိုင်ငံရင်းအမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းက ထုတ်ပေးသည့် စာရင်းပညာအောင်လက်မှတ်မူရင်းနှင့် ၄င်းမိတ္တူ၊

(ဃ) လျှောက်ထားသူ၏ နိုင်ငံရင်းအမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းက ထုတ်ပေးသည့် ထိုနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်၊

(င) ကောင်စီက လိုအပ်ချက်အရ တင်ပြရန်သတ်မှတ်သည့် စာရွက်စာတမ်းများ။

၆၄။ ပုဒ်မ ၆၃ အရ တင်ပြချက်များ ပြည့်စုံခိုင်လုံပါက အဆိုပါ နိုင်ငံခြားသား စာရင်းပညာရှင်ကို လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် ပုဒ်မ ၄၇ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်စိစစ်ဆောင်ရွက်ရမည်။

၆၅။ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုခြင်းခံရသူသည် သတ်မှတ်သည့် မှတ်ပုံတင်ကြေးပေးသွင်းလျက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၆၆။ ကောင်စီ၏ခွင့်ပြုချက်လက်မှတ်ရရှိပြီးလျှင် အဆိုပါနိုင်ငံခြားသား စာရင်းပညာရှင်သည် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းစည်းမျဉ်းများနှင့်အညီ ထိုအသင်း၌အသင်းဝင်ရမည်။

၆၇။ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်ခွင့်ရရှိသော နိုင်ငံတကာစာရင်းလုပ်ငန်းအဖွဲ့အစည်းများသည် စာရင်းလုပ်ငန်းကို ကောင်စီကသတ်မှတ်သည့် ဖွဲ့စည်းမှုပုံစံဖြင့်သာ ဆောင်ရွက်ရမည်။ စာရင်းလုပ်ငန်းကို ထိုဖွဲ့စည်းမှုပုံစံဖြင့် ဆောင်ရွက်ခွင့်ရရန် စည်းမျဉ်းနှင့်အညီ ကောင်စီထံ လျှောက်ထားရမည်။

၆၈။ ကောင်စီသည် ပုဒ်မ ၆၇ အရ လျှောက်ထားခြင်းကိုစိစစ်၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုးလျှောက်ထားခြင်းကို စည်းမျဉ်းနှင့်အညီ စိစစ်ပြီးခွင့်ပြုနိုင်သည်။

အခန်း(၁၅)
ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

၆၉။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည်လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို စာရင်းကာလ သို့မဟုတ် ဘဏ္ဍာရေးနှစ်အလိုက် သင့်တင့်လျောက်ပတ်စွာ သို့မဟုတ် အရှိအရင်းအတိုင်းပြည့်စုံမှန်ကန်စွာ အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။ ထိုအတွက် လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီက ချမှတ်ပြဋ္ဌာန်းသည့် စာရင်းကိုင်စံ၊ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ပြုစုထုတ်ပြန်ရန် စီမံဆောင်ရွက်ရမည်။

စာမျက်နှာ ဃ သို့

ဥပဒေကြော်ငြာ

စာမျက်နှာ ၈ မှ

၇၀။ အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရမှုရှိသည့် ဘဏ္ဍာရေးရှင်းတမ်းများဖြင့် ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စေရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးသည်အောက်တွင်ဖော်ပြသည့်အတိုင်း တာဝန်ခံဆောင်ရွက်ရမည်-

(က) စာရင်းပညာရှင် သို့မဟုတ် စာရင်းကျွမ်းကျင်သူများသာ လုပ်ငန်းအဖွဲ့အစည်းတစ်ခုခု၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ လုပ်ငန်းအလိုက်လိုအပ်သည့် စာရင်းရှင်းတမ်းများ ပြုစုရေးဆွဲသူ၊ လက်မှတ်ရေးထိုးအတည်ပြုသူအဖြစ် တာဝန်ခံခြင်း၊

(ခ) လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုတင်ပြသူအဖြစ် တာဝန်ခံခြင်း၊

(ဂ) ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်အဖြစ်ဆောင်ရွက်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် အစိုးရစာရင်းစစ်သည် အဆိုပါဘဏ္ဍာရေးရှင်းတမ်းများ၏ သင့်တင့်လျောက်ပတ်စွာဖော်ပြမှုအပေါ် ထင်မြင်ယူဆချက်ထုတ်ဖော်တင်ပြသူအဖြစ် တာဝန်ခံခြင်း။

၇၁။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီက ချမှတ်ထားသည့် ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ တင်ပြရေးအတွက် အောက်ဖော်ပြပါ လိုအပ်ချက်များကို လုပ်ငန်းအဖွဲ့အစည်း၏သဘောသဘာဝ၊ အရွယ်အစား၊ အနေအထားတို့နှင့် ကိုက်ညီဆီလျော်အောင် စီမံဆောင်ရွက်ရမည်-

(က) စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းအတွက် လုံလောက်သည့် စာရင်းကျွမ်းကျင်သူ၊ စာရင်းပညာရှင်အင်အားဖြင့် ဖွဲ့စည်းတာဝန်ပေးရန်၊

(ခ) အဆိုပါ စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းတာဝန်များမှ သီးခြားကင်းလွတ်သည့် လွတ်လပ်သော ဌာနတွင်းစာရင်းစစ်ဆေးခြင်း အစီအမံကို ချမှတ်ဆောင်ရွက်ရန်။

၇၂။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် စာရင်းများ၏ သင့်တင့်လျောက်ပတ်စွာ ဖော်ပြချက်ကို ထိခိုက်ပျက်ပြားအောင် စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်း တာဝန်ခံဆောင်ရွက်သူများအပေါ် မလျော်သြဇာသုံး၍ စွက်ဖက်ညွှန်ကြားခြင်းမပြုရ။

၇၃။ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (က) ပါ တာဝန်ထမ်းဆောင်သော စာရင်းပညာရှင် သို့မဟုတ် စာရင်းကျွမ်းကျင်သူသည် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ ကောင်စီတွင်မှတ်ပုံတင်ရမည်။

၇၄။ ကောင်စီသည် ပုဒ်မ ၆၉ မှ ပုဒ်မ ၇၂ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူများအား လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းထံသို့ အကြောင်းကြားရမည်။

အခန်း(၁၆)

စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းကိုင်အလုပ်သင်များ၏တာဝန်၊ ကျင့်ဝတ်သိက္ခာနှင့် ရပိုင်ခွင့်များ

၇၅။ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်)များသည် အောက်ပါတာဝန်များရှိသည်-

(က) မိမိတာဝန်ယူဆောင်ရွက်သည့် စာရင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှန်ကန်ဆုံး ဖြစ်နိုင်ရေးအတွက် ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ နိုင်ငံတကာတွင် လက်ခံကျင့်သုံးသည့် စာရင်းကိုင်စံများ၊ စာရင်းစစ်စံများကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) မိမိအား ကောင်စီကပေးအပ်သည့် စာရင်းပညာဆိုင်ရာ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခြင်း။

၇၆။ စာရင်းကိုင်အလုပ်သင်များသည် အောက်ပါတာဝန်များရှိသည်-

(က) ကောင်စီကချမှတ်ထားသောစာရင်းကိုင်အလုပ်သင်ဆိုင်ရာ စည်းကမ်းများကိုလိုက်နာရမည်။

(ခ) စာရင်းကိုင်အလုပ်သင်ကြားပေးသည့်စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရအဖွဲ့အစည်းက ချမှတ်ထားသော စာရင်းကိုင်အလုပ်သင်ဆိုင်ရာ၊ အလုပ်ခွင်ဆိုင်ရာ စည်းကမ်းများကို လိုက်နာရမည်။

၇၇။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့်မညီသည့် အောက်ပါအပြုအမူများအပြင် ကောင်စီကထုတ်ပြန် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ စာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာမညီသည့် အပြုအမူများကို မပြုလုပ်ရ-

(က) မိမိ၏စာရင်းလုပ်ငန်းအတွက် အများသိရှိစေရန် ကြော်ငြာရာတွင် မိမိကိုယ်တိုင် တာဝန်ခံဆောင်ရွက်ပေးနိုင်သည်ထက် သို့မဟုတ် မိမိတွင်ရှိသော အရည်အချင်း သို့မဟုတ် အတွေ့အကြုံထက် ပိုမိုထုတ်ဖော်ခြင်း၊ အခြားစာရင်းလုပ်ငန်းလုပ်ကိုင်သူအား ထိခိုက်နစ်နာစေသည့် အချက်အလက်ဖြင့် မိမိလုပ်ငန်းကို ကြော်ငြာခြင်း၊

(ခ) အမြတ်ရာခိုင်နှုန်းပေါ်တွင်အခြေတည်၍ လုပ်ခငွေ တောင်းယူခြင်း၊

(ဂ) ကောင်စီကလိုအပ်၍ တောင်းဆိုသည့် စာရင်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို တင်ပြပေးရန် ပျက်ကွက်ခြင်း၊

(ဃ) မိမိတစ်ဦးတည်းသာ သိရှိစေသောအကြောင်းအချက်များကို အလုပ်ရှင်၏ခွင့်ပြုချက်မရဘဲ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မဟုတ်ဘဲ အခြားသူထံ ထုတ်ဖော်အသိပေးခြင်း၊

(င) မိမိအားပေးအပ်သည့် စာရင်းပညာဆိုင်ရာ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ထိုက်သင့်သောသတိမထားရှိဘဲ ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)ပါလုပ်ငန်းများကို စာရင်းလုပ်ငန်း လုပ်ကိုင်သူ မဟုတ်သူများနှင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) ယခင်စာရင်းစစ်အဖြစ်ဆောင်ရွက်ခဲ့သူနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲထိုစာရင်းစစ်ရာထူးကို လက်ခံခြင်း သို့မဟုတ် အခြားသူတစ်ဦး ဆောင်ရွက်နေသည့် စာရင်းလုပ်ငန်းကို မိမိအတွက်တောင်းယူခြင်း၊

(ဇ) စာရင်းစစ်များ ခန့်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် သက်ဆိုင်ရာအခြားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်းမရှိသည့် ခန့်ထားမှုကို လက်ခံဆောင်ရွက်ခြင်း၊

(ဈ) ကုမ္ပဏီညွှန်းတမ်းတွင်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ပုံနှိပ်ထုတ်ဝေရန် အနာဂတ်အမြတ်ငွေကို ခန့်မှန်းတွက်ချက် အတည်ပြုပေးခြင်း သို့မဟုတ် တစ်နှစ်စီအတွက် အရှုံးအမြတ်များကို သီးခြားဖော်ပြခြင်းမပြုဘဲ တစ်နှစ်ထက်ပိုသော နှစ်များအတွက် ပျမ်းမျှအမြတ်ငွေရှင်းတမ်းများကို ပုံနှိပ်ထုတ်ဝေရန်အတည်ပြုပေးခြင်း၊ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ ရေးဆွဲတင်ပြရမည့်ကိစ္စရပ်များနှင့်သက်ဆိုင်ခြင်း မရှိစေရ၊

(ည) လုပ်ငန်းရှင်က ယုံမှတ်အပ်နှံထားသည့် ငွေကြေးများကို ကိုင်တွယ်ခန့်ခွဲရပါက ယင်းငွေကြေးများကို စနစ်တကျ သုံးစွဲခန့်ခွဲကြောင်း သိသာပေါ်လွင်စေရေးအတွက် လိုအပ်သော စာရင်းမှတ်တမ်းများ၊ သီးခြားဘဏ်စာရင်းများ ဖွင့်လှစ်ထိန်းသိမ်းရန် ပျက်ကွက်ခြင်း၊

(ဋ) ရည်ရွယ်ချက် တစ်စုံတစ်ရာဖြင့် လုပ်ငန်း၏အမြတ် သို့မဟုတ် အရှုံးကို မမှန်မကန်ဖော်ပြခြင်း၊ ထိုသို့ဖော်ပြထားကြောင်း စစ်ဆေးတွေ့ရှိချက်ကို ထုတ်ဖော်တင်ပြရန် ပျက်ကွက်ခြင်း။

၇၈။ စာရင်းကိုင်အလုပ်သင်သည် စာရင်းပညာလုပ်ငန်းသင်ယူရာတွင် မိမိထိန်းသိမ်းရမည့် ကျင့်ဝတ် သိက္ခာများနှင့်မညီသော အောက်ပါ အပြုအမူတို့ကို မပြုလုပ်ရ -

(က) လက်တွေ့အလုပ်သင်ဆင်းသည့် ကာလအတွင်း သက်ဆိုင်ရာ အလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းက ပေးအပ်သည့် လုပ်ငန်းများကို လိုလားစွာ၊ သစ္စာရှိစွာနှင့် ကျေပွန်စွာ ထမ်းဆောင်မှုမရှိခြင်း၊

(ခ) လက်တွေ့အလုပ်သင်ဆင်းသည့် ကာလအတွင်း သက်ဆိုင်ရာ အလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းကချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဂ) သက်ဆိုင်ရာအလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်း၏ စာရင်းများ၊ စာရွက်စာတမ်းများ၊ ပိုင်ဆိုင်မှုများကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ အလွဲသုံးခြင်း၊ ခွင့်ပြုချက်မရရှိဘဲ မိတ္တူကူးယူခြင်း၊

(ဃ) မိမိလုပ်ကိုင်ခဲ့သော အလုပ်သင်လုပ်ငန်းနှင့် ပတ်သက်သည့် စာရင်းများ၊ သတင်းအချက်အလက်များကို ပြင်ပသို့ ပေါက်ကြားစေခြင်း။

၇၉။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ယင်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သင့်တင့်မျှတသော လုပ်ခကို တောင်းခံပိုင်ခွင့်ရှိသည်။

(ဂ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

အခန်း(၁၇)

စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းကိုင်အလုပ်သင်များအား အရေးယူခြင်း

၈၀။ ကောင်စီသည် ပုဒ်မ ၇၅ နှင့် ပုဒ်မ ၇၆ တို့တွင် ပြဋ္ဌာန်းထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည့် သို့မဟုတ် ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့တွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသော စာရင်းလုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းကိုင် အလုပ်သင်အား စုံစမ်းစစ်ဆေးရန် ကောင်စီဝင် အနည်းဆုံး (၂) ဦး ပါဝင်သော အဖွဲ့ဝင် (၅) ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၈၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီက ဤကိစ္စရပ်အလို့ငှာ ကောင်စီဝင် (၅) ဦးဖြင့် ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တင်ပြရမည်။

၈၂။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်(ပြည့်)လက်မှတ် သို့မဟုတ် စာရင်းကိုင် အလုပ်သင်အဖြစ်ဆောင်ရွက်ခွင့်ကို ကာလအပိုင်းအခြား သတ်မှတ်၍ ရုပ်သိမ်းခြင်း၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်)လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ပယ်ဖျက်ခြင်း။

၈၃။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည့်ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ပုဂ္ဂိုလ်ကို ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဂ)ပါ ပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၈၄။ (က) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်)လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရသူသည် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ ပြန်လည်မှတ်ပုံတင်ခွင့် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ်ပြန်လည်ဆောင်ရွက်ခွင့်အတွက် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေ ပေးဆောင်စေပြီး ပြန်လည်မှတ်ပုံတင်ခွင့် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ပြန်လည် ဆောင်ရွက်ခွင့်ပြုနိုင်သည်။

အခန်း(၁၈)

အယူခံခြင်း

၈၅။ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပုဒ်မ ၈၂ သို့မဟုတ် ပုဒ်မ ၈၃ အရချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့အယူခံနိုင်သည်။

၈၆။ ကောင်စီသည် ပုဒ်မ ၈၅ အရ တင်သွင်းသည့်အယူခံမှုများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) အတည်ပြုခြင်း၊

(ခ) ပယ်ဖျက်ခြင်း၊

(ဂ) ပြင်ဆင်ခြင်း၊

(ဃ) ပြန်လည်စုံစမ်းစစ်ဆေးခြင်း။

၈၇။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၁၉)

တားမြစ်ချက်များ

၈၈။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှု အခြေအနေတို့ကို မမှန်မကန်ဖော်ပြခြင်းမပြုရ။

၈၉။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် စာရင်းများ၏သင့်တင့်လျောက်ပတ်စွာ ဖော်ပြချက်ကို ထိခိုက်ပျက်ပြားအောင် စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်း တာဝန်ခံ ဆောင်ရွက်သူများအပေါ် မလျော်သြဇာသုံး၍ စွက်ဖက်ညွှန်ကြားခြင်းမပြုရ။

၉၀။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့်မညီသည့် ဤဥပဒေ ပုဒ်မ ၇၇ ပါ ပြဋ္ဌာန်းချက်အပြင် ကောင်စီကထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ စာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာမညီသည့် အပြုအမူများကို မပြုလုပ်ရ။

၉၁။ မည်သူမျှအများနှင့်ဆိုင်သော စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်မရှိဘဲ အောက်ပါ စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ-

(က) အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီနှင့် အဖွဲ့အစည်းများတွင် ဥပဒေအရစစ်ဆေးရမည့် ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း။

၉၂။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်သိမ်းခြင်းခံရသူ သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း (၁၀) အတွင်း စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကောင်စီထံ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၉၃။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မည်သည့်စာရင်းဖော်ပြချက်၊ ကြေညာချက်၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင်မဆို မဟုတ်မမှန်သည့် အချက်ကို သိလျက်နှင့် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ထောက်ခံလက်မှတ်ရေးထိုးခြင်း မပြုရ။

၉၄။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိလုပ်ငန်း၏ အစုဝင်ကသော်လည်းကောင်း၊ မိမိ၏ဝန်ထမ်းကသော်လည်းကောင်း ကြီးကြပ်ကွပ်ကဲ၍ ပြည့်စုံစွာ စစ်ဆေးထားခြင်းမရှိသော လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း သို့မဟုတ် မည်သည့် စာရင်းဇယားကိုမျှအတည်ပြုမပေးရ သို့မဟုတ် မိမိကိုယ်စား လက်မှတ်ရေးထိုးခွင့်မပြုရ။

၉၅။ မည်သူမျှ ကောင်စီ၏ခွင့်ပြုချက်မရဘဲ ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် ကိုယ်ပိုင်သင်တန်းကျောင်း ဖွင့်လှစ်ခြင်း မပြုရ။

၉၆။ မည်သူမျှ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု၊ ဆန့်ကျင်ဖက်ဖြစ်မှု၊ လွတ်လပ်မှုကို ထိခိုက်စေမှု ဖြစ်စေသော လုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်းမပြုရ၊ ထိုသို့လက်ခံဆောင်ရွက်ရန် ခိုင်းစေခြင်းမပြုရ။

(ဆက်လက်ဖော်ပြပါမည်)